# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၈ ရက်၊ အင်္ဂါနေ့ အတွဲ (၆၀)၊ အမှတ် (၀၆၉)

# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့်မိန့်ခွန်း

အခုကိုဗစ်–၁၉ ရဲ့ နောက်ဆုံးအခြေအနေပြောရမယ်ဆိုရင် ရန်ကုန်တိုင်းကတော့ အထူးသတိထားရမယ်ဆိုတာ ကျွန်မအရင်လည်းပြောပြီးပါပြီ။ ထပ်လောင်းပြီးတော့လည်း ပြောချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခုရန်ကုန်တိုင်းမှာဆိုရင် အတည်ပြုလူနာအားလုံးပေါ့၊ ဒီရောဂါစပြီးဖြစ်ကတည်းက အတည်ပြုလူနာအားလုံးရဲ့ ၇၄ ရာခိုင်နှုန်းဟာ ရန်ကုန်တိုင်းကဖြစ်တာပါ။ နောက်ပြီးတော့ သေဆုံးသူအားလုံးရဲ့ ၈၂ ဒသမ ၇ ရာခိုင်နှုန်းဟာလည်း ရန်ကုန်တိုင်းကပဲ ဖြစ်ပါတယ်။ ဒါကြောင့် ရန်ကုန်တိုင်းက အထူးသတိထားဖို့လိုတယ်လို့ ကျွန်မတို့ ထပ်တလဲလဲပြောတာပါ။

ရန်ကုန်တိုင်းက လူဦးရေထူထပ်မှုကြောင့်ရော၊ အသွားအလာများတာကြောင့်ရော ရောဂါပြန့်ပွားတာတွေလည်း များတယ်ဆိုတာ ကျွန်မတို့လက်ခံပါတယ်။ ဒါပေမယ့်လည်း ပြည်သူလူထုရဲ့ စည်းကမ်းလိုက်နာမှုဟာလည်း အရေးပါပါတယ်။ ပြည်သူလူထုက စည်းကမ်းလိုက်နာမှုများလေလေ၊ ကောင်းလေလေ၊ အခြေအနေကကောင်းမှာပါ။ ဥပမာဆိုရင် မန္တလေးတိုင်းမှာဆိုရင်လည်း ကိုဗစ်ရောဂါဖြစ်ပွားမှုဟာ အရင်တစ်လလောက်က နည်းနည်းတက်လာတဲ့ အခြေအနေရှိပါတယ်။ သို့သော်ငြားလည်း ပြည်သူလူထုရဲ့ ပူးပေါင်းဆောင်ရွက်မှုကြောင့် အရင် ၁၄ ရက်လောက်အတွင်းမှာဆိုရင် အခြေအနေက ပိုကောင်းလာပါတယ်။ ထိန်းထားနိုင်တဲ့အဆင့်ကို ရောက်ပြီလို့ ပြောလို့ရပါတယ်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

> **“ အခုဆိုရင် ကာကွယ်ထိုးဆေးကို တချို့နိုင်ငံတွေမှာ စပြီးတော့ သုံးနေပါပြီ။ သုံးနေတယ်ဆိုတာ တချို့နိုင်ငံတွေမှာ ကျယ်ကျယ်ပြန့်ပြန့် ဒီအပတ်စပြီးတော့ သုံးတော့မယ်ဆိုပြီးတော့ ကြေညာထားတာရှိတယ်။ တချို့တွေက စပြီးတော့ တောင်မှ စမ်းပြီးတော့ သုံးနေပါပြီ။ ဒီတော့ ကျွန်မတို့နိုင်ငံဟာလည်း ကာကွယ်ဆေးရတဲ့အခါမှာ ကာကွယ်ဆေးသုံးလို့ အဆင်ပြေမယ့်အချိန်မှာဆိုရင် အမြန်ဆုံးစပြီးသုံးဖို့ ကျွန်မတို့ စီစဉ်နေပါပြီ”**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့အစီရင်ခံတင်ပြသည့် မိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်

**အမျိုးသားကျောင်းများနှင့် အမျိုးသားကျောင်းသားများ၏ လွတ်လပ်ရေး ကြိုးပမ်းမှု** စာ ၆-၇

**ဟီရိုရှီးမားတွင် ငှက်တုပ်ကွေးကြောင့် ကြက်အကောင်ရေ ၁၃၀၀၀၀ ကျော်ကို သုတ်သင်** စာ ၁၂

**ဗြိတိန်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံမည့်အစီအစဉ်အတွက် အင်တိုက် အားတိုက်ပြင်ဆင်လျက်ရှိ** စာ ၁၃

**မြန်မာနိုင်ငံသူ ၊ နိုင်ငံသားများအားလုံး COVID–19 ကပ်ရောဂါဘေးမှ အမြန်ဆုံးလွတ်ကင်းပါစေကြောင်း ဆုတောင်းမေတ္တာပို့ သအပ်ပါသည်...**

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

# ဆန္ဒ ဝီရိယ စိတ်ဓာတ် ပညာဖြင့်...

ဒီဇင်ဘာလ ၇ ရက်နေ့တွင် မြန်မာနိုင်ငံ၌ ကိုဗစ်ရောဂါပိုး ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း တစ်သိန်းကျော်သွားပြီ ဖြစ်ပါသည်။ ကိုဗစ်ကြောင့် သေဆုံးသူစုစုပေါင်းမှာလည်း ၂၁၀၀ ကျော်ရှိခဲ့ပြီ။ နိုင်ငံသား ပြည်သူလူထုအနေဖြင့် အလွန်အကြူး ထိတ်ထိတ်ပျာပျာ ဖြစ်သွားရန်မလိုဘူးဟု ဆိုနေရသည့်တိုင် လေးနက်သော အချက်ပေးခေါင်းလောင်းသံအဖြစ် မှတ်ယူကြရန်တော့ လိုပါပြီ။

ယခုသိရသည့် အဆိုပါပိုးကူးစက်မှုခံရသူ လူနာစုစုပေါင်း၏ ၇၄ ရာခိုင်နှုန်းသည် ရန်ကုန်တိုင်းဒေသကြီးက ဖြစ်ပါသည်။ ကိုဗစ်ရောဂါကြောင့်သေဆုံးသူလူနာ စုစုပေါင်း၏ ၈၂ ဒသမ ၇ ရာခိုင်နှုန်းမှာလည်း ရန်ကုန်တိုင်းဒေသကြီးကပင် ဖြစ်ပါ၏။

ယင်းအနေအထားပေါ်မူတည်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "ရန်ကုန်တိုင်းက အထူးသတိထားဖို့လိုတယ်လို့ ကျွန်မတို့ ထပ်တလဲလဲ ပြောတာပါ" ဟု ဆိုလိုက်ပါသည်။

ရန်ကုန်သည် မြန်မာနိုင်ငံတွင် လူဦးရေအများဆုံးမြို့၊ လှုပ်ရှားတက်ကြွအရှိဆုံးမြို့ဖြစ်သည့်အတွက် ရောဂါပိုးကူးစက်နိုင်မှုကလည်း အများဆုံး ဖြစ်နိုင်ခြေရှိသည်မှာ မှန်ပါသည်။ သို့သော်လည်း ဥပဒေလိုက်နာကြခြင်းဖြင့် လည်းကောင်း၊ စည်းကမ်းစည်းမျဉ်းများအတိုင်း ထိန်းသိမ်းကျင့်ကြံကြခြင်းဖြင့် လည်းကောင်း ရောဂါပိုးကူးစက်မှုကို များစွာကာကွယ်ထိန်းချုပ် နိုင်မည်မှာလည်း အမှန်ပင်ဖြစ်ပါသည်။ စည်းကမ်းလျော့ရဲမှု၊ ဥပဒေကို မထီမဲ့မြင်ပြုမှုတို့သည် ကာယကံရှင်အတွက်လည်း မည်သို့မျှ သက်သာလိမ့်မည်မဟုတ်သလို တစ်နိုင်ငံလုံး၏ အထွေထွေအခြေအနေကို ပိုမိုထိခိုက်နစ်နာစေမည်ကိုလည်း သတိပြုသင့်ကြပါသည်။

မြန်မာနိုင်ငံသာမက ကမ္ဘာ့နိုင်ငံအားလုံးလိုလိုပင် ယခု ၂၀၂၀ ပြည့်နှစ်၏ နှစ်ဆန်းမှသည် နှစ်ဆုံးထိတိုင် ကိုဗစ်ရောဂါနှင့် နပန်းလုံးနေခဲ့ကြရသည်။ အထူးသဖြင့်မူ နိုင်ငံရေးခေါင်းဆောင်များ၊ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုရေးရာ တာဝန်ရှိသူများ၊ ကျန်းမာရေးဆိုင်ရာ တတ်ကျွမ်းနားလည်သူ ပညာရှင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကျန်းမာရေးအကူနှင့် ပရဟိတသမားများ ဖြစ်၏။ နှစ်ပေါက်သည့်တိုင် ဆက်တိုက်တာဝန်ယူ အလုပ်လုပ်ကြရသဖြင့် အမှန်ပင် ပင်ပန်းလှ၊ နွမ်းနယ်လှပြီ။

မြန်မာနိုင်ငံသည် အစစအရာရာ နိမ့်ပါးနေရာက ပြန်လည်ကုန်းရုန်းထရန် ကြိုးစားနေရသည့် အချိန်ဖြစ်သည့်အတွက် ငွေအား၊ လူအား၊ ယန္တရားနှင့် အထောက်အကူပြု အဆောက်အအုံ အင်အား စသည့် ရင်းမြစ်မျိုးစုံ အားနည်းလျော့ပါးနေမှုများကြားက တတ်နိုင်သမျှ ရှိသမျှနှင့် အားသွန်ခွန်စိုက် ဆောင်ရွက်နေကြရပါသည်။

ဤဖိစီးမှုက လေးလံလှပါသည်။ ထို့ပြင် စီးပွားရေးလုပ်ငန်းအားလုံး ထိခိုက်နစ်နာနေပြီဖြစ်ပြီး အနာဂတ် စီးပွားရေးပြန်လည်ဦးမော့ရေး၊ နာလန်ထူရေးကို များစွာ အားထုတ်လုပ်ကိုင်ကြရဦးမှာဖြစ်ပါသည်။ သံသယလူနာများ၊ ကူးစက်ခံထားရသူလူနာများ၊ ရောဂါခံစားနေရသူများတို့အတွက် ကျန်းမာရေးစရိတ်ကလည်း စီးပွားရေးအကျပ်အတည်းကို ပိုမိုလေးလံစေဦးမည်ဖြစ်ပါသည်။

ယနေ့ကာလ အရေးကြီးဆုံးလုပ်ငန်းမှာ နိုင်ငံတွင်း ပိုးကူးစက်မှုနှုန်းကို လျှော့ချနိုင်ရေးဖြစ်ပါသည်။ ဤသည်မှာ အစိုးရ၊ စီမံခန့်ခွဲသူများနှင့် ကျန်းမာရေးပညာရှင်များသက်သက်ဖြင့် အောင်မြင်အောင် အကောင်အထည်ဖော်နိုင်မည် မဟုတ်ပါ။ ပြည်သူလူထု၏ပူးပေါင်းပါဝင်မှု များစွာလိုအပ်ပါသည်။ လက်ကို ရေ ဆပ်ပြာတို့ဖြင့် စနစ်တကျဆေးခြင်း၊ လူစုလူဝေး လုံးဝမပြုလုပ်ခြင်း၊ လူချင်းခွာ စကားပြောဆိုဆက်ဆံခြင်း၊ အိမ်တွင်း၌ အတတ်နိုင်ဆုံး နေခြင်း၊ မဖြစ်မနေထွက်ရလျှင် နှာခေါင်း ပါးစပ် အကာအကွယ်၊ မျက်နှာဖုံးတို့ကို တပ်ဆင်ခြင်းစသည့် အခြေခံများနှင့် အတူ ထုတ်ပြန်ကြေညာထားသော ဥပဒေစည်းကမ်းတို့ကို လိုက်နာရန် အထူးလိုပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် မြွက်ဆိုသကဲ့သို့ ဆန္ဒ၊ ဝီရိယ၊ စိတ်ဓာတ်၊ ပညာတို့က အရေးကြီးပါသည်။ အမှန်တကယ်ဖြစ်ချင်မှု လိုလားမှု၊ အားအင်စိုက်ထုတ်မှု၊ စိတ်ဓာတ်မြင့်မားမှုနှင့် ဘာလုပ်သင့်သည်၊ ဘာမလုပ်သင့်ဆိုသည်ကို ကောင်းစွာနားလည်သည့် ပညာဉာဏ်ဖြင့် ကျင့်ကြံဆောင်ရွက်ကြခြင်းဖြင့် ယနေ့ရင်ဆိုင်နေရသော ကပ်ရောဂါကို အောင်မြင်စွာကျော်လွှားနိုင်ကြမည်ဟု ယုံကြည်ပါကြောင်း။ ။

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| | အမည် | ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (က) | ဒေါက်တာ နီနီဦး | ပါမောက္ခချုပ် မြိတ်တက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန |
| (ခ) | ဒေါက်တာ ကျော်ထွန်း | ပါမောက္ခချုပ် လားရှိုးတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန |
| (ဂ) | ဒေါက်တာ အောင်ဝင်း | ပါမောက္ခချုပ် နည်းပညာတက္ကသိုလ် (ရတနာပုံဆိုက်ဘာစီးတီး) အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန |
| (ဃ) | ဒေါက်တာ ခင်ထိုက်ထိုက်လွင် | ပါမောက္ခချုပ် နည်းပညာတက္ကသိုလ် (ကျောက်ဆည်) အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန |
| (င) | ဒေါက်တာ သန္တာသိန်း | ပါမောက္ခချုပ် ကွန်ပျူတာတက္ကသိုလ် (မအူပင်) အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန |
| (စ) | ဒေါ်ဖြူမာဝေ | ညွှန်ကြားရေးမှူးချုပ် တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန ပြည်ထောင်စုရှေ့နေချုပ်ရုံး |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်မာလာသန်းထိုက် ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၃၄) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၇**

ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ (၃၄) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်လယ်ယာ မြေစီမံခန့်ခွဲမှုအဖွဲ့များက ဒေသဆိုင်ရာအစိုးရအဖွဲ့ဝင်များ၏ကြီးကြပ်မှုဖြင့် ဒေသတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် တင်ပြလာသည့် လုပ်ငန်းစာတွဲများကို ဝိုင်းဝန်းစိစစ် အတည်ပြုခြင်း၊ သက်ဆိုင်ရာကော်မတီသို့ ပြန်လည်ပေးပို့ခြင်းများကို အချိန်ကြန့်ကြာမှုမရှိဘဲ ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသော်လည်း ယခု ကိုဗစ်-၁၉ ကပ်ရောဂါကာလတွင် ကျန်းမာရေးဆိုင်ရာ ကန့်သတ်ချက်အမျိုးမျိုးကြောင့် နှောင့်နှေးမှုအချို့ရှိခဲ့ကြောင်း၊ မိမိတို့ဘက်က အကြောင်းမဲ့ ကြန့်ကြာမှု မရှိစေဘဲ ဆောင်ရွက်ပေးနိုင်ခြင်းအားဖြင့် နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စများ၊ ဒေသတွင်းဖွံ့ဖြိုးရေးဆိုင်ရာ တည်ဆောက်ရေးကိစ္စရပ်များအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးနေခြင်း ဖြစ်ပါကြောင်း။

အဆိုပါ ကိစ္စအတွက်ကိုလည်း ပြည်ထောင်စုအစိုးရအဖွဲ့ ရုံး၏ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာ (၂၅)ရက်၊ ရက်စွဲဖြင့် နိုင်ငံတော်၏ ရေရှည်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စများ၊ ဒေသတွင်းဖွံ့ဖြိုးရေးဆိုင်ရာ တည်ဆောက်ရေးကိစ္စရပ်များအတွက် ကြန့်ကြာမှုမရှိစေဘဲ လျင်မြန်စွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် လိုအပ်ချက်များ ပြည့်စုံစွာတင်ပြနိုင်ရေးလုပ်ငန်းစဉ်ကို ပြည်ထောင်စုဝန်ကြီးဌာနအားလုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့အားလုံးသို့ ညွှန်ကြားပေးခဲ့ပြီးဖြစ်ကြောင်း၊ ယင်းညွှန်ကြားချက်အပေါ် နားလည်သဘောပေါက်ပြီး လိုက်နာဆောင်ရွက် တင်ပြလာပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ လိုလားချက်အတိုင်း လုပ်ငန်းများကို ယခုထက် ပိုမို၍ မှန်ကန်မြန်ဆန်စွာဖြင့် ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း။

သီးနှံစိုက်ပျိုးမှု ပြောင်းလဲစိုက်ပျိုးခွင့်နှင့် ပတ်သက်၍ ယခုပြောင်းလဲလာသော ရာသီဥတုနှင့်အညီ စိုက်ပျိုးလုပ်ကိုင်နိုင်ရေးနှင့် စိုက်ပျိုးသူတောင်သူလယ်သမားများ အကျိုးဖြစ်ထွန်းနိုင်မှုကို ဦးစားပေးဆန်းစစ်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ သို့မှသာ စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများအနေဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်မှု၏ အကျိုးကျေးဇူးကို ခံစားရရှိနိုင်မည် ဖြစ်ပါကြောင်း၊ ရှေးယခင်ကာလများက သိမ်းယူခဲ့သော လယ်ယာမြေများ၏ မြေလျော်ကြေး တွက်ချက်ရာတွင်လည်း သိမ်းဆည်းစဉ်ကာလက ဖြစ်ပေါ်ခဲ့သောဈေးနှုန်းကို စတင်အခြေခံစဉ်းစားကြရန် လိုအပ်ကြောင်း၊ ယခုအခါ ဒေသဖွံ့ဖြိုးလာမှုကြောင့် ဖြစ်ပေါ်လာသော ဈေးကွက်တစ်ခုတည်းကို အခြေခံစဉ်းစား၍ မသင့်ပါကြောင်း၊ တွက်ချက်မှု မှားယွင်းခြင်းကြောင့် နိုင်ငံတော်၏ ဘဏ္ဍာငွေကြေးများ လေလွင့်ဆုံးရှုံးမှု မဖြစ်စေရေးကို အထူးဂရုပြု စိစစ်ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက နိုင်ငံတော်၏ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန် သိမ်းယူခဲ့သည့် လယ်ယာမြေများအတွက် ဘဏ္ဍာနှစ်အလိုက် လျော်ကြေး၊ နစ်နာကြေး ပေးချေရမည့် လုပ်ငန်းကိစ္စရပ်များ၊ ဌာနဆိုင်ရာကိစ္စများ၊ သာသနာရေးဆိုင်ရာကိစ္စရပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဒေသတွင်းဖွံ့ဖြိုးမှုဆိုင်ရာ ကိစ္စရပ်များအတွက် လယ်ယာမြေအခြားနည်းသုံးစွဲခွင့် တောင်းခံလာမှုအပေါ် ဆွေးနွေးဆုံးဖြတ်ရမည့် အကြောင်းအရာများအား ဖတ်ကြားတင်ပြရာ အစည်းအဝေးတက်ရောက်လာကြသူများက လုပ်ငန်းတစ်ခုချင်းအပေါ် ဆွေးနွေး ဆောင်ရွက်ကြသည်။

လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြု ဆောင်ရွက်ခြင်းကြောင့် နယ်မြေဒေသအတွင်း ဖွံ့ဖြိုးမှုများ တိုးတက်ဖွံ့ဖြိုးလာမှု၊ စက်ရုံ၊ အလုပ်ရုံများ တိုးချဲ့ဆောက်လုပ်မှုကြောင့် နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအား တိုးတက်မြင့်မားလာမှုများရှိလာသော်လည်း လယ်ယာမြေများ လျော့ပါးသွားနိုင်မှုကြောင့် နိုင်ငံတော်၏ စားနပ်ရိက္ခာဖူလုံမှု မထိခိုက်စေရေးနှင့် စိုက်ပျိုးထုတ်လုပ်မှုစွမ်းအား တိုးတက်ရေးအတွက် မဖြစ်မနေခွင့်ပြုရမည့် ကိစ္စရပ်များအပေါ် အနည်းဆုံး လိုအပ်ချက်ကိုသာစိစစ်ပြီး ခွင့်ပြုပေးလျက်ရှိကြောင်း၊ အခြားတစ်ဖက်၌ လျော့နည်းဆုံးရှုံးသွားသော လယ်ယာမြေများအတွက် လယ်ယာမြေများကို အစားထိုး ဖော်ထုတ်နိုင်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများမှ စိုက်ပျိုးမှု တည်ငြိမ်မှုရှိလာသောမြေများကို လယ်ယာမြေအဖြစ် ပြောင်းလဲခြင်း နည်းလမ်းအပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက နည်းပေါင်းစုံဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူသာလျှင် အဓိက

- ကိုဗစ်ရောဂါထိန်းချုပ်တယ်ဆိုတာ ပြည်သူတွေတစ်ယောက်ချင်း၊ တစ်ယောက်ချင်း ကိုယ့်စိတ်ကိုယ်ကိုယ် ထိန်းချုပ်တာပါပဲ။ ရောဂါမဖြစ်အောင်နေပါ။ ကျွန်မတို့အစိုးရအနေနဲ့၊ နိုင်ငံတော်အနေနဲ့ကတော့ ကာကွယ်ဆေးကို အမြန်ဆုံးပြည်သူတွေဆီကိုရောက်အောင်လို့၊ ပြည်သူတွေကို ထိုးပေးနိုင်အောင်လို့ ကျွန်မတို့စီစဉ်ပါ့မယ်။
- နောက်ပြီးတော့လည်း ကျွန်မတို့ကနေပြီး ပြန်လည်ပြီးစီးပွားရေးလုပ်ငန်းတွေ ပြန်ပြီးလည်ပတ်နိုင်အောင်လို့၊ ကျွန်မတို့ရဲ့စီးပွားရေးပြန်ပြီး တိုးတက်လာနိုင်အောင်လို့ အရင်တုန်းကထက်တောင်မှ ပိုပြီးကောင်းသွားနိုင်အောင်လို့ဆိုပြီး ကျွန်မတို့ကြိုးစားပါမယ်။ အခုအချိန်မှာဆိုရင် ကိုဗစ်ရောဂါနောက်ပိုင်းအချိန်မှာ အရင်တုန်းက ရောဂါမဖြစ်ခင်တုန်းက အချိန်နဲ့စာလို့ရှိရင် မရှိခဲ့တဲ့ အခွင့်အရေးတွေ ကျွန်မတို့ရဖို့ ဖြစ်ပါတယ်။

❖ ရွှေဖုံးမှ

အဲဒီတော့ တိုင်းတိုင်း၊ ပြည်နယ်တိုင်းမှာလည်း ဒီလိုပဲ သက်ဆိုင်ရာအစိုးရများက ဦးဆောင်ပြီး ပြည်သူလူထုရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ ရောဂါကိုထိန်းထားဖို့ ကျွန်မတို့အားလုံး ကြိုးစားရမှာပါ။ ဒီသတင်းတွေကိုလိုက်ပြီးတော့ စုံစမ်းလေ့လာနားထောင်နေတဲ့ ပြည်သူတွေက သိပြီးသား ဖြစ်မှာပါ။

**ကာကွယ်ဆေးအမြန်ဆုံး စသုံးဖို့ စီစဉ်နေ**

အခုဆိုရင် ကာကွယ်ထိုးဆေးကို တချို့နိုင်ငံတွေမှာ စပြီးတော့ သုံးနေပါပြီ။ သုံးနေတယ်ဆိုတာ တချို့နိုင်ငံတွေမှာ ကျယ်ကျယ်ပြန့်ပြန့် ဒီအပတ် စပြီးတော့ သုံးတော့မယ်ဆိုပြီးတော့ ကြေညာထားတာရှိတယ်။ တချို့တွေက စပြီးတော့တောင်မှ စမ်းပြီးတော့ သုံးနေပါပြီ။ ဒီတော့ ကျွန်မတို့နိုင်ငံဟာလည်း ကာကွယ်ဆေးရတဲ့အခါမှာ ကာကွယ်ဆေးသုံးလို့ အဆင်ပြေမယ့်အချိန်မှာဆိုရင် အမြန်ဆုံးစပြီးသုံးဖို့ ကျွန်မတို့ စီစဉ်နေပါပြီ။ သို့သော်ငြားလည်း ပြည်သူလူထုအနေနဲ့ ဒီလိုကာကွယ်ဆေးရဲ့ အကျိုးသက်ရောက်မှုကို အပြည့်အဝခံစားဖို့ဆိုရင် အခုအချိန်မှာ သိပ်ပြီးတော့ သတိထားဖို့လိုတယ်။ ကျွန်မတို့ဘာဖြစ်လို့ ဒီလိုပြောရတာလဲဆိုရင် တချို့ကနေပြီးတော့ ကာကွယ်ဆေးရတော့မှာပဲဆိုပြီးတော့ ပေါ့သွားမှာကို ကျွန်မစိုးရိမ်ပါတယ်။ ဒီလိုပေါ့သွားလို့ မဖြစ်ပါဘူး။

ပထမဦးဆုံးအားဖြင့်ဆိုရင် ကျန်းမာရေးပညာရှင်တွေကလည်း အခု ထပ်တလဲလဲတော့ သတိပေးနေပါတယ်။ ကိုဗစ်ရောဂါဟာ ဘယ်လိုနောင်အတွက် အကျိုးဆက်တွေ ဘယ်လိုရှိလဲဆိုတာ ပြောလို့မရဘူးဆိုပြီးတော့ သူတို့ပြောပါတယ်။ ပြောချင်တာက ကိုဗစ်ရောဂါတစ်ခါဖြစ်ပြီးတာနဲ့ နောက်တစ်ခါမဖြစ်တော့ဘူးလား၊ နောက်ထပ်ဖြစ်နိုင်တဲ့ အလားအလာရှိလား၊ ဖြစ်နိုင်တဲ့အလားအလာ နောက်ထပ်ဖြစ်သည် ဖြစ်စေ၊ မဖြစ်သည် ဖြစ်စေ ကိုဗစ်ရောဂါ တစ်ခါဖြစ်သွားပြီဆိုရင် နောင်ကိုယ့်ရဲ့ကျန်းမာရေးအပေါ်မှာ ဘယ်လိုအကျိုးသက်ရောက်မှုရှိမလဲဆိုတာ သေသေချာချာပြောလို့ မရသေးပါဘူး။ ဒါဆရာဝန် အများစုကလည်း သိပြီးသားပါ။ တချို့ ကျွန်မတို့ပြည်သူတွေလည်း သိပြီးသားဖြစ်ပါလိမ့်မယ်။ ငယ်ငယ်တုန်းက ဒဏ်တွေဟာ တစ်ခါတလေ အသက်ကြီးမှ ပေါ်လာတာရှိပါတယ်။ ဥပမာဆို ငယ်ငယ်တုန်းက ထိခိုက်တဲ့ဟာလေး၊ ဘာမှမဟုတ်ဘူးလို့ ထင်တဲ့ဟာက အသက်ကြီးမှ အင်မတန်နာကျင်လာပြီးတော့ အသွားအလာမှာ ဒုက္ခဖြစ်စေတဲ့အထိ ဖြစ်တာတွေလည်း ဖြစ်နိုင်ပါတယ်။

**ကျန်းမာရေးအတွက် အရေးကြီး**

ဒါကြောင့် ကျန်းမာရေးနဲ့ပတ်သက်လို့၊ ရုပ်ပိုင်းဆိုင်ရာ ကောင်းမွန်မှုနဲ့ပတ်သက်လို့ ထိခိုက်တာလေးရှိသွားလို့၊ လွဲမှားသွားတာလေး ရှိသွားလို့ဆိုရင် ဘယ်အချိန် ဘယ်အခါမှာ ဒီဟာက အကျိုးသက်ရောက်မှုရှိမယ်ဆိုတာ ပြောလို့မရပါဘူး။ အဲဒါကတော့ ပထမဦးဆုံး အချက်ပေါ့။ ဒီအချိန်မှာ ပေါ့ပေါ့နဲ့နေပြီးတော့ ကာကွယ်ဆေးက မကြာခင်ရတော့မှာပဲ၊ ဒီအချိန် ရောဂါဖြစ်လို့လည်း အရေးမကြီးပါဘူးလို့မထင်ပါနဲ့။ အရေးကြီးပါတယ်။ ကိုယ့်ရဲ့နောင်ကျန်းမာရေးအတွက် အရေးကြီးပါတယ်။ ကိုယ့်ပတ်ဝန်းကျင်အတွက် အရေးကြီးပါတယ်။

**အောင်အောင်မြင်မြင်နဲ့ အဆုံးသတ်စေချင်**

နောက်တစ်ခုကတော့ အရင်အပတ်က ကျွန်မပြောထားတဲ့အတိုင်းပေါ့။ ကျွန်မတို့နိုင်ငံပြန်ပြီးတော့ စီးပွားရေးနာလန်ထောင်ဖို့အတွက်ကို အင်မတန်မှ အရေးကြီးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့က တခြားနိုင်ငံတွေနဲ့ ပြိုင်ပြီးတော့ စီးပွားရေးနာလန်ထူနိုင်အောင်လို့ အားလုံးလုပ်ရမှာပါ။ မလုပ်လို့လည်း မဖြစ်ပါဘူး။ တစ်ကမ္ဘာလုံးကလည်း လုပ်နေတာပါ။ အဲဒီတော့ ကျွန်မတို့က အားလုံးနဲ့ပြိုင်နိုင်ဖို့ဆိုရင် ကျွန်မတို့ရဲ့ အလုပ်စွမ်းအားတွေဟာ အပြည့်အဝရှိဖို့ လိုပါတယ်။ ကျွန်မတို့ရဲ့ ပြည်သူတွေဟာ အပြည့်အဝ ဒီပြိုင်ပွဲထဲမှာ ဝင်ပြီးတော့ ပါဝင်နိုင်ဖို့ဟာ အင်မတန်မှ အရေးကြီးပါတယ်။ ဒါကြောင့် ဒီအချိန်မှာ ကျန်းကျန်းမာမာနေကြပါ၊ သည်းညည်းခံပါ၊ စည်းကမ်းထိန်းသိမ်းပါ၊ ရောဂါ မဖြစ်အောင်နေပါ၊ ရောဂါမပွားအောင်နေပါ။ ရောဂါပွားလေလေ ကျွန်မအရင်အပတ်က ပြောခဲ့သလိုပေါ့။ ကျွန်မတို့ဟာ ဒီရောဂါအတွက်ကို ကျွန်မတို့ဘဏ္ဍာတော်၊ နိုင်ငံရဲ့ဘဏ္ဍာတော်ငွေတွေကို သုံးလာနေတယ်။ အဲဒီတော့ စီးပွားရေးပြန်လည်ထူထောင်ဖို့အတွက် နည်းသွားတာပေါ့။ တစ်ဖက်မှာပိုသုံးရင် တစ်ဖက်မှာ နည်းသွားမယ်ဆိုတာ ဒါကတော့ အားလုံး လွယ်လွယ်ကူကူနဲ့ နားလည်နိုင်တဲ့ကိစ္စပါ။ ဒါကြောင့် ကျွန်မတို့ပြောရမယ်ဆိုရင် ကိုဗစ်ပွဲကြီး အဆုံးသတ်တဲ့အချိန်မှာ အောင်အောင်မြင်မြင်နဲ့ အဆုံးသတ်စေချင်ပါတယ်။ ပွဲသိမ်းတဲ့အခါကျမှ ကမောက်ကမဖြစ်တာမျိုးကို ကျွန်မတို့ မဖြစ်စေချင်ပါဘူး။

ဒါကြောင့် ပြည်သူတွေအနေနဲ့ အထူးသတိပြုပါ။ ဒီအချိန်မှာ ကျန်းမာအောင်နေပါ။ ကိုယ့်စိတ်ကိုယ်ထိန်းရမှာပေါ့။ နောက်ဆုံးတော့ ဒါပါပဲ။ ကိုဗစ်ရောဂါထိန်းချုပ်တယ်ဆိုတာ ပြည်သူတွေ တစ်ယောက်ချင်း၊ တစ်ယောက်ချင်း ကိုယ့်စိတ်ကိုယ်ကိုယ် ထိန်းချုပ်တာပါပဲ။ ရောဂါမဖြစ်အောင်နေပါ။ ကျွန်မတို့ အစိုးရအနေနဲ့၊ နိုင်ငံတော်အနေနဲ့ကတော့ ကာကွယ်ဆေးကို အမြန်ဆုံး ပြည်သူတွေဆီကို ရောက်အောင်လို့၊ ပြည်သူတွေကို ထိုးပေးနိုင်အောင်လို့ ကျွန်မတို့ စီစဉ်ပါ့မယ်။ နောက်ပြီးတော့လည်း ကျွန်မတို့ကနေပြီး ပြန်လည်ပြီး စီးပွားရေးလုပ်ငန်းတွေ ပြန်ပြီးလည်ပတ်နိုင်အောင်လို့၊ ကျွန်မတို့ရဲ့စီးပွားရေး ပြန်ပြီးတိုးတက်လာနိုင်အောင်လို့၊ အရင်တုန်းကထက်တောင်မှ ပိုပြီးကောင်းသွားနိုင်အောင်လို့ဆိုပြီး ကျွန်မတို့ ကြိုးစားပါမယ်။ အခုအချိန်မှာဆိုရင် ကိုဗစ်ရောဂါ နောက်ပိုင်းအချိန်မှာ အရင်တုန်းက ရောဂါမဖြစ်ခင်တုန်းက အချိန်နဲ့စာလို့ရှိရင် မရှိခဲ့တဲ့ အခွင့်အရေးတွေ ကျွန်မတို့ ရဖို့ဖြစ်ပါတယ်။ ဒါပေမယ့်အခွင့်အရေးဆိုတာ၊ အခွင့်အရေးရလာပေမယ့် ဒီအခွင့်အရေးကို ကျွန်မတို့ကနေပြီး မိမိရရကိုင်ဆုပ်ပြီးတော့သုံးနိုင်မှ အကျိုးရှိမှာပါ။

**မလိုအပ်ဘဲအပြင်မထွက်ပါနဲ့**

ဒါကြောင့် အားလုံးကနေပြီးတော့ ဝိုင်းဝန်းပြီးတော့ ပါစေချင်ပါတယ်။ ဝိုင်းဝန်းပြီးပါရင် ဖြစ်နိုင်တယ်ဆိုတာလည်း ကျွန်မတို့ပြောသလိုပေါ့။ မန္တလေးတိုင်းကို ကြည့်လိုက်လို့ရှိရင် သိနိုင်ပါတယ်။ ပြည်သူလူထုက ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် မဖြစ်နိုင်တာ ဘာမှမရှိပါဘူး။ အဲဒါကြောင့် ကြိုးစားစေချင်ပါတယ်။ ကျန်းမာရေးပညာပေးနဲ့ ပတ်သက်လို့တော့ ကျွန်မတို့ ထပ်တလဲလဲ ပြောနေတယ်ဆိုတာ ပြည်သူတွေလည်း သိပြီးသားတော့ ဖြစ်ပါလိမ့်မယ်။ Mask ကတော့ အမြဲတပ်ပါ၊ လက်ဆေးတာကိုတော့ သေသေချာချာ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်နဲ့ ကိုက်ညီအောင်လို့ သေသေချာချာဆေးကြပါ၊ နောက်ပြီး တစ်ယောက်နဲ့တစ်ယောက် ၆ ပေ အနည်းဆုံး ကွာအောင်နေကြပါ၊ မလိုအပ်ဘဲနဲ့ အပြင်ကို မထွက်ပါနဲ့၊ အထူးသဖြင့် အခုအချိန်မှာ အပြင်ကို မထွက်ပါနဲ့။ နှစ်သစ်ကူးလာတော့မယ့်အချိန်၊ ခရစ္စမတ်ကာလ လာတော့မယ့်အချိန် အဲဒီအချိန်မှာ အပြင်မှာထွက်ပြီးတော့ ဒီတစ်ခါလေးတော့ တစ်ပွဲနွှဲလိုက်ပါဦးမယ်ဆိုတဲ့ စိတ်နဲ့မနွှဲပါနဲ့။ ဒီတစ်ပွဲလေး နွှဲလိုက်ချင်တာနဲ့ပဲ နောင်အနာဂတ်အတွက် ကိုယ့်အကျိုးဆုတ်ယုတ်နိုင်တဲ့ ကိစ္စတွေကို မဖြစ်စေချင်ပါဘူး။ ပြည်သူတွေအကျိုး ဆုတ်ယုတ်တယ်ဆိုရင် နိုင်ငံအကျိုးဆုတ်ယုတ်တာပါပဲ။ ဒါကြောင့် ဒီအချိန်မှာတော့ အထူးသတိထားစေချင်ပါတယ်။ ထိန်းသိမ်းစေချင်ပါတယ်။

**ကိုယ့်ရဲ့ပတ်ဝန်းကျင်ကိုလေ့လာ**

ကျွန်မတို့ အလုပ်အကိုင်ဖန်တီးရေးတွေအတွက်လည်း အလေးထားပြီးတော့ လုပ်နေပါတယ်။ အခုစီစဉ်နေပါတယ်။ သို့သော်ငြားလည်း အလုပ်လုပ်နိုင်ဖို့အတွက် ကျန်းမာဖို့ကလိုတယ်ဆိုတာလည်း ကျွန်မတို့ပြည်သူတွေ သိမှာ ဖြစ်ပါတယ်။ ဒါကြောင့် အလုပ်တွေဖန်တီးတဲ့အချိန်မှာ အလုပ်တွေရနိုင်တဲ့အချိန်ကျမှ ကိုယ့်ရဲ့ကျန်းမာရေး မကောင်းလို့ ကိုယ်ကနေပြီးတော့ နောက်ကိုရောက်သွားမယ်ဆိုလို့ရှိရင် ကိုယ်လည်း နစ်နာတယ်၊ ကိုယ်ရဲ့မိသားစုလည်း နစ်နာတယ်၊ ကိုယ့်နိုင်ငံလည်း နစ်နာပါတယ်။ ကျွန်မတို့အခု ကိုဗစ်ရောဂါနဲ့ ပတ်သက်လို့ဆိုရင် ကျန်းမာရေးအစီအစဉ်တွေသာမဟုတ်ဘူး။ စီးပွားရေးနဲ့ပတ်သက်လို့ ပညာရေးအစီအစဉ်တွေလည်း လုပ်နေတယ်ဆိုတာ အများသိပြီးသားပဲဖြစ်ပါတယ်။ အဲဒါကြောင့် ဒီအစီအစဉ်တွေကို အာရုံစိုက်ပြီးတော့ လိုက်နာစေချင်ပါတယ်။ နားထောင်စေချင်ပါတယ်။ ပြင်ဆင်ထားဖို့ပေါ့။ ဘာလုပ်လို့ရမလဲ။ ဘယ်လိုအခွင့်အရေးတွေရှိမလဲ။ ကိုဗစ်နောက်ပိုင်း ကမ္ဘာကြီးမှာ ဘယ်လိုအသစ်အဆန်း တီထွင်မှုတွေနဲ့ ကျွန်မတို့ တိုးတက်နိုင်မလဲဆိုတာကို စဉ်းစားဖို့၊ ဆင်ခြင်ဖို့ အဲဒါအတွက်ကို ကျွန်မတို့ရဲ့ ကျန်းမာရေးနဲ့ပတ်သက်တဲ့ အစီအစဉ်တွေရော၊ စီးပွားရေးနဲ့ ပတ်သက်တဲ့ အစီအစဉ်တွေရော ဂရုစိုက်ပြီးတော့ နားထောင်စေချင်ပါတယ်။ နောက်ပြီးတော့ ကိုယ့်ဟာကိုယ်လည်း လေ့လာစေချင်ပါတယ်။ ကိုယ့်ရဲ့ ပတ်ဝန်းကျင်ကိုလည်း ကြည့်ပြီးတော့ လေ့လာစေချင်ပါတယ်။

အရေးအကြီးဆုံးကိစ္စကတော့ ကျန်းမာအောင်နေဖို့ပါပဲ။ ဒါကြောင့် ဒီအချိန်မှာတော့ နည်းနည်းပါးပါး၊ နည်းနည်းပါးပါးမဟုတ် အများကြီးပေါ့။ စည်းကမ်းလိုက်နာဖို့ကို ရှေ့တန်းတင်ပြီးတော့ လုပ်စေချင်ပါတယ်။ အောင်မြင်ခြင်းတရားလေးပါးက ဆန္ဒနဲ့ စတယ်ဆိုပေမယ့် ဆန္ဒ၊ ဝီရိယ၊ စိတ်ဓာတ်၊ ပညာ ကျွန်မအကြိမ်ကြိမ်အခါခါပြောပါတယ်။ ဆန္ဒနဲ့မပြီးဘူး။ ဝီရိယ၊ ဝီရိယဆိုတာ အင်အားစိုက်ထုတ်မှု၊ အင်အားစိုက်ထုတ်ရင်းနဲ့ ပင်ပန်းလာတဲ့အခါကျရင် စိတ်ဓာတ်၊ ကိုယ့်စိတ်ကနေပြီးတော့၊ ကိုယ့်စိတ်ပိုင်းဆိုင်ရာကနေပြီးတော့ ဆက်ပြီးတော့ လုပ်နိုင်အောင်လို့ စွမ်းဆောင်ပေးရတာဖြစ်ပါတယ်။ အဲဒီတော့ ဒီလိုကိုယ်ရဲ့အင်အားတွေ၊ ကိုယ်ရဲ့စိတ်ပိုင်းအင်အားတွေ၊ ကိုယ်ရဲ့ ရုပ်ပိုင်းအင်အားတွေကို ဘယ်လိုအကောင်းဆုံး သုံးရမလဲဆိုတာတော့ ပညာက ဒီဟာကို လမ်းပြတာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့ပြည်သူလူထုအားလုံး အောင်မြင်ခြင်းတရားလေးပါးနဲ့ ပြည့်စုံစွာနဲ့ ကိုဗစ် -၁၉ ကို မြန်မြန်ဆန်ဆန် ကျော်လွှားနိုင်ပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## COVID–19 ရောဂါဆိုင်ရာ အမေး၊ အဖြေ အစီအစဉ် ဆက်လက်ထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၇**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး COVID–19 ရောဂါအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်ကို အပတ်စဉ် အင်္ဂါနေ့ ညနေ ၆ နာရီ မိနစ် ၃၀ မှ ည ၇ နာရီ အထိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။

ဒီဇင်ဘာ ၈ ရက် ညနေတွင် COVID–19 ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုးအကြံပြုအားဖြည့် ဆောင်ရွက်နိုင်ရေး အဖွဲ့ဝင် ကျန်းမာရေးပညာရှင်ကြီးများနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူ ကျန်းမာရေးပညာရှင်များဖြစ်သည့် နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုးအားဖြည့်ဆောင်ရွက်ရေးအဖွဲ့ဝင် ခေတ္တညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) ဒေါက်တာ သန်းဝင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရန်ကုန်ဆေးတက္ကသိုလ် (၁) အထူးကုသမားတော်ကြီး (ဆေးပညာ) ပါမောက္ခဒေါက်တာ လှိုင်မြဝင်းနှင့် မြောက်ဥက္ကလာဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ ကြည်စိုးတို့က ပြည်သူများ သိရှိမေးမြန်းလိုသည့် COVID–19 ကူးစက်ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်းသည့် မေးခွန်းများအပေါ် ပြန်လည်ဖြေကြားချက်များကို ဆက်လက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

သတင်းစဉ်

**ခရမ်းလွန်ရောင်ခြည်**
**အန္တရာယ်ကာကွယ်ရေး**
**အိုဇုန်းလွှာကို**
**ထိန်းသိမ်းပေး**

## ၂၀၂၀ ပြည့်နှစ်၊ နှစ်တစ်ရာပြည့် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ ကျောင်းနေအရွယ် လူငယ်အားလုံး အခြေခံပညာသင်ယူခွင့် ရရှိရေး၊
★ လူမှုစီးပွားရေးအတွက် လက်တွေ့ကျ အကျိုးပြုသည့် ဘာသာရပ်များ တစ်သက်တာ သင်ယူမှုအခွင့်အလမ်းရရှိရေး၊
★ ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားဒေသများ၌ ပညာရေးတွင် ပိုမိုပံ့ပိုး ရင်းနှီးမြှုပ်နှံရေး၊
★ ပညာရေးဖွံ့ဖြိုးမှုအတွက် နည်းပညာနှင့် အခြေခံအဆောက်အဦများ ဖြည့်ဆည်းရေး၊
★ တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေး။

## ၂၀၂၀ ပြည့်နှစ်၊ နှစ်တစ်ရာပြည့် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

★ ရာပြည့်အမျိုးသားအောင်ပွဲနေ့မှသည် တိုင်းရင်းသားအားလုံး ပူးပေါင်းဆောင်ရွက်လို့၊ ပြည်ထောင်စုငြိမ်းချမ်းရေး တည်ဆောက်စို့။

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက်
(၉-၁၂-၂၀၂၀)

● *ကျောဖုံးမှ*

ရက်ပေါင်း ၉၀ ကာလအတွင်း လွှတ်တော်အစည်းအဝေးများကို ကျင်းပရမည်ဖြစ်၍ လွှတ်တော်အသီးသီး၏ တတိယအကြိမ် ပထမပုံမှန်အစည်းအဝေးများကို ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ပထမပတ်အတွင်း ကျင်းပရန်လျာထားပါကြောင်း၊ အဆိုပါ လွှတ်တော်အစည်းအဝေးများ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေး အုပ်ချုပ်မှုဆိုင်ရာလုပ်ငန်းများ ကြိုတင်ညှိနှိုင်းနိုင်ရန် ယခုအစည်းအဝေးကို ပြုလုပ်ရခြင်းဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ လုံခြုံရေး၊ ကျန်းမာရေးနှင့် တည်းခိုနေထိုင်ရေးဆိုင်ရာ အုပ်ချုပ်မှုကိစ္စရပ်များအတွက် ကြိုတင်ပြင်ဆင်မှုများ လိုအပ်ပါကြောင်း၊ လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမပုံမှန်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးမှာ နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်များအပါအဝင် နိုင်ငံသားပြည်သူများအားလုံးအတွက် လွန်စွာအရေးကြီးသည့် အစည်းအဝေး ဖြစ်ပါကြောင်း၊ တတိယအကြိမ်လွှတ်တော်အသီးသီး၏ ပထမပုံမှန်အစည်းအဝေးများကို ကိုဗစ်-၁၉ ကပ်ရောဂါပြန့်ပွားခြင်း အန္တရာယ်ကာကွယ်မှုအတွက် ယခင်အတွေ့အကြုံများအပေါ်မူတည်၍ ပိုမိုကောင်းမွန်သည့် လုပ်ငန်းအစီအမံများဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဗဟိုကော်မတီနာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ယခင်လွှတ်တော် ပုံမှန်အစည်းအဝေးများနည်းတူ ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ဖြစ်ပွားမှုအန္တရာယ် ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း တတိယအကြိမ် လွှတ်တော်ပုံမှန်အစည်းအဝေးများ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် သက်ဆိုင်ရာ လုပ်ငန်းကော်မတီများက ဝိုင်းဝန်းပူးပေါင်း၍ အကြံပြုဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် သက်ဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက လုပ်ငန်းကော်မတီအလိုက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုလွှတ်တော် နာယက က လုပ်ငန်းကော်မတီများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေး၍ နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထဲရေး၊ ပြန်ကြားရေး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး၊ လျှပ်စစ်နှင့်စွမ်းအင်၊ ကျန်းမာရေးနှင့်အားကစား၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ သက်ဆိုင်ရာလုပ်ငန်းကော်မတီ အတွင်းရေးမှူးများနှင့် လွှတ်တော်အသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား



**နေပြည်တော် ဒီဇင်ဘာ ၇**

တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

### တက်ရောက်

အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် မောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်နည်းပညာ တက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် ပြင်ဦးလွင်တပ်နယ်မှ အရာရှိကြီးများ တက်ရောက်ကြသည်။

### ဆုများပေးအပ်ချီးမြှင့်

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကျောင်းဆင်းဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကိုခံယူပြီး တပ်မတော် နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၂၂) မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၇၇၀၄ ဗိုလ်လောင်း ထွန်းလှိုင်ဝင်း၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၇၇၁၂ ဗိုလ်လောင်း နိုင်လင်းဦးနှင့် စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၇၈၁၀ ဗိုလ်လောင်း အံ့မော်ဟိန်းတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းဆင်း ဗိုလ်လောင်းများအား မိန့်ခွန်းပြောကြားသည်။

### အလေးပြုခြင်းခံယူ

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

### ဂုဏ်ပြုအမှာစကားပြောကြား

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော် နည်းပညာ တက္ကသိုလ်ကျောင်း ဌာနချုပ်ညှော်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်း သုံးဦးကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။ **သတင်းစဉ်**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၇၇၀၄ ဗိုလ်လောင်း ထွန်းလှိုင်ဝင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။**

ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# စစ်တွေမြို့နယ်၌ ကျေးရွာ ၁၅ ရွာအား သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်မည်

**စစ်တွေ ဒီဇင်ဘာ ၇**

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၊ ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၄၆ ဒသမ ၂၀၀ အသုံးပြုကာ ကျေးရွာ ၁၅ ရွာ၌ သောက်သုံးရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စစ်တွေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

စစ်တွေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိရေးအတွက် သောက်သုံးရေရှားပါးနိုင်သည့် ကျေးရွာများကို ဘဏ္ဍာရေးနှစ်အလိုက် သက်ဆိုင်သူအားလုံးနှင့် ဆွေးနွေးညှိနှိုင်းရွေးချယ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု၊ ပြည်နယ် အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၄၆ ဒသမ ၂၀၀ ဖြင့် လက်တူးတွင်းတူးဖော်ခြင်း ၁၀ တွင်း၊ မွမ်းမံ ကိုးတွင်း၊ လက်နှိပ်တုံကင် ရှစ်ခု၊ ရေစုကန် နှစ်ကန်၊ အိမ်တိုင်ရာရောက် ရေပေးရေးလုပ်ငန်း တစ်ခုနှင့် ရေကန်ခြံစည်းရိုးကာရံခြင်းငါးခုတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လက်ရှိအချိန်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းမှာ တင်ဒါအောင်မြင်သည့် ကုမ္ပဏီနှင့် လုပ်ငန်းအပ်နှံ စာချုပ်ချုပ်ပြီးဖြစ်ကြောင်းနှင့် ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းကို တင်ဒါဆောင်ရွက်ဆဲဖြစ်ကြောင်း စစ်တွေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးသန်းစိုးဦးက ပြောသည်။

**တင်ထွန်း (ပြန်/ဆက်)**

**ဒီမိုကရေစီအမြစ်တွယ်ခိုင်မာရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲစွာ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားကြ**

**တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးက လွတ်လပ်ရေးကြိုးပမ်းစဉ် ကာလကဲ့သို့ပင် အမျိုးသားညီညွတ်ရေးကို အခြေခံသည့် စုပေါင်းအင်အားဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြီး အောင်မြင်ရေး၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းအဆင့်ဆင့်ကို အောင်မြင်စွာ ကျော်ဖြတ်ပြီး ဒီမိုကရေစီ အမြစ်တွယ်ခိုင်မာရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲစွာ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။**

**[နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်]**



ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှုခင်း ဓာတ်ပုံ - ထွန်းထွန်းသိန်း

# လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များ ပါဝင်ပတ်သက်မှုဆိုင်ရာ နောက်ဆက်တွဲ အခြေပြုစာချုပ် အကောင်အထည်ဖော်နိုင်ရေး အမျိုးသားအဆင့်ကော်မတီ၏ ပထမအကြိမ် အစည်းအဝေး ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၇

လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များ ပါဝင်ပတ်သက်မှုဆိုင်ရာ နောက်ဆက်တွဲအခြေပြုစာချုပ် အကောင်အထည်ဖော်နိုင်ရေး အမျိုးသားအဆင့်ကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ Virtual Meeting ဖြင့် ကျင်းပသည်။ (အောက်ပုံ)



အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များ ပါဝင်ပတ်သက်မှုဆိုင်ရာ နောက်ဆက်တွဲ အခြေပြုစာချုပ် အကောင်အထည်ဖော်နိုင်ရေး အမျိုးသားအဆင့် ကော်မတီကို ၂၀၂၀ပြည့်နှစ် နိုဝင်ဘာ ၂၁ ရက်တွင် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်၊ ၁၁၆/၂၀၂၀ အရ ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန် (၁၃) ချက်ရှိပါကြောင်း၊ ထိုလုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ရန် အမျိုးသားအဆင့်ကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ခေါ်ယူရခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဧပြီ ၁၉ ရက်တွင် ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံတစ်ခု ဖြစ်ခဲ့ပြီး ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို ပထမဆုံးထောက်ခံခဲ့သော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် လူတစ်ဦးချင်းစီ၏ အခွင့်အရေးကို မြှင့်တင်ပေးရန်နှင့် ကာကွယ်စောင့်ရှောက်ရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း။

**လုပ်ငန်းစီမံချက်ရေးဆွဲဖော်ဆောင်**

ကလေးသူငယ် အခွင့်အရေးများကို ဖော်ဆောင်ရန် ကုလသမဂ္ဂ၏ ကလေးသူငယ်များ၏ အခွင့်အရေးဆိုင်ရာသဘောတူစာချုပ်ကို ၁၉၉၁ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး နောက်ဆက်တွဲအခြေပြုစာချုပ် သုံးခုကိုလည်း ဆက်လက်ပါဝင်သွားမည်ဖြစ်ကြောင်း၊ ညစ်ညမ်းရုပ်ပုံများနှင့် ကလေးများအား ပြည့်တန်ဆာအဖြစ် စေခိုင်းခြင်းနှင့် ရောင်းချခြင်းအား တားမြစ်သည့် နောက်ဆက်တွဲ အခြေပြုစာချုပ်ကို ၂၀၁၂ ခုနှစ်တွင် အတည်ပြုပါဝင်ခဲ့ပြီး ထိုစာချုပ် နှစ်ခုကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ ယခုထပ်မံ၍ လက်နက်ကိုင်ပဋိပက္ခအတွင်းကလေးသူငယ်များ ပါဝင်ပတ်သက်မှုဆိုင်ရာ နောက်ဆက်တွဲ အခြေပြုစာချုပ်ကို ၂၀၁၉ ခုနှစ် စက်တင်ဘာ ၂၇ ရက်တွင် အတည်ပြုပါဝင်ခဲ့ရာ အဆိုပါ အခြေပြုစာချုပ်နှင့် စပ်လျဉ်း၍ အမျိုးသားကော်မတီက လုပ်ငန်းကော်မတီများ ဖွဲ့စည်းပြီး အကောင်အထည်ဖော်ရန်ဖြစ်ကြောင်း၊ ဤနောက်ဆက်တွဲ အခြေပြုစာချုပ်၏ အဓိကဦးတည်ချက်သည် လက်နက်ကိုင်ပဋိပက္ခများအတွင်း အသက်(၁၈) နှစ်အောက် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား အသုံးပြုခြင်းနှင့် တပ်သား စုဆောင်းခြင်းများမှ ကာကွယ်တားဆီးရေးအတွက် လိုအပ်သည့် ဥပဒေပိုင်းဆိုင်ရာ၊ စီမံခန့်ခွဲမှုဆိုင်ရာနှင့် အခြားအစီအမံများကို ဆောင်ရွက်ရန်ဖြစ်ရာ ကလေးသူငယ်များ အခွင့်အရေးကို တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအပြင် ကာကွယ်ရေးဝန်ကြီးဌာနနှင့်လည်း သက်ဆိုင်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ လိုအပ်သော လုပ်ငန်းကော်မတီများဖွဲ့စည်း၍ အမျိုးသားအဆင့်ကော်မတီက ဆောင်ရွက်ရန် တာဝန်ရှိသည့် လုပ်ငန်း (၁၃)ရပ်ကို ထိရောက်စွာ အကောင်အထည်ဖော်ရန် လုပ်ငန်းစီမံချက်များကို ပီပီပြင်ပြင်ရေးဆွဲ ဖော်ဆောင်ရမည်ဖြစ်ကြောင်း။

**ကော်မတီသုံးခုဖြင့် ဖွဲ့စည်း**

ဤနောက်ဆက်တွဲ အခြေပြုစာချုပ်သည် ၂၀၁၉ ခုနှစ် အောက်တိုဘာ ၂၇ ရက်မှစ၍ အာဏာသက်ရောက်ခဲ့ပြီး ဖြစ်ပါကြောင်း၊ အာဏာသက်ရောက်ပြီး နှစ်နှစ်အတွင်း မြန်မာနိုင်ငံ၏ ဆောင်ရွက်ထားရှိမှုများအား ကုလသမဂ္ဂ၏ ကလေးသူငယ်များ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် ကော်မတီသို့ အစီရင်ခံစာ တင်သွင်းရမည်ဖြစ်သဖြင့် အချိန်ကိုးလသာ ကျန်ရှိပါတော့ကြောင်း၊ ဆောင်ရွက်ရမည့် လုပ်ငန်းများမှာ ယခုမှ စတင်ဆောင်ရွက်ရသည့် လုပ်ငန်းများ မဟုတ်ဘဲ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ၊ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေး ကော်မတီနှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ စသည့် ကော်မတီသုံးခုဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းများတွင်လည်း ပါဝင်ပြီးဖြစ်ကြောင်း၊ နိုင်ငံ၏ လက်နက်ကိုင်တပ်ဖွဲ့ဟု ဆိုရာတွင် တပ်မတော်သာမက နိုင်ငံအတွင်းရှိ အခြားသော လက်နက်ကိုင်အဖွဲ့အစည်းများပါဝင်နေသဖြင့် ညှိနှိုင်းဆွေးနွေးနိုင်ရေးအတွက် ငြိမ်းချမ်းရေး ဖော်ဆောင်ရာ၌ အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်သည့် နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီတို့နှင့် ချိတ်ဆက်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ အမျိုးသားကော်မတီ၏ ဆောင်ရွက်ချက်များကို မီဒီယာတွင် ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန် ဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်ရေးနှင့် အချိန်မီ အစီရင်ခံစာတင်သွင်းနိုင်ရေး အကြံပြုဆွေးနွေးပေးကြရန် ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ကော်မတီအတွင်းရေးမှူး ပြန်လည်ထူထောင်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမျိုးသားအဆင့် ကော်မတီ၏ လုပ်ငန်းတာဝန်များကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

**ညှိနှိုင်းဆွေးနွေးဆုံးဖြတ်**

ယင်းနောက် ကော်မတီဒုတိယဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှအမြဲတမ်းအတွင်းဝန်များ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက လိုအပ်သော လုပ်ငန်းကော်မတီများ ဖွဲ့စည်းရေးနှင့် လုပ်ငန်းစီမံချက်များ ရေးဆွဲရေးတို့ကို အသေးစိတ်ညှိနှိုင်းဆွေးနွေး ဆုံးဖြတ်ခဲ့ကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားကျောင်းများနှင့် အမျိုးသားကျောင်းသားများ၏ လွတ်လပ်ရေး ကြိုးပမ်းမှု

**ပန်းချီ သန်းမြင့်ညိမ်း(ပုသိမ်)**

၂၀၂၀ ပြည့်နှစ်သည် မြန်မာနိုင်ငံအတွက် ထူးခြားသောနှစ်ဟု ဆိုချင်ပါသည်။ အဘယ်ကြောင့် ထူးခြားရသနည်းဆိုသော် မြန်မာ့ရုပ်ရှင်၏ ရာပြည့်၊ ရန်ကုန်တက္ကသိုလ်ကြီး၏ ရာပြည့်၊ ၁၉၂၀ ပြည့်နှစ် ပထမကျောင်းသားသပိတ်ကြောင့် ပေါ်ပေါက်ခဲ့သော အမျိုးသားအောင်ပွဲ၏ ရာပြည့် စသည့် ရာပြည့်အထိမ်းအမှတ်များနှင့် ကြုံတွေ့၍ ဖြစ်ပါသည်။ ရာပြည့်အထိမ်းအမှတ်ဆိုသည်မှာ လူတစ်ဦးချင်းစီ၏ ဘဝတွင် နှစ်ခါ မရနိုင်သောကြောင့် ထူးခြားစွာ တန်ဖိုးထားရခြင်းလည်း ဖြစ်ပါသည်။




အထက (၂) ဒဂုံ (ယခင် မြို့မ အမျိုးသားကျောင်း)။ ဓာတ်ပုံ - တင်စိုး

ရာပြည့်နှင့်ပတ်သက်၍ မီဒီယာများတွင် ဟောပြောကြ၊ ရေးသားကြ၊ ထုတ်လွှင့်ကြသည်ကို တွေ့ရှိရပါသည်။ အနုပညာ၊ စာပေ၊ အားကစား စသည့်လောကများနှင့် ပတ်သက်၍ ပြောဆိုကြ၊ ရေးသားကြ၊ ထုတ်လွှင့်ကြသည်ကို တွေ့ရသော်လည်း နိုင်ငံ့လွတ်လပ်ရေးအတွက် ကျောင်းသားများ၏ ဆောင်ရွက်မှုများကို ထုတ်ဖော်မှုကျန်ရှိနေသည်ကို တွေ့ရပါသည်။ ဤကွက်လပ်ကို ဖြည့်ဆည်းချင်သော ဆန္ဒနှင့် နောင်းလူတို့အတွက် သိသင့်သောကိစ္စများသိရှိနိုင်ပါရန် ရည်ရွယ်ခြင်း ဖြစ်ပါသည်။

**လွတ်လပ်ရေးအစ ကျောင်းသားက**

ပန်းတနော်ဦးသန့်က **"အမျိုးသားကျောင်းများသည် မျိုးချစ်ပုဂ္ဂိုလ်များကို မွေးထုတ်ပေးသော စက်ရုံများသဖွယ်ဖြစ်သည်"**ဟု ဆိုပါသည်။ ၁၉၂၀ ပြည့်နှစ်က ပေါ်ပေါက်ခဲ့သော ပထမကျောင်းသားသပိတ်ကြောင့် မြန်မာတစ်နိုင်ငံလုံး အမျိုးသားကျောင်းများ ၁၅၀ ခန့် ပေါ်ထွက်ခဲ့ပါသည်။ နယ်ချဲ့၏ ကျွန်ပညာရေးကို တော်လှန်ပြီး အမျိုးသားပညာရေးကို အမျိုးသားကျောင်းများတွင် မျိုးချစ်ဆရာများက သင်ကြား ပို့ချကြသည်။ သမိုင်းကြောင်းအရ အစဉ်အလာ မြင့်မားခဲ့သော မြန်မာ့သမိုင်းကြောင်းကို မြန်မာနိုင်ငံသား လူငယ်ကလေးများအား သိစေသည်။ ကျောင်းများတွင် အတတ်ပညာသာမက အသိပညာတိုးပွားအောင်လည်း သင်သည်၊ နိုင်ငံနှင့် လူမျိုးကို ချစ်မြတ်နိုး၍ လွတ်လပ်ရေးကို ကြိုးပမ်းရယူလိုသော စိတ်ဓာတ်များ လူငယ်များ၏ စိတ်တွင် ခိုင်မာလာအောင် သင်ကြားပို့ချသည်။

ထို့ကြောင့်ပင် အမျိုးသားကျောင်းထွက်လူငယ်များမှာ မျိုးချစ်စိတ်ဓာတ်ထက်သန်ကြသည်။ တိုင်းပြည် သူ့ကျွန်ဘဝမှ လွတ်မြောက်အောင် ဆောင်ရွက်လိုစိတ်များ လူငယ်များ၏ ရင်တွင် စွဲမြဲလာကြသည်။ ၁၉၂၀ ပြည့်နှစ်မှသည် ဆယ်စုနှစ်တစ်စု ကျော်ကျော်လောက်တွင် ၎င်းလူငယ်လေးများမှာ ရန်ကုန်တက္ကသိုလ်တွင် လာရောက်ဆုံကြသည်။ ကိုထွန်းစိန်၊ ကိုဗဟိန်း၊ ကိုနု၊ ကိုကျော်ငြိမ်း၊ ကိုအုန်း၊ ကိုအောင်ဆန်း၊ ကိုသိန်းဖေမြင့်၊ ကိုရာရှစ် စသည့် မျိုးချစ်ကျောင်းသား တော်တော်များများ လာရောက်ဆုံစည်းကြသည်။

သို့သော် ၁၉၃၀ ပြည့်နှစ်အထိ တက္ကသိုလ်တွင် သမဂ္ဂအဖွဲ့ မရှိသေးသလို သမဂ္ဂအဆောက်အအုံလည်း မရှိသေးပေ။ ဆန်စက်သူဌေး ဦးညိုက တက္ကသိုလ်သမဂ္ဂ အဆောက်အအုံဆောက်လုပ်ရန်အတွက် ငွေကျပ် ၁၇၀၀၀၀ လှူဒါန်းပါသည်။ ဤ ငွေဖြင့် ၁၉၂၉ ခုနှစ်တွင် ဆောက်လုပ်ခဲ့ရာ ၁၉၃၀ ပြည့်နှစ်တွင် ပြီးစီးပါသည်။ သမဂ္ဂအဆောက်အအုံကြီး ဆောက်လုပ်လှူဒါန်းသဖြင့် ရန်ကုန်တက္ကသိုလ်ကျောင်းအုပ်ကြီး ဒီဂျေစလေ့က ဦးညိုအား ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့ ချီးမြှင့်ပါသည်။ ဤအဆောက်အအုံသည် မျိုးချစ်ကျောင်းသားများ စုစည်းရာဌာန၊ လွတ်လပ်ရေးကြိုးပမ်းလိုသူများ၏ ဘူမိနက်သန်ဖြစ်လာခဲ့သည်။ ဤသို့ဖြစ်လာမည်မှန်း ဒီဂျေစလေ့သည် အစက တွေးထင်မိလျှင် ဆောက်လုပ်လှူဒါန်းခွင့်ပေးခဲ့မည် မဟုတ်ပေ။

၁၉၃၁ ခုနှစ်တွင် သံတွဲဇာတိ ကိုထွန်းစိန်က ဥက္ကဋ္ဌ၊ ကိုဘဂျမ်းက အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ယူကြသော ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂကို ဖွဲ့စည်းနိုင်ခဲ့ကြသည်။ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး အပါအဝင် အလုပ်အမှုဆောင် ကိုးဦးဖြင့် ဖွဲ့စည်းသည်။ ကိုထွန်းစိန်သည် အမျိုးသားရေးစိတ်ဓာတ် ပြင်းထန်သည်။ သမဂ္ဂ ဥက္ကဋ္ဌအဖြစ် ရွေးကောက်ခံရသောအခါ ဥက္ကဋ္ဌမိန့်ခွန်းတွင် "ဤကျောင်းသားသမဂ္ဂကြီးမှနေ၍ မြန်မာနိုင်ငံတော်ကြီး လွတ်လပ်ရေးရအောင် ဆောင်ရွက်မည့် သားကောင်းရတနာများ ပေါ်ထွက်လာလိမ့်မည်ဟု ယုံကြည်ကြောင်း၊ အားလုံးအတူတကွ ကြိုးပမ်းကြပြီး လွတ်လပ်ရေး ပန်းတိုင်ရောက်အောင် သွားရမည်ဖြစ်ကြောင်း" ရဲရဲတောက် ပြောကြားသွားခဲ့သည်။

ဆက်လက်၍ ကိုထွန်းစိန်က **"ကျွန်တော်တို့ရဲ့ သမဂ္ဂအဆောက်အအုံမှာ အင်္ဂလိပ် ရဲ့ ယူနီယံဂျက်အလံကို မလွှင့်ဘဲ ကျွန်တော်တို့ရဲ့ ဒေါင်းအလံကို လွှင့်မယ်။ (ကဒေါင်းအလံဖြစ်ပါသည်) ဒေါင်းအလံဟာ မြန်မာအလံစစ်စစ်ဖြစ်တယ်။ ဒီနေ့ကစပြီး ကျွန်တော်တို့ နယ်ချဲ့ရဲ့ ယူနီယံဂျက်အလံကို အလေးမပြုတော့ဘဲ အမျိုးသား ဒေါင်းအလံကိုသာ အလေးပြုကြမယ်။ အခမ်းအနားတွေအဖွင့်မှာ ကိုယ့်အမျိုးသား သီချင်းဖြစ်တဲ့ "တို့ဗမာ" သီချင်းကိုသာ သီဆိုကြမယ်။ ဗြိတိသျှနယ်ချဲ့ရဲ့ အမျိုးသား သီချင်းနဲ့ နယ်ချဲ့ရဲ့အလံကို ယနေ့မှစ၍ ဖယ်ထုတ်လိုက်ပါပြီ"**ဟု ပြောကြားလိုက်သောအခါ ကျောင်းသားထုတစ်ရပ်လုံးက တစ်ခဲနက် ဩဘာပေးလိုက်ကြပါသည်။

နယ်ချဲ့၏ အာဏာစက်အောက်မှနေ၍ ဤသို့ပြောဆိုပြုမူကြသည်မှာ အန္တရာယ်ကြီးသောလုပ်ရပ်ဖြစ်သဖြင့် တော်ရုံမျိုးချစ်စိတ်ရှိရုံနှင့် ပြောရဲ၊ လုပ်ရဲကြမည် မဟုတ်ပေ။ ဆရာစံကို နယ်ချဲ့အစိုးရက သေဒဏ်(ကြိုးမိန့်)ပေးသောအခါ ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂသည် ကျောင်းသားထုတစ်ရပ်လုံးအား အစည်းအဝေးခေါ်၍ နယ်ချဲ့အစိုးရအား ရှုတ်ချကြောင်း အဆိုတင်သွင်းကြပြီး ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် မတ်တတ်ရပ်၍ တော်လှန်ရေးသမားကြီး ဆရာစံအား နှစ်မိနစ် ငြိမ်သက် အလေးပြုကြသည်။

၁၉၃၅ - ၃၆ ခုနှစ်တွင် ကိုနုက ဥက္ကဋ္ဌ၊ ကိုရာရှစ်က ဒုဥက္ကဋ္ဌ၊ ကိုသီဟန်က အတွင်းရေးမှူး၊ ကိုအောင်ဆန်းက အိုးဝေမဂ္ဂဇင်း စာတည်းမှူးတို့ ပါဝင်သော အမှုဆောင် ကိုးဦးဖြင့် သမဂ္ဂအမှုဆောင်အဖွဲ့သစ် ဖြစ်လာသည်။ ၁၉၃၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် သမဂ္ဂအဆောက်အအုံ၌ ဟောပြောပွဲကျင်းပရာ သဘာပတိအဖြစ် ဆောင်ရွက်သော ဥက္ကဋ္ဌ ကိုနုက **"တက္ကသိုလ်ကျောင်းသားများသည် နိုင်ငံတော် လွတ်လပ်ရေးအတွက် နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများတွင် ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

အိုးဝေမဂ္ဂဇင်းအယ်ဒီတာ ကိုအောင်ဆန်းကလည်း နယ်ချဲ့၏ ပညာရေးစနစ်သည် ကျွန်ပညာသာဖြစ်ကြောင်း "ကျွန်ပညာနှင့် သခင်ပညာ"ဆောင်းပါးဖြင့် ထောက်ပြသည်။ ကိုသိန်းဖေ(သိန်းဖေမြင့်)ကလည်း နယ်ချဲ့က သင်ကြားပေးနေသော ပညာသည် ပျားရည်မရှိသော ပျားအုံ၊ အဆန်မရှိသော သစ်ကြားသီး၊ အနံ့မရှိသော ပေါက်ပန်းနှင့်သာတူကြောင်း၊ "နတ်အိုးကွဲ"ကဲ့သို့ မည်သို့မျှသုံးမရကြောင်းစသည့် "နတ်အိုးကွဲ" ခေါင်းစဉ်ဖြင့် စာတမ်းတစ်စောင်ရေးသားပြီး ကျောင်းသားထုအတွင်း ဖြန့်ဝေခဲ့သည်။ ကိုသိန်းတင်(ကိုညိုမြ)က အိုးဝေမဂ္ဂဇင်းအင်္ဂလိပ်စာကဏ္ဍတွင် Held Hound at large **"ငရဲခွေးကြီးလွတ်နေပြီ"** ဟူသော ဆောင်းပါးတိုလေးဖြင့် နယ်ချဲ့ အစိုးရနှင့် နယ်ချဲ့၏ ပညာရေးအာဏာပိုင်များကို ထိုးနှက်ခဲ့သည်။ ဤဆောင်းပါးကို အကြောင်းပြု၍ပင် ၁၉၃၆ ခုနှစ် ဒုတိယအကြိမ် ကျောင်းသားသပိတ်ကြီး ပေါ်ပေါက်ခဲ့ရခြင်းပင် ဖြစ်ပါသည်။

**ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ**

၁၉၃၆ ခုနှစ် မေလ ၈ ရက်နေ့တွင် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂကို ဖွဲ့စည်းခဲ့ကြသည်။ ဗကသ၏ ပထမဆုံးဥက္ကဋ္ဌမှာ ကိုရာရှစ်ဖြစ်ပြီး ကိုအောင်ဆန်းက ဒုတိယဥက္ကဋ္ဌဖြစ်သည်။ ဗကသ၏ ပထမညီလာခံကို ရန်ကုန်မြို့ ဂျူဗလီဟောတွင် ကျင်းပခဲ့ကြသည်။ ၁၉၃၇ ခုနှစ်တွင် ဗကသ၏ ဒုတိယအကြိမ် ညီလာခံကို မန္တလေးမြို့ ဗဟိုအမျိုးသား ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။ အိန္ဒိယနိုင်ငံခေါင်းဆောင်ကြီး ပန်ဒစ်ဂျဝါလာ နေရူးနှင့် သမီးတို့ တက်ရောက်အားပေးခဲ့သည်။

**ပုသိမ်မြို့သုံးထပ်အမျိုးသားကျောင်းကြီးနှင့် ဗကသဥက္ကဋ္ဌသစ် ကိုအောင်ဆန်း**

၁၉၃၇-၃၈ ခုနှစ်တွင် ကိုအောင်ဆန်းက ဗကသဥက္ကဋ္ဌ ဖြစ်လာသည်။ ကိုမြစိန် (ပုသိမ်) က အတွင်းရေးမှူးဖြစ်သည်။ ဗကသ၏ တတိယအကြိမ်ညီလာခံကို ၁၉၃၈ ခုနှစ် ဧပြီလ ၂၄ ရက်နှင့် ၂၅ ရက်နေ့တို့တွင် ပုသိမ်မြို့ အမျိုးသားအထက်တန်းကျောင်း သုံးထပ်တိုက်ကျောင်းကြီးတွင် ကျင်းပသည်။ ပုသိမ် အမျိုးသား အထက်တန်းကျောင်းသည် ၁၉၂၀ ပြည့်နှစ် ပထမကျောင်းသားသပိတ်ကြောင့် ပေါ်ပေါက်လာသော အမျိုးသားကျောင်းများတွင် တစ်ကျောင်းအပါအဝင် ဖြစ်သည်။ ကျောင်းအုပ်ကြီးမှာ ရခိုင်အမျိုးသား ဦးရွှေကျော် ဖြစ်သည်။ မျိုးချစ်စိတ်ဓာတ်ပြင်းထန်သည်။ ကျောင်းအုပ်ကြီးနည်းတူ ဆရာ ဆရာမများသည်လည်း မျိုးချစ်စိတ်ဓာတ်ပြင်းထန်သူများဖြစ်ကြသည်။

ကျောင်းအဆောက်အအုံကြီးကို ဝံသာနုစိတ်ဓာတ်ထက်သန်ပြည့်ဝသည့် ဆန်ကုန်သည်ကြီး ဦးရွှေဖြူ (ရခိုင်အမျိုးသား)နှင့် ဝံသာနုစိတ်ဓာတ်ရှိသူ ကုန်သည်တစ်စုတို့ စုပေါင်းလှူဒါန်းကြခြင်း ဖြစ်ပါသည်။ ကြီးမားသပ်ရပ် ခံ့ညားသည်။ ကျောင်းဖွင့်စက ရွှေမုဌေ့ဘုရားရင်ပြင်ရှိ တန်ဆောင်းများတွင် ဖွင့်ရသည်။ ထိုမှတစ်ဆင့် ပုဂံဘုန်းတော်ကြီးကျောင်း၊ ယင်းမှတစ်ဆင့် ခါတော်မီဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ သရက်တောကျောင်းတိုက်၊ ထိုမှတစ်ဆင့် ၁၉၃၁ ခုနှစ်တွင် လက်ရှိနေရာ မန်းကျောင်းဘုန်းတော်ကြီးကျောင်းသို့ ပြောင်းရွှေ့ခဲ့ခြင်း ဖြစ်သည်။ ဆရာတော်ကြီး ဦးနာရဒအရှင်မြတ်က ၇ ဒသမ ၇၇ ဧကရှိ ကျောင်းဝင်းကြီးကို အမျိုးသားကျောင်း ဖွင့်လှစ်ရန် အပြီးအပြတ်လှူဒါန်းခဲ့ခြင်း ဖြစ်ပါသည်။

သုံးထပ်ကျောင်းကြီးကို ၁၉၃၃ ခုနှစ်တွင် စတင်ဆောက်လုပ်ကြရာ ၁၉၃၆ ခုနှစ်တွင် ပြီးစီးသည်။ ကျောင်းတွင် ကျောင်းသားသမဂ္ဂရှိသည်၊ ဆရာများ သမဂ္ဂရှိသည်၊ အသက်မွေးဝမ်းကျောင်း ပညာအဖြစ် သင်ကြားရန် ရက်ကန်းခြောက်စင်ရှိသည်၊ ပင်နီဖျင်ရက်လုပ်သည်၊ ကျောင်းတွင် စကောက်အဖွဲ့ကဲ့သို့ ပင်နီတပ်ဖွဲ့ရှိသည်၊ ကျောင်းမှရက်လုပ်သော ပင်နီဖျင်ဖြင့် တစောင်းဦးထုပ်၊ ပင်နီရှပ်လက်တို၊ ပင်နီဒူးကျ ဘောင်းဘီ၊ ကင်းဘက်ဖိနပ်စီးရသည်၊ ဝါးတုတ်ကိုင်ရသည်၊ စစ်သင်တန်းပေးသည်၊ ထို့ပြင် ဘင်ခရာတပ်ဖွဲ့ရှိသည်၊ ကျောင်းပိုင်စန္ဒရား၊ ကျောင်းပိုင်ဘတ်စ်ကားရှိသည်၊ တစ်နှစ်တစ်ကြိမ်ကျောင်းမဂ္ဂဇင်းထုတ်သည်၊ မြန်မာပိုင်းရော အင်္ဂလိပ်ပိုင်းပါ ပါရှိသည်၊ ကျောင်းသားသမဂ္ဂသည် အလွန်တက်ကြွကြပြီး ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ(ဗကသ)နှင့် အဆက်အသွယ်ရှိသည်။

*စာမျက်နှာ ၇ သို့*

# ရာပြည့်အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်ဆောင်းပါး



စာမျက်နှာ ၆ မှ

ကျောင်းအုပ်ကြီးကိုယ်တိုင် နယ်ချဲ့ဆန့်ကျင်ရေး တရားဟောသဖြင့် အင်္ဂလိပ်အစိုးရက ခေါ်ယူသတိပေးပြီး တစ်ရက် ထိန်းသိမ်းခံရသည်။

**သုံးထပ်ကျောင်းကြီးတွင် ကျင်းပသော ဗကသ၏ တတိယအကြိမ် ညီလာခံ**

**၁၉၃၈ ခု ဧပြီလ (၂၄/၂၅)**

တတိယအကြိမ် ဗကသ ညီလာခံကို ပုသိမ်မြို့ ဗဟိုအမျိုးသားအထက်တန်းကျောင်း သုံးထပ်တိုက်ကျောင်းကြီးတွင် ခမ်းနားထည်ဝါစွာ ကျင်းပသည်။ မြန်မာတစ်နိုင်ငံလုံးမှ ကျောင်းသားကိုယ်စားလှယ် ၁၀၄ ဦး တက်ရောက်ကြသည်။ မြို့မိ မြို့ဖများ၊ ပုသိမ်အမျိုးသားကျောင်း၏ ကျောင်းသားသမဂ္ဂဝင်များ၊ ကျောင်းသားကျောင်းသူများ စိတ်ဝင်စားသူ မြို့လူထုပါဝင်တက်ရောက်ကြသည်။

နံနက် ၉ နာရီ ၁၅ မိနစ်တွင် မင်္ဂလာအချိန်ကျရောက်သဖြင့် ဉ္စေ့ကော်မတီဥက္ကဋ္ဌ ကိုလှမောင်က ရှေ့ဆောင်ကာ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ ဗကသဥက္ကဋ္ဌ ကိုအောင်ဆန်းနှင့် အမှုဆောင်များ တန်းစီ၍ စင်မြင့်ပေါ်သို့တက်ရောက်လာကြသောအခါ ကျောင်းဆင်ဝင်အောက်မှ စည်တော်ကြီးတီးပေးသည်။ စည်တော်ယွန်း၍ တက်လာသောမြင်ကွင်းမှာ ကျက်သရေရှိလှပါသည်။ အစည်းအဝေးတက်ရောက်သူ အားလုံး (စုံထောက်များပါမကျန်) ပင်နီတိုက်ပုံဝတ်ဆင်ထားကြသည်။ ကိုဖိုးအုန်းက တိုင်ပေးပြီး အားလုံးမတ်တတ်ရပ်ကာ **"တို့ဗမာ"** သီချင်းကိုတက်ကြွစွာ သံပြိုင်သီဆိုကြသည်။ ကျောင်းဝင်းကြီးတစ်ဝင်းလုံး တို့ဗမာသီချင်းသံဖြင့် ဖုံးလွှမ်းသွားသည်။ ကိုအောင်ဆန်းက နာယကအဖြစ်ဆောင်ရွက်သည်။ ဆရာကြီးကိုယ်တော်မှိုင်းက အဖွင့်အမှာစကား ပြောကြားပေးသည်။ ဥက္ကဋ္ဌ ကိုအောင်ဆန်းက ၂၅ မျက်နှာရှိ မိန့်ခွန်း ရှည်ကြီးကို ဖတ်ကြားတင်ပြသည်။ လက်ခုပ်သံ တဖြောင်းဖြောင်းဖြင့် အားပေးကြသည်။ အိန္ဒိယဝန်ကြီးချုပ် နေရူး၏ သဝဏ်လွှာကို အတွင်းရေးမှူး ကိုမြစိန်က ဖတ်ကြား တင်သွင်းသည်။ နှစ်ပတ်လည်အစီရင်ခံစာ ဖတ်ကြားတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ထောက်ခံခြင်းများ ပြုလုပ်ကြသည်။

၂၅-၄-၁၉၃၈ ရက်နေ့တွင် ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပသည်။ အသင်းဥက္ကဋ္ဌဟောင်း ကိုရာရှစ်က အင်္ဂလိပ်ဘာသာဖြင့် ဆုံးမစကားပြောကြားကာ မြစ်ကြီးနားမြို့တွင် နယ်ချဲ့အစိုးရက ပြည်သူများကို ဖိနှိပ်ချုပ်ချယ်ကြောင်း တစ်နာရီခန့် ပြောကြားပါသည်။ အဆိုတင်ခြင်း၊ ဆွေးနွေးခြင်း စသည်တို့ပြုလုပ်ကြသည်။ အတည်ပြုချက်များတွင် ရန်ကုန်တက္ကသိုလ်မှ ကိုဗဟိန်း တင်သွင်းပြီး မန္တလေးဥပစာကောလိပ်မှ ကိုတိုးရင် ထောက်ခံသည်။ "ကျောင်းသားများ နိုင်ငံရေးဝင်လုပ်ခွင့်" အဆိုကိုလည်း အတည်ပြုချက်တစ်ချက်အဖြစ် ပါဝင်သည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ အလေးမပြိုင်ပွဲကို ထည့်သွင်းကျင်းပခဲ့ရာ ဆုရရှိသူများကို ဆရာကြီးသခင်ကိုယ်တော်မှိုင်းက ချီးမြှင့် ပေးပါသည်။ အစည်းအဝေးနာယက ကိုအောင်ဆန်းက နိဂုံးချုပ်အမှာစကား ပြောကြားပြီး "တို့ဗမာသီချင်း" သံပြိုင် သီဆိုကာ ဒုတိယနေ့ အစည်းအဝေးကို ရုပ်သိမ်းပါသည်။

ဤသို့ အနာဂတ်၏ ခေါင်းဆောင်လောင်းများဖြစ်ကြသည့် တက္ကသိုလ်ကျောင်းသားကြီးများနှင့် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ ကိုဇော်ဝိတ်၊ ကိုသန်းထွန်းတို့ ကျွန်ုပ်တို့ ပုသိမ်မြို့ အမျိုးသားကျောင်းတွင် ညီလာခံလာရောက်ကျင်းပခဲ့သည့်အတွက် များစွာ ဂုဏ်ယူလျက် ရှိပါသည်။ ထိုညီလာခံကျင်းပနေချိန်တွင် ပုသိမ်အမျိုးသားကျောင်းသားများဖြစ်ကြသော မောင်တင်ဦး (နောင်တွင် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး သူရတင်ဦး)၊ မောင်ညွန့်မောင် (နောင်တွင် နိုင်ငံ့ဂုဏ်ရည် ဒုတိယအဆင့်ရ ဦးညွန့်မောင် (ပန်းချီ))၊ မောင်ဖေသိန်း အာရှလူငယ် (နောင်တွင် နိုင်ငံရေးကာတွန်းတွင် လျှမ်းလျှမ်းတောက်ကျော်ကြားသူ ကာတွန်း ဦးဖေသိန်း)၊ မောင်အောင်ရှိန် (ဦးရုံစား၊ ဒိန်းဒေါင် ဇာတ်ကောင်အပါအဝင် ဇာတ်ကောင်ပေါင်းမြောက်မြားစွာတို့၏ ဖန်တီးရှင် ကာတွန်းဦးအောင်ရှိန်)၊ မောင်ဝင်းမောင် (အမျိုးသားစာပေဆု တစ်သက်တာ အမျိုးသားစာပေဆု အပါအဝင် စာပေဆုများရှင် ဆရာကြီးမင်းယုဝေ)တို့သည် အလယ်တန်းကျောင်းသားကလေးများအဖြစ် ရှိနေခဲ့ကြသည်။

**နိုင်ငံရေးအစ ဗိုလ်ချုပ်က (ဝါ)**

**လွတ်လပ်ရေးအစ ဗိုလ်ချုပ်က**

ဗိုလ်ချုပ်ရွာသူ ရွာသား အဆက်ဆက် ဂုဏ်ယူပြောကြားလျက်ရှိသော စကားဖြစ်သည်။ ဗိုလ်ချုပ်တွင် ရခိုင်၊ ကရင်၊ ဗမာလူမျိုးများစုပေါင်းနေထိုင်ကြသည်။ တစ်ရွာလုံးနီးပါးရှိ ရခိုင်လူမျိုးများသည် ရိုးသားကြသည်၊ ဘာသာတရားကိုင်းရှိုင်းသည်၊ စပါးစိုက်ခြင်း၊ တောင်ယာစိုက်ခြင်း၊ အုန်းသားထုတ်လုပ်ခြင်းတို့ဖြင့် အသက်မွေးကြသည်။ ရိုးမတောင်ကို ကျောထောက်နောက်ခံထား၍ အရှေ့တွင် ကျယ်ပြန့်သော သဲသောင်ပြင်ရှိသည်။ ကမ်းခြေအလှက ဆွဲဆောင်မှုရှိသည်၊ မြေပဲများလည်း နှမ်း မိုး၊ ဆောင်း စိုက်ပျိုးကြသည်။ ကမ်းခြေတွင် ရေကူးသူတို့အတွက် အန္တရာယ်ကင်းသည်၊ လှိုင်းအိကလေးများသာရှိသည်။ အင်္ဂလိပ်ခေတ်က လေယာဉ်ကွင်းငယ်ရှိသည်၊ မျက်နှာဖြူများလေကြောင်းမှလည်းကောင်း၊ ရေကြောင်းမှလည်းကောင်း လာရောက်ပြီး အပန်းဖြေရေကူးကြကြောင်း သိရသည်။ တစ်နေ့တည်း လေယာဉ်ကိုးစင်းအထိ လာရောက်ဖူးကြောင်း ပြောကြသည်။ ဗိုလ်ချုပ်တွင် ဘုန်းတော်ကြီးကျောင်း သုံးကျောင်းရှိရာ ကျောင်းဟောင်း ဆရာတော်မှာ သာသနာရေးသာမက မြန်မာ့အရေးကိုပါ ဂရုစိုက်သူဖြစ်သည်။ ဆရာတော်သည် ဦးဥတ္တမနှင့် ဦးဝိစာရကို ထောက်ခံသည်။ ရွာသားများကို အမျိုးသားရေးစိတ်ဓာတ် သွတ်သွင်းပေးပြီး နယ်ချဲ့ဆန့်ကျင်ရေးကို အစဉ်တစိုက်ဟောပြောသူ ဆရာတော်တစ်ပါး ဖြစ်ပါသည်။

ဗကသဥက္ကဋ္ဌ ကိုအောင်ဆန်းနှင့် ကျောင်းသားခေါင်းဆောင်များသည် ပုသိမ်ညီလာခံပြီးသောအခါ သင်္ဘောစင်းလုံးငှား၍ အပန်းဖြေခရီးအဖြစ် မော်တင်စွန်းသို့ထွက်ခဲ့ကြသည်။ ၂၆-၄-၁၉၃၈ ရက်နေ့ နံနက် ၆ နာရီတွင် ကျောင်းသား ၇၀ ခန့် ပါဝင်သောအဖွဲ့သည် ဟိုင်းကြီးသို့ ညနေတွင် ရောက်သည်။ စက်လှေဖြင့် ဆက်ထွက်လာကြပြီး ကမ်းခြေသို့ရောက်သည့်အခါ အောက်လင်းဓာတ်မီးကြီးများ တထိန်ထိန်ဖြင့် အထုပ်ကိုယ်စီထမ်းကာ ဆက်ထွက်ကြသည်။ မော်တင်သို့ ည ၁၁ နာရီခန့်တွင် ရောက်ပါသည်။ ၂၇ ရက်နေ့ နံနက်တွင် ကမ်းခြေမှာ လမ်းလျှောက်သူက လျှောက်၊ ကိုယ်လက်ကြံ့ခိုင်ရေးလုပ်သူကလုပ်၊ ကမ်းခြေတွင် ဘောလုံးကစားသူက ကစား၊ ရေကူးသူက ကူး၍ ပျော်နေကြသည်၊ ကျောင်းသားတစ်ယောက် ရေနစ်သောအခါ ရေမကူးတတ်သော အညာသား ကိုအောင်ဆန်းက ကယ်ရန်ပြေးဆင်းသွားပြီး သူပါ ရေနစ်တော့သည်။

ကိုဇော်ဝိတ်နှင့် ရေကူးကျွမ်းသူ နှစ်ယောက်၊ သုံးယောက် ပြေးဆင်းသွားပြီး ရေနစ်သူ နှစ်ယောက်စလုံးကို ကယ်ခဲ့ကြရသည်။ ကိုအောင်ဆန်း၏ စရိုက်က သူတစ်ပါး ဒုက္ခရောက်နေတာကို တွေ့ရှိရပါက မိမိအသက်ကိုပင် ဂရုမစိုက်နိုင်ဘဲ ကူညီတတ်ကြောင်း ပေါ်လွင်နေပါသည်။ ကိုအောင်ဆန်းသာ ထိုစဉ်က ရေနစ်ဆုံးရှုံးသွားပါက မြန်မာ့လွတ်လပ်ရေးသမိုင်းကြောင်းသည် တစ်မျိုးတစ်ဖုံပြောင်းလဲသွားနိုင်ပါသည်။ ညဘက်ရောက်သည့်အခါ အုပ်စုလိုက်ခွဲပြီး နိုင်ငံရေး ဆွေးနွေးပွဲလုပ်ကြသည်။ အနာဂတ် မြန်မာနိုင်ငံအတွက် အစီအစဉ်ရေးဆွဲကြသည်။ မော်တင်စွန်းသို့ ထွက်ခွာလာကြသည်မှာ အပန်းဖြေခရီးဟု အမည်တပ်ထားသော်လည်း နိုင်ငံရေးဆွေးနွေးပွဲများ ပြုလုပ်ရန်မှာ အဓိကရည်ရွယ်ချက်ဖြင့် လာခဲ့ကြခြင်းဖြစ်ပါသည်။

သောင်ပြင်လမ်းလျှောက်သော အဖွဲ့မှာ မြွေတောင်(ငွေတောင်)သို့ ရောက်သွားကြသည်။ မြွေတောင်မှာ မော်တင်စွန်းမှ ခုနစ်မိုင်ခန့်ဝေးသည်။ နေကလည်းမြင့်၊ ပင်လည်းပင်ပန်း၊ ဆာလည်းဆာသဖြင့် ရွာဆီသို့ တက်လာကြသည်။ ရွာအမည်က ဗိုလ်ချုပ်၊ ဗိုလ်ချုပ်ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိသောအခါ ဆရာတော်ဘုရားကြီးကို ဦးချကြသည်။ ရန်ကုန်တက္ကသိုလ်မှ ကျောင်းသားများဖြစ်ကြောင်း၊ ပုသိမ်ညီလာခံ အပြီးမှာ အပန်းဖြေထွက်လာကြခြင်း ဖြစ်ကြောင်း လျှောက်ထားသောအခါ ဆရာတော်က ဝမ်းသာသည်။ ဆရာတော်က ခေတ်ကို မျက်ခြည်ပြတ်သူ မဟုတ်၊ လွတ်လပ်ရေးကို မြော်တွေးသူ ဖြစ်သည်။ အစားအသောက်များ ကျွေးမွေးသည်။ ကျောင်းသားများက ထမင်းမစားမီ တို့ဗမာသီချင်းဆိုပြီးမှ စားကြသည်။ ဆရာတော်နှင့် ရွာသားများမှာ တပြုံးပြုံးဖြင့် သဘောကျနေကြသည်။ ၎င်းတို့တွင် ကျောင်းသားခေါင်းဆောင်များ ပါဝင်ကြောင်း ပြောကြားသည့်အခါ ဆရာတော်က လာရောက် တရားဟောပေးပါရန် ဖိတ်ကြားပါသည်။ ရွာဆော်တစ်ဦးက ရွာခလေ့အရ ဗျို့ဟစ်သည်။

"သဗ္ဗူရိုသန္တယ်ဝင်သူတော်စဉ်အပေါင်းတို့ခင်ဗျာ၊ မွန်းတည့် ၁၂ နာရီအချိန်တွင် ကျောင်းဟောင်း ဘုန်းတော်ကြီးကျောင်း၌ ကာယဗလတရားနှင့် သခင်ကျောင်းသားများက နိုင်ငံရေးတရားဟောကြားမည်ဖြစ်ပါသဖြင့် အတူတကွ တရားတော်နာယူရန်အတွက် ကြွရောက်ကြပါရန် အကျိုးမျှော်၍ နှိုးဆော်ဖိတ်ကြားအပ်ပါတယ်ဗျို့"တဲ့။

၂၈ ရက်နေ့ နံနက် ၄ နာရီခန့်တွင် ပါလာသည့် စုံထောက်များ မရိပ်မိအောင် အချင်းချင်း လက်တို့၍ ထွက်လာခဲ့ကြသည်။ ကိုအောင်ဆန်း၊ ကိုသန်းထွန်း၊ ကိုဇော်ဝိတ်၊ ကိုထွန်း၊ ကိုဗဟိန်း၊ ကိုလှရွှေတို့ ဖြစ်ကြသည်။ ကျောင်းသို့ စောစောရောက်သောအခါ ဆရာတော်နှင့် ဒါယကာ ဒါယိကာမများက ကျေးလက်အစားအစာများ၊ အုန်းသီးနုနုလေးများကို ခြစ်ပြီး အုန်းရေနှင့် သောက်ရသော အုန်းကြာဆံများဖြင့် ကျွေးမွေးညှော့ခံသည်။ စားသောက်ပြီးကြသောအခါ ကျောင်းဝင်းထဲရှိ အုန်းပင်များအောက် မြေပေါ်တွင်ပင် ဟောပြောပွဲပြုလုပ်သည်။ စားပွဲဝိုင်းတစ်ခုချထားပြီး ရေချိုင့် တင်ထားသည်။ ဆရာတော်နှင့် ရဟန်းသုံးပါးက ထိုင်ခုံများဖြင့် ထိုင်ကြသည်။

တရားပွဲမစမီ ကိုဇော်ဝိတ်ကြီးက ခါးတောင်းမြှောင်အောင်ကျိုက်၍ ကိုယ်ဟန်အမျိုးမျိုးဖြင့် ကာယဗလပြသည်။ ကြွက်သားစိုင်ကြီးများကို အမျိုးမျိုးလှုပ်ပြသည်။ ကလေးလူကြီး အားလုံး တဝါးဝါး တဟားဟားဖြင့် သဘောကျနေကြသည်။ တချို့က လာရောက်ကိုင်ကြည့်ကြသည်။ ကာယဗလပြပြီးသောအခါ တရားပွဲစသည်။ ကိုသန်းထွန်း၊ ကိုဗဟိန်း၊ ကိုအောင်ဆန်းတို့က နိုင်ငံရေးတရားဟောသည်။ ကိုအောင်ဆန်းသည် နယ်ချဲ့စနစ်၏ ဆိုးဝါးပုံ၊ မြန်မာနိုင်ငံသားများအပေါ်တွင် ဗိုလ်ကျစိုးမိုးပြီး အမျိုးမျိုးနှိပ်စက်ညှဉ်းပန်းကြကြောင်း၊ အလုပ်သမား၊ လယ်သမားများအပေါ်တွင် မတရားသော ဥပဒေအမျိုးမျိုးဖြင့် နှိပ်ကွပ်ကြောင်း၊ သူတို့ကိုယ်သူတို့ သခင်လိုသဘောထားပြီး မြန်မာနိုင်ငံသားတွေကို ကျွန်အဖြစ် သဘောထားကြကြောင်း၊ အမှန်မှာ ကျုပ်တို့တွေဟာ သခင်လူမျိုးတွေဖြစ်ကြောင်း ပီပီပြင်ပြင် ဟောပြောသည်။ နိုင်ငံလွတ်လပ်ရေးရမှဖြစ်မယ်၊ လွတ်လပ်ရေးကို နယ်ချဲ့ဆီကနေ လက်နက်နဲ့တိုက်ယူမှရမယ်၊ လက်ဖြန့်တောင်းနေလို့တော့ရမှာ မဟုတ်ဘူး၊ အလုပ်သမား၊ လယ်သမား၊ ရခိုင်၊ ကရင်၊ ရှမ်း၊ ချင်း၊ မြန်မာစတဲ့ ကျုပ်တို့အားလုံးလက်တွဲပြီး လွတ်လပ်ရေးကို တိုက်ယူရမယ်၊ လက်နက်ကိုင်တိုက်ပွဲဝင်မှ သူပုန်ထမှရမယ်၊ ဒါကြောင့် သူပုန်ထရမယ်လို့ ပြောနေရင်း ပိုမိုအရှိန်တက်လာကာ "သူပုန် … သူပုန် … ထထ" လို့ တိုင်ပေးလိုက်ရာ ကျောင်းသားခေါင်းဆောင်များကလည်း လက်သီးလက်မောင်းတန်းကာ အော်ကြသည်။ ရွာသားများကို ဆရာတော်က ဟဲ့ အော်ကြလေလို့ ဆိုလိုက်သည့်အခါမှ ဝိုင်းအော်ကြသည်။ ကိုအောင်ဆန်းသည် လက်နက်ကိုင် တိုက်ပွဲဝင်ရန် ထိုအချိန်ကတည်းက ဆုံးဖြတ်ထားခဲ့ပုံရပါသည်။ ကိုဗဟိန်းက ရေနံမြေအလုပ်သမားများအကြောင်း၊ သခင်သန်းထွန်းက ဆရာစံသူပုန်ထရခြင်းနှင့် လယ်သမားများ၏ ဒုက္ခကို ဟောပြောသည်။

ဟောပြောပွဲပြီးသောအခါ ဆရာတော်ကြီးနှင့် ရွာသားများက ကျောင်းပေါ်တွင် ညှော့ခံကျွေးမွေးသည်။ ရန်ကြီးအောင်ဟု ရေးထားသော စားပွဲကြီးပေါ်တွင် ဟင်းခွက်များပြည့်နေသည်။ ကိုအောင်ဆန်းက စားပွဲမှ စာကို တွေ့လိုက်ရသောအခါ အားပါးတရ ပြုံးလိုက်ပြီး "ဒါကျုပ်တို့တိုက်ပွဲအတွက် မင်္ဂလာရှိတဲ့ အောင်နိမိတ်ပဲဗျ"ဟု ပြောလိုက်သည်။ ထမင်းမစားမီ တို့ဗမာသီချင်းကို သံပြိုင်သီဆိုပြီးမှ စားသောက်ကြသည်။ ဤအဖြစ်အပျက်မှ နောက် လေးနှစ်ကြာသောအခါ ကိုအောင်ဆန်းသည် မြန်မာ့မျိုးချစ်တပ်မတော်၏ စစ်သေနာပတိ ဖြစ်လာလိမ့်မည်ဟု ထိုစဉ်က တွေးထင်မိကြမည် မဟုတ်ပေ။

ဗိုလ်ချုပ်ရွာသားများက ဤသည်ကို ဂုဏ်ယူလျက်ရှိသည်။ ကိုအောင်ဆန်းသည် ၁၉၃၈ ခုနှစ် ဧပြီလ ၂၈ ရက်နေ့တွင် ရွာမှာ တရားလာ ဟောပြီး ထိုနှစ် အောက်တိုဘာလတွင် နိုင်ငံလွတ်လပ်ရေးအတွက် ကြိုးပမ်းရန် နိုင်ငံရေးနယ်သို့ ခြေစုံပစ်ဝင်သွားသည်။ တို့ဗမာအစည်းအရုံး၏ အထွေထွေအတွင်းရေးမှူးအဖြစ် ဆောင်ရွက်သည်။ ၁၉၄၀ ပြည့်နှစ်တွင် အသက် ၂၅ နှစ်တွင် စစ်ပညာသင်ယူရန် ဂျပန်သို့ ထွက်ခွာပြီး ၁၉၄၁ ခုနှစ်တွင် မြန်မာ့တပ်မတော်စစ်ဦးစီးချုပ်ဖြစ်လာသည်။ ထို့ကြောင့် ဗိုလ်ချုပ်ရွာသားများက "နိုင်ငံရေးအစ ဗိုလ်ချုပ်က" "လွတ်လပ်ရေးအစ ဗိုလ်ချုပ်က"ဟု သားစဉ်မြေးဆက် ဂုဏ်ယူလျက်ရှိကြရာ ယနေ့တိုင်ဖြစ်ပါသည်။

၁၉၂၀ ပထမကျောင်းသားသပိတ်မှ မွေးဖွားပေးလိုက်သော မျိုးချစ်ကျောင်းသားများ၏ ကိုယ်ကျိုးစွန့်အနစ်နာခံပြီး တိုက်ပွဲဝင်ခဲ့မှုကြောင့် နိုင်ငံတော်ကြီး သူ့ကျွန်ဘဝမှ လွတ်မြောက်ခဲ့ရပါသည်။ အမျိုးသားကျောင်းများသည် မျိုးချစ်ပုဂ္ဂိုလ်များကို မွေးထုတ်ပေးသော စက်ရုံများသဖွယ်ဖြစ်သည်ဟူသော စကားမှာ ရာနှုန်းပြည့် မှန်ကန်လှပါသည်။ ဤဆောင်းပါးတွင် အမည်ပါဝင်သော ကျောင်းသားခေါင်းဆောင်များမှာ မြန်မာတစ်နိုင်ငံလုံးရှိခဲ့သော ကျောင်းသားထုတစ်ရပ်လုံးကို ကိုယ်စားပြုပါသည်။ ယခုခေတ်လူငယ်များအနေဖြင့် မိမိနိုင်ငံနှင့် လူမျိုးတို့၏ သမိုင်းကိုသိရှိအောင်လေ့လာဖို့ လိုအပ်ပါသည်။

သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက **"သမိုင်းသင်တာ မအ,အောင် သင်တာ"** ဟု ပြောဖူးပါသည်။ ၁၉၄၅ ခုနှစ် ဖက်ဆစ်တော်လှန်ရေးကာလတွင် ဗိုလ်ချုပ်အောင်ဆန်းက စာရေးဆရာ ကိုကိုမောင်ဖြစ်မည့် လူငယ်အား "ငါမင်းကို အမြဲတမ်းအသုံးဝင်မယ့်စကားပြောလိုက်မယ်။ အဲဒါတခြားမဟုတ်ဘူး။ သမိုင်းစာအုပ်မှန်ရင် ဘာစာအုပ်ဖြစ်ဖြစ်ဖတ်၊ သမိုင်းမသိရင်လည်း ဘာမှမသိနိုင်ဘူး။ ဒါကြောင့် မင်း သမိုင်းစာအုပ်တွေ ဖတ်ပါကွာ"ဟု မိန့်ကြားခဲ့ပါသည်။ လူငယ်မျိုးဆက်သစ်များအနေဖြင့် သမိုင်းကိုလေ့လာခြင်းဖြင့် အမျိုးသားကျောင်းများနှင့် ကျောင်းသားထုတစ်ရပ်လုံး၏ လွတ်လပ်ရေးကြိုးပမ်းမှုကို သိရှိနိုင်ကြပါစေဟု ဆန္ဒပြုရင်း ရာပြည့်အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုအပ်ပါသည်။ ။

"၁၉၂၀ ပထမကျောင်းသားသပိတ်မှ မွေးဖွားပေးလိုက်သော မျိုးချစ်ကျောင်းသားများ၏ ကိုယ်ကျိုးစွန့်အနစ်နာခံပြီး တိုက်ပွဲဝင်ခဲ့မှုကြောင့် နိုင်ငံတော်ကြီး သူ့ကျွန်ဘဝမှ လွတ်မြောက်ခဲ့ရပါသည်။ အမျိုးသားကျောင်းများသည် မျိုးချစ်ပုဂ္ဂိုလ်များကို မွေးထုတ်ပေးသော စက်ရုံများ သဖွယ်ဖြစ်သည်ဟူသောစကားမှာ ရာနှုန်းပြည့် မှန်ကန်လှ"

**စာကိုး-**


၁။ ဦးဘသန်း၏ မြန်မာရာဇဝင်

၂။ ၂၀၁၄ (ပုသိမ်အမျိုးသားကျောင်း) အထက (၂) မြတ်ဆရာပူဇော်ပွဲ အထိမ်းအမှတ် ထုတ်ဝေသော နေရှင်နယ်မဂ္ဂဇင်းပါ သူရဦးတင်ဦး၏ဥယျောဇဉ် ကောက်နုတ်ချက်နှင့် သင်းမြတ်(ပုသိမ်)၏ အမျိုးသားနိုင်ငံရေးနှင့် အမျိုးသားသမိုင်းကြောင်းထဲက ပုသိမ် အမျိုးသားကျောင်း ဆောင်းပါး။

၃။ မိဖုံနှင့် နီဂရေ့ဆ်လင်းတို့၏ မော်တင်စွန်း အညွှန်းစာအုပ် (နေလုံးနီ စာကြည့်တိုက် ရန်ပုံငွေအဖြစ် ထုတ်ဝေသည်)

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
သတင်းထုတ်ပြန်ချက်အမှတ်၊ ၄၂ / ၂၀၂၀
၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၇ ရက်)

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** သို့ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည် -

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ ပင်းဘော ကျေးရွာနေ ဝင်းထွန်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁-၁၂-၂၀၂၀ ရက်နေ့တွင် မိုးကောင်းမြို့နယ်၊ ပင်းဘော ကျေးရွာနေ ဇေယျာနိုင် (ခ) ဖိုးတူး (၄၉) နှစ်၊ (ဘ) ဦးမောင်ရာ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရွာတည်းနေ ဝင်းထွန်း(၄၈) နှစ်၊ (ဘ)ဦးမောင်ညိုတို့ (၂) ဦးအား စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ပင်းဘော)မယ(ပ)၃၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့၊ ဈေးရုံ ဗိုလ်တဲရပ်ကွက်နေ မင်းညီသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၂-၁၀-၂၀၂၀ ရက်နေ့တွင် ကောလင်းမြို့၊ ဈေးရုံဗိုလ်တဲ ရပ်ကွက်နေ မင်းညီ(၄၆)နှစ်၊ (ဘ)ဦးဘဦး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းများ၊ အဆင့်နိမ့်ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကောလင်း) မယ(ပ) ၁၉၉/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့်အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်၊ သရက်ပင်လယ်ကျေးရွာနေ ခင်မောင်သန်း(ခ) အဲသေးသည် မူးယစ်ဆေးဝါးများ အကြီးအကျယ် ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၃-၁၁-၂၀၂၀ ရက်နေ့တွင် မော်လိုက်မြို့နယ်၊ သရက်ပင်လယ် ကျေးရွာနေ ခင်မောင်သန်း(ခ)ခင်မောင်စန်း(ခ)အဲသေး (၄၃)နှစ်၊(ဘ) ဦးဘုန်းမောင်၏ယာတဲအား ဝင်ရောက်ရှာဖွေရာ ၎င်းမှာကြိုတင် တိမ်းရှောင်နေပြီး တစ်ရွာတည်းနေ ပြူးတင် (၄၃) နှစ်၊ (ဘ) ဦးကျော်ခင်အား ဘိန်းဖြူများ၊ ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မော်လိုက်) မယ(ပ) ၈၅/၂၀၂၀၊မူး/စိတ်ပုဒ်မ၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ကလေးမြို့ပြည်သူ့ဆေးရုံ ပတ်ဝန်းကျင် အနီးတွင် မူးယစ်ဆေးဝါးများသုံးစွဲနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၅-၁၁-၂၀၂၀ရက်နေ့တွင် ကလေးမြို့၊ မြို့နယ်ပြည်သူ့ဆေးရုံအနီး ဘုရင့်နောင်လမ်းမပေါ်၌ မင်္ဂလာဥယျာဉ် ရပ်ကွက်နေ မင်းထိုက်မောင်(၂၅)နှစ်၊ (ဘ) ဦးမောင်မောင်မြင့်စိန်အား ဘိန်းဖြူများနှင့် အတူဖမ်းဆီးရမိသဖြင့် မမစ (ကလေး)မယ(ပ)၁၇၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် လည်းကောင်း၊ ဆက်လက်၍ ၎င်းဆေးရုံအနီး စကားဝါလမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်၌ ချမ်းမြေ့အောင်စည် ရပ်ကွက်နေ ဂိုရှမ်းမန်(၂၆)နှစ်၊(ဘ)ဦးဂိုဇနန်နှင့် အောင်မြေမာန် ရပ်ကွက်နေ အောင်ကျော်မိုး(၃၀)နှစ်၊ (ဘ) ဦးချစ်လွင် တို့(၂)ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကလေး)မယ(ပ) ၁၇၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့်လည်းကောင်း၊ ထပ်မံ၍ ၎င်းဆေးရုံအနီး ရွှေတောင်ကြားလမ်းမပေါ်၌ ဖောင်ကူးကျေးရွာနေ ရန်မင်းဆန်(ခ)ကိုမင်း(ခ)ကိုရန်(၃၈)နှစ်၊ (ဘ) ဦးဆန်းအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကလေး) မယ(ပ)၁၇၄/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် လည်းကောင်း အသီးသီးအမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့နယ်၊ ဝေသုက္ခိကျေးရွာနေ စိုးခိုင်ဦးနှင့်ဒေါ်စိန်သန်း တို့သည် မူးယစ်ဆေးဝါးများအကြီးအကျယ် ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃၀-၁၁-၂၀၂၀ ရက်နေ့တွင် ဗန်းမောက်မြို့နယ်၊ ဝေသုက္ခိ ကျေးရွာနေ စိုးခိုင်ဦး(၄၈)နှစ်၊ (ဘ)ဦးချစ်ခိုင်နှင့်ဇနီး ဒေါ်စိန်သန်း(၅၅)နှစ်၊ (ဘ) ဦးကျော်တို့၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းတို့နှင့်အတူ ပင်လည်ဘူးမြို့၊ မြို့မ(၂) ရပ်ကွက်နေ စိုးဝေအောင်(၂၉)နှစ်၊ (ဘ) ဦးအောင်စိုးတို့ (၃) ဦးအား စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မံစီကြီး)မယ(ပ)၁၀၅/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေး မြို့နယ်၊ သာစည်ကျေးရွာနေ အဲပေါက်စသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃-၁၂-၂၀၂၀ ရက်နေ့တွင် ကလေးမြို့နယ်၊ သာစည်ကျေးရွာ၊ ရွာလယ် တံတားအနီးလမ်းပေါ်၌ ၎င်းကျေးရွာနေ အဲပေါက်စ (ခ) အောင်တင်ဝင်း(၃၈)နှစ်၊ (ဘ)ဦးဘိုကြူးအား စိစစ်ရှာဖွေရာ ဘိန်းဖြူများ၊ ဂတ်စ်သေနတ်(၁)လက်နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကလေး) မယ (ပ)၁၇၇/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် လည်းကောင်း၊ မမစ (ကလေး) (ပ)၈၇၅/၂၀၂၀၊ လက်နက်ပုဒ်မ ၁၉ (စ) ဖြင့် လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ ကြိမ်မဲတောင်ကျေးရွာနေ နိုင်ငယ်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၂-၁၁-၂၀၂၀ ရက်နေ့တွင် ဘုတ်ပြင်းမြို့နယ်၊ ကြိမ်မဲတောင် ကျေးရွာနေ နိုင်ငယ် (၄၀) နှစ်၊ (ဘ) ဦးစိုးသင်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါစိတ်ကြွဆေးပြားများ၊ ဘိန်းစာမှုန့်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ကရသူရိ)မယ(ပ)၉/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၈ | ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့၊ မြို့မ (အနောက်) ရပ်ကွက်နေ ကိုအောင်ပု+မအေးရိပ်စံတို့သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၄-၁၁-၂၀၂၀ ရက်နေ့တွင် ဖြူးမြို့နယ်၊ သပြေတန်းကျေးရွာ လမ်းမပေါ်၌ ဆေးရုံရပ်ကွက်နေ ပြည့်ဖြိုးအောင်(၂၈)နှစ်၊ (ဘ) ဦးကိုကိုနိုင်အား WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဖြူး)မယ(ပ) ၁၁/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က) /၂၀ (က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပြီး စစ်ဆေးဖော်ထုတ်ချက်အရ ၎င်းကျေးရွာနေ မအေးရိပ်စံ(ခ)အေးအိစံ(၂၅) နှစ်၊ (ဘ)ဦးလှစိုးထံမှ ဝယ်ယူရရှိခဲ့ကြောင်းသိရှိရသဖြင့် ၎င်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ မိခင်ဖြစ်သူ ဒေါ်မူမူ (၅၀)နှစ်၊ (ဘ) ဦးတင်အောင်တို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး အဆိုပါမူးယစ်ဆေးဝါးများအား မြို့မ(အနောက်)ရပ်ကွက်နေ မအေးရိပ်စံ၏ခင်ပွန်း ဖြစ်သူ အောင်ပု(ခ)ရန်နိုင်ထွေး(၂၈)နှစ်၊ (ဘ)ဦးမြင့်သိန်းထံမှ ရောင်းချရန် အတွက်ရယူထားသည့် ဆေးပြားများဖြစ်ကြောင်း သိရှိရသဖြင့် အောင်ပု(ခ)ရန်နိုင်ထွေး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် တစ်စုံတစ်ရာ မတွေ့ရှိသော်လည်း ၎င်းတို့(၃)ဦးအား မမစ (ဖြူး)မယ(ပ)၁၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၉ | မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ ဝါးဖြူတောင်ကျေးရွာတွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၇-၁၁-၂၀၂၀ ရက်နေ့တွင် ရမည်းသင်းမြို့နယ်၊ ဝါးဖြူတောင် ကျေးရွာနေ ကျော်စွာဝင်း(၃၃)နှစ်၊ (ဘ) ဦးတင်ရွှေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ရမည်းသင်း)မယ(ပ)၃၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့်အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၀ | မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ်၊ ပြင်စည်ကျေးရွာအတွင်း မူးယစ်ဆေးဝါးများ အရောင်းအဝယ် ပြုလုပ်လျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၃၀-၁၁-၂၀၂၀ ရက်နေ့တွင် နွားထိုးကြီးမြို့နယ်၊ ပြင်စည် ကျေးရွာနေ ဇော်မျိုးလင်း(၃၃)နှစ်၊ (ဘ)ဦးအောင်သိန်း၏ နေအိမ်အားဝင်ရောက်ရှာဖွေရာ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(နွားထိုးကြီး)မယ(ပ) ၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ၁၆(ဂ) ဖြင့်လည်းကောင်း၊ ဆက်လက်၍ အဆိုပါကျေးရွာနေ ဆန်းသူအောင် (၃၀) နှစ်၊ (ဘ) ဦးမောင်ကို၏ ဆိုင်ကယ်ပြင်ဆိုင်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (နွားထိုးကြီး) မယ(ပ)၈/၂၀၂၀၊မူး/စိတ်ပုဒ်မ၁၆(ဂ) ဖြင့် လည်းကောင်း အသီးသီးအမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၁ | မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အဘစ်-ခလယ် တံခွန်တိုင်ကျေးရွာသွားလမ်းပေါ်၌ မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချသူ ပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၂၄)မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၄၁)ဦးတို့အား ဘိန်းစာရွက်များ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိ၍ ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၂၂-၁၁-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိအမှုများမှ ကွင်းဆက်သတင်းအရ မုဒုံမြို့နယ်၊ အဘစ်ကျေးရွာအနီး အဘစ်-ခလယ်တံခွန်တိုင်ကျေးရွာသွားကားလမ်းမပေါ်၌ သံဖြူဇရပ်မြို့၊ ဖောင်စိန်ရပ်ကွက်နေ အောင်သူရိန်ဦး (၂၁) နှစ်၊ (ဘ) ဦးအောင်စိုးမောင်နှင့်ပြီး တစ်ရပ်ကွက်တည်းနေ စိုးဝင်း(၃၅)နှစ်၊(ဘ)ဦးနိုင်တို့(၂)ဦး စီးနင်းလာသည့် ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ကမာဝက်) မယ(ပ)၅၅/၂၀၂၀၊မူး/စိတ်ပုဒ်မ ၁၉ (က)/၂၁ဖြင့် လည်းကောင်း၊ ဆက်လက်၍ အဆိုပါလမ်းမပေါ်၌ ၎င်းမြို့နယ်၊ နီးပဒေါကျေးရွာနေ ဇော်ဦး(၃၉)နှစ်၊ (ဘ)ဦးဖေ မောင်းနှင်ပြီး တစ်ရွာတည်းနေ မြင့်ဦး (၄၀)နှစ်၊ (ဘ)ဦးထိန် တို့(၂)ဦး စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ကမာဝက်) မယ (ပ)၅၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့်လည်းကောင်း၊ အလားတူ ၂၈-၁၁-၂၀၂၀ ရက်နေ့တွင် အဆိုပါလမ်းမပေါ်၌ ၎င်းမြို့နယ်၊ ကလောသော့ကျေးရွာနေ အောင်ဆွေ(၄၂)နှစ်၊ (ဘ)ဦးနေဝင်း မောင်းနှင်လာသည့် D-Max ယာဉ်အားစိစစ်ရန် ရပ်တန့်ခိုင်းစဉ် ရပ်တန့်ပေးခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေးသဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ရာ ယာဉ်၏ရှေ့ရေတိုင်ကီအား ကျည်ထိမှန်ယာဉ်ရပ်တန့်သွားပြီး ယာဉ်၏အနောက်ခန်းအတွင်းမှ ဘိန်းစာရွက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ကမာဝက်) မယ (ပ) ၅၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အောင်ဇေယျတံတားကြီးအောက်တွင် မူးယစ်ဆေးဝါးရောင်းချသူများ များပြားနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၃-၁၁-၂၀၂၀ ရက်နေ့တွင် အင်းစိန်မြို့နယ်၊ ကမ်းနားအလယ် ရပ်ကွက်၊ အောင်ဇေယျတံတားအောက်ခြေရှိလမ်းမပေါ်၌ မရမ်းကုန်းမြို့နယ်၊ အမှတ်(၁)ရပ်ကွက်နေ သက်ဦးမောင်(ခ)အကြီးကောင် (၁၉)နှစ်၊ (ဘ) ဦးကျော်ဝင်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အင်းစိန်)မယ(ပ) ၁၆၄/၂၀၂၀၊ မူး/ စိတ်ပုဒ်မ ၁၆(ဂ) ဖြင့်အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁၀)တောင်၊ (၁၃)ရပ်ကွက်နေ စိုးမင်းသည် မူးယစ်ဆေးဝါးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၅-၁၁-၂၀၂၀ ရက်နေ့တွင် သာကေတမြို့နယ်၊ (၁၀)တောင်၊ (၁၃) ရပ်ကွက်နေ စိုးမင်း(၄၁)နှစ်၊ (ဘ)ဦးလှရွှေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဇနီးဖြစ်သူ မဖြူဖြူဝင်း(ခ) ဖြူကြီး(၄၀)နှစ်၊ (ဘ)ဦးခွေးနှင့် သားဖြစ်သူ ခန့်ဝင်း (၁၉)နှစ်၊ (ဘ)ဦးစိုးမင်းတို့(၃) ဦးအား စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (သာကေတ)မယ(ပ)၄၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁၄ | ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၁)ရပ်ကွက်နေ ဇော်ဇော်အောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၄-၁၂-၂၀၂၀ ရက်နေ့တွင် မြောက်ဥက္ကလာပမြို့နယ်၊ အမှတ် (၁) ရပ်ကွက်နေ ဇော်ဇော်အောင်(၂၇)နှစ်၊ (ဘ)ဦးခင်အောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅) ရပ်ကွက်တွင်နေထိုင်သော ဝင်းထက် (၁၉)နှစ်၊ (ဘ)ဦးအောင်မျိုးဝင်းနှင့် ထွန်းထွန်းဦး(၁၅)နှစ်၊ (ဘ)ဦးမြင့်သိန်းတို့ (၃)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မြောက်ဥက္ကလာပ)မယ(ပ)၉၃/၂၀၂၀၊မူး/စိတ်ပုဒ်မ၁၆(ဂ)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၅ | ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပ မြို့နယ်၊ (ည)ရပ်ကွက်နေ အောင်မျိုးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၄-၁၂-၂၀၂၀ ရက်နေ့တွင် မြောက်ဥက္ကလာပမြို့နယ်၊ (ည) ရပ်ကွက်နေ အောင်မျိုး(ခ)အောင်မျိုးဝင်း(ခ)သာတီဖိုး (၄၀)နှစ်၊ (ဘ) ဦးဘိုနီ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ဝေဘာဂီ) မယ(ပ)၆၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၆ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ ရပ်ကွက်(၅)အတွင်း မူးယစ်ဆေးဝါး သုံးစွဲ/ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၂၀)မှ ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၂၁)ဦး၊ မ(၅)ဦး၊ ပေါင်း(၂၆)ဦးတို့အား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိ၍ ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၂၅-၁၁-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိအမှုများမှ ကွင်းဆက်သတင်းအရ လားရှိုးမြို့၊ ရပ်ကွက်(၅)လမ်းမပေါ်၌ ရပ်ကွက်(၇)နေ မျိုးမြင့်(ခ)ဟူစိန်(၃၉)နှစ်၊ (ဘ)ဦးသန်းအား စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (လားရှိုး)မယ(ပ)၁၆၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် လည်းကောင်း၊ ဆက်လက်၍ ၃-၁၂-၂၀၂၀ ရက်နေ့တွင် အဆိုပါလမ်းမပေါ်၌ ၎င်းရပ်ကွက်နေ ဒေါ်အောင်မိန်း(၆၀)နှစ်၊ (ဘ)ဦးရွက်ဆိုင် မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့် အတူဖမ်းဆီးရမိသဖြင့် မမစ(လားရှိုး)မယ(ပ)၁၆၃/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က) ဖြင့်လည်းကောင်း အသီးသီးအမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၇ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ တောင်နီကျေးရွာနေ ဒေါ်လှလှ၏ ခြံအနီး မူးယစ်ဆေးဝါး ရောင်းချ/ သုံးစွဲသူများဖြင့် နေ့စဉ်စည်ကားလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၃-၁၂-၂၀၂၀ ရက်နေ့တွင် တောင်ကြီးမြို့နယ်၊ တောင်နီကျေးရွာနေ ဒေါ်လှလှ၏ ခြံအနီး ရွာလမ်းမပေါ်၌ ၎င်းကျေးရွာနေ ကျောက်ခဲ (၂၇)နှစ်၊ (ဘ) ဦးဝင်းမောင်အား စိစစ်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ရွှေညောင်) မယ(ပ)၅၁/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် လည်းကောင်း၊ ဆက်လက်၍ အဆိုပါရွာလမ်းမပေါ်၌ပင် ၎င်းမြို့နယ်၊ ရေပူကျေးရွာနေ ဖိုးလှိုင် (ခ)ထွန်းအောင်နိုင်(၂၃)နှစ်၊ (ဘ)ဦးနေမျိုးအား စိစစ်ရှာဖွေရာ WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ရွှေညောင်)မယ (ပ)၅၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် လည်းကောင်း အသီးသီးအမှုဖွင့် အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီး ရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၅-၁၂-၂၀၂၀ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၁၄၄၄)မှ ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၁၈၃၉) ဦး၊ မ(၃၆၆)ဦး၊ ပေါင်း(၂၂၀၅)ဦးဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၁၀၉၈၈.၀၅၀၄)ဂရမ်၊ ICE (၁၄၈၉.၄၂)ဂရမ်၊ ဘိန်း(၄၇၉၉၅.၁၇၈၈၆) ဂရမ်၊ အဆင့်နိမ့်ဘိန်း(၁၄၀၈.၉၆)ဂရမ်၊ ဘိန်းစာမှုန့် (၅၄၉၃၄.၄၀)ဂရမ်၊ ဘိန်းစာရွက်(၅၅၈၅၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅) လီတာ၊ စိတ်ကြွဆေးပြား (၆၉၇၈၈၂)ပြား၊ ဆေးခြောက် (၁၄၈၈၃.၂၀)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၆၄၀.၂၈) ဂရမ်၊ ဘိန်းစေ့ (၆၀) ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့်(၆၀.၁၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၂၉) လက်၊ ကျည်မျိုးစုံ(၆၆၉)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါး သတင်း များနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှု ကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **“မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန”** အောက်ဖော်ပြပါ တယ်လီဖုန်း/ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇-၃၉၀၂၀၀ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇-၃၉၀၂၃၃ |
| အီးမေးလ်လိပ်စာ | - | antinarcotics@presidentoffice.gov.mm |

# COVID-19 Safe Service Master Trainer ဆရာဖြစ်သင်တန်းနှင့် စစ်ဆေးရေးမှူးသင်တန်း ပထမအကြိမ် သင်တန်းဖွင့်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၇**

COVID–19 Safe Service Master Trainer ဆရာဖြစ်သင်တန်းနှင့် စစ်ဆေးရေးမှူးသင်တန်း (Inspector Train–ing for Inspection) ပထမအကြိမ် သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန နီလာအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ ဒုတိယဝန်ကြီး ဦးတင်လတ်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာရှိကြီးများ၊ ဌာနခွဲ တာဝန်ခံညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ ရုံးခွဲတာဝန်ခံများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်း (၁၁)သင်းတို့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု ‘စံ’သတ်မှတ်ပြဌာန်းရေးအဖွဲ့၊ မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအသင်းမှ သင်တန်းဆရာများ၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့အစည်းမှ တာဝန်ရှိသူများနှင့် သင်ကြားရေးဆရာများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ သင်တန်းသား၊ သင်တန်းသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၏ သင်တန်းဖွင့်ပွဲအထိမ်းအမှတ် Video Message နှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၏ သင်တန်းဖွင့်ပွဲအထိမ်းအမှတ် Video Message တို့ကို ဖွင့်လှစ်ပြသသည်။

ထို့နောက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ကိုဗစ်-၁၉ ကြောင့် ရပ်ဆိုင်းသွားသော ခရီးသွားလုပ်ငန်း ပြန်လည်စတင်နိုင်ရန်နှင့် ပြန်လည်ဦးမော့လာစေရန်အတွက် မိမိတို့ဝန်ကြီးဌာနမှ ကိုဗစ်-၁၉ ဆိုင်ရာ ခရီးသွားလုပ်ငန်း ကုစားမှုအစီအစဉ် (COVID–19 Tourism Relief Plan) နိုင်ငံတော်မှ ထုတ်ပြန်ထားရှိသည့် COVID–19 Economic Relief Plan(CERP) အပေါ်အခြေခံကာ ရေးဆွဲထုတ်ပြန်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ဆိုင်ရာ ခရီးသွားလုပ်ငန်းကုစားမှု အစီအစဉ်တွင် ပါဝင်သည့် လုပ်ငန်းစဉ်များအရ ခရီးသွားလုပ်ငန်း ဆောင်ရွက်ရာတွင် ခရီးသွားများ၊ ခရီးသွားများကို ဝန်ဆောင်မှုပေးမည့် ဝန်ထမ်းများ ကျန်းမာစေရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းစေရန် လိုအပ်ပါကြောင်း။

ထို့ကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် မိမိတို့ဝန်ကြီးဌာနတို့မှ ထုတ်ပြန်ထားသော လမ်းညွှန်မှုများကို စုစည်းပြီး National Tourism Guidelines ကို ထုတ်ပြန်ခဲ့ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီများမှ ခရီးသွားလုပ်ငန်း ပြန်လည်စတင်ခွင့်ပြုပေးသည့်အချိန်တွင် ထုတ်ပြန်ထားသော Guidelines များနှင့် ကိုက်ညီမှုကို တာဝန်ရှိသူများက ပူးပေါင်းစိစစ်ပြီး Regional အဆင့်တွင် ဖွင့်လှစ်ခွင့်ပြုပေးခဲ့ပါကြောင်း၊ မြန်မာနိုင်ငံကို safe to travel destination တစ်ခုအဖြစ် နိုင်ငံတကာခရီးသွားများက သိမြင်လက်ခံလာအောင် ဆောင်ရွက်ရန် လိုအပ်သည့်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းကာ “Enchanting Myanmar Health and Safety Protocol” ကို ပြုစုရေးဆွဲခဲ့ပါကြောင်း၊ Regional အဆင့် ဖွင့်လှစ်ခွင့်ပြုရာတွင် အသုံးပြုခဲ့သည့် National Tourism Guidelines များ ကျင့်သုံးနိုင်ရန် စနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့် သင်တန်းများပေးရန်နှင့် လိုက်နာကျင့်သုံးမှုကို အခါအားလျော်စွာ ပုံမှန်စစ်ဆေး အသိအမှတ်ပြုရန် ဖြစ်ပါကြောင်း၊ ထိုသို့ သင်တန်းများပေးရန်နှင့် စစ်ဆေးမှုများကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့အစည်း၊ မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု ‘စံ’သတ်မှတ်ပြဌာန်းရေးအဖွဲ့၊ မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအသင်းတို့နှင့် ပူးပေါင်းပြုလုပ်သွားမည်ဖြစ်ကာ လိုအပ်သည့် သင်တန်းဆရာနှင့် စစ်ဆေးရေးမှူးများကို အမျိုးသားအဆင့် မွေးထုတ်ပေးသွားမည် ဖြစ်ပါကြောင်း။

စစ်ဆေးအောင်မြင်သူများကို မိမိတို့ဝန်ကြီးဌာန အသိအမှတ်ပြု Safe Tourism Myanmar Stamp အသုံးပြုခွင့်ပေးသွားမည်ဖြစ်ပြီး မိမိလုပ်ငန်း၏ Safe Service ကို promote လုပ်နိုင်မည်ဖြစ်ပါကြောင်း၊ World Travel and Tourism Council အဖွဲ့အစည်းနှင့် ညှိနှိုင်းပြီး WTTC ၏ နိုင်ငံတကာအဆင့် Safe Travel Logo ထည့်သွင်းပေးအပ်နိုင်ရေးကိုလည်း WTTC မှ ချမှတ်ထားသော Guidelines များနှင့်အညီ Country partner ရယူဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယင်းအစီအစဉ်များအရ Health and Safety SOP နှင့် Operator Manual များထုတ်ဝေခြင်း၊ Safe Travel Myanmar အစီအစဉ်တွင် ဟိုတယ်နှင့် ခရီးသွားဆိုင်ရာ လုပ်ငန်းများ၊ Online မှတ်ပုံတင်နိုင်ရေး စသည့်လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ခရီးသွားကန့်သတ်ချက်များ ပြန်လည်ဖြေလျှော့သည့်အခါတွင် Sightseeing Flight ခရီးစဉ်များ၊ River cruise ခရီးစဉ်များ၊ Caravan tour များစတင်နိုင်ရန်အတွက် Health and Safety Protocol နှင့်အညီ စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် သင်ကြားရေးဆရာများက သင်တန်းဖွင့်လှစ်ခြင်း၏ အကျိုးရလဒ်များကို ဆွေးနွေးတင်ပြကာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က သင်ကြားရေးဆရာများနှင့် သင်တန်းသားများကို မိမိတို့ တတ်သိနားလည်ကျင့်သုံးဆောင်ရွက်နေသည့် ပညာရပ်များကို အပြည့်အဝမျှဝေပေးရန်နှင့် သင်တန်းသားများအနေဖြင့်လည်း ဆရာများ၏သင်ကြားမှုကို မှတ်သားနာယူလိုက်နာပြီး သင်တန်းပြီးဆုံးပါက မိမိတို့သက်ဆိုင်ရာ ဒေသအသီးသီးတွင် သင်ယူခဲ့သည့် ပညာရပ်များကို ကောင်းစွာပြန်လည်အသုံးချကာ မြန်မာနိုင်ငံ၏ အမှတ်တံဆိပ် (Brand)ကို ပြန်လည်တည့်မတ်ပေးကြရန် တိုက်တွန်းပြောကြားသည်။

အဆိုပါသင်တန်းများကို (၁)ကြိမ်လျှင် သင်တန်းသား ၃၀ ပါဝင်ကာ သင်တန်း (၁၀)ကြိမ်ဖြင့် စုစုပေါင်းသင်တန်းသား ၃၀၀ ကို တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးအတွက် မွေးထုတ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**ပြင်ဆင်သိမှတ်ပေးပါရန်**

၇-၁၂-၂၀၂၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ခရီး တက္ကသိုလ်အိပ်မက် ဆောင်းပါး၏ စာမျက်နှာ ၈ နှင့် ၉ ၌ ပါရှိသည့် ရန်ကုန်တက္ကသိုလ်ဥပဒေကြမ်းကို “ဟန်းတားဥပဒေကြမ်း”(အစား) **ရန်ကုန်တက္ကသိုလ်ဥပဒေကြမ်းကို “ဟန့်တားဥပဒေကြမ်း”**ဟု လည်းကောင်း၊ ရန်ကုန်တက္ကသိုလ်ဥပဒေ(ဟန်းတားဥပဒေ)(အစား) **ရန်ကုန်တက္ကသိုလ်ဥပဒေ(ဟန့်တားဥပဒေ)**ဟု လည်းကောင်း ပြင်ဆင်သိမှတ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**စာတည်းအဖွဲ့**

# မဲစာရင်းမိတ္တူကူးယူရန်ကိစ္စနှင့်စပ်လျဉ်း၍ အသိပေးကြေညာချက်ထုတ်ပြန်ခြင်း

၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၇ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများကို ၂၅-၇-၂၀၂၀ ရက်နေ့မှ ၁၄-၈-၂၀၂၀ ရက်နေ့အထိ တစ်ကြိမ်၊ ၁-၁၀-၂၀၂၀ ရက်နေ့မှ ၁၄-၁၀-၂၀၂၀ ရက်နေ့အထိ တစ်ကြိမ် မဲဆန္ဒရှင်ပြည်သူများသို့ နှစ်ကြိမ် အသိပေးကပ်ထား ကြေညာခဲ့ပါသည်။ အင်တာနက်အွန်လိုင်းပေါ်တွင်လည်း မဲစာရင်းများကို တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကြည့်ရှုစစ်ဆေးနိုင်ရန် တင်ထားခဲ့ပါသည်။

၂။ မဲစာရင်းများကို နယ်မြေဒေသအလိုက် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအား မဲဆန္ဒနယ်အလိုက် Soft Copy CD (PDF Format) ဖြင့် ပေးအပ်နိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၃၀-၉-၂၀၂၀ ရက်စွဲပါစာအမှတ်၊ ၄/ရကပ (၂၅၅)/ကမရ ဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ကော်မရှင်အဖွဲ့ခွဲများသို့ အကြောင်းကြားခဲ့ပါသည်။ မိတ္တူကို နိုင်ငံရေးပါတီများအားလုံးသို့ ပေးပို့ခဲ့ပါသည်။

၃။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် မဲစာရင်းမိတ္တူ ကူးယူလိုကြောင်း တင်ပြတောင်းခံလာသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများကို သက်ဆိုင်ရာ လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၁၅ (ခ) (၁) နှင့်အညီ အခမဲ့ကူးယူခွင့်ပြုခဲ့ပါသည်။ သို့ရာတွင် ရွေးကောက်ပွဲကျင်းပပြီးစီးသည့်နေ့အထိ အခြားသူတစ်ဦးဦးက နည်းဥပဒေ ၁၅ (ခ) (၂) အရ ခိုင်လုံသော အကြောင်းပြချက်များဖြင့် မဲစာရင်းမိတ္တူရရှိလိုကြောင်း လျှောက်ထားတောင်းခံလာပါက နည်းဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ထုတ်ပေးနိုင်သော်လည်း လျှောက်ထားတောင်းခံလာခြင်းမရှိပါ။

၄။ ရွေးကောက်ပွဲကျင်းပပြီးစီးခဲ့ပြီး မဲရလဒ်များကြေညာပြီးသည့် အချိန်တွင်မှ ရွေးကောက်ပွဲနေ့တွင် မဲစာရင်း၌မပါရှိသော မဲဆန္ဒရှင်များ၊ အသက် ၁၈ နှစ် မပြည့်သေးသူများ၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားမရှိသူများ လာရောက်ဆန္ဒမဲပေးသည်ကို ခွင့်ပြုခဲ့ကြောင်း၊ မဲစလစ်စာရွက် ကိုင်ဆောင်လာသူများကို မစစ်ဆေးဘဲ မဲပေးခွင့်ပြုခဲ့ကြောင်း၊ မဲစာရင်းတွင်ပါရှိသော အရေအတွက်ထက် ပိုမို၍ မဲပေးစေခဲ့ကြောင်း စသည်ဖြင့်စွပ်စွဲချက်အမျိုးမျိုးကို နိုင်ငံရေးပါတီအချို့က ရေးသားထုတ်ဝေခြင်း၊ သတင်းစာရှင်းလင်းပွဲများတွင် ပြောဆိုခြင်းများ ပြုလုပ်ခဲ့ကြပြီး လွှတ်တော်ကိုယ်စားလှယ်လောင်း အချို့နှင့် မဲဆန္ဒရှင်အချို့က မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ မဲစာရင်းမိတ္တူများကို တောင်းခံလာကြပါသည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (ရန်ကုန်တိုင်းဒေသကြီး) ကလည်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်၏ နောက်ဆုံးမဲစာရင်းပုံစံ (၁) ကို မိတ္တူကူးယူခွင့်ပြုပေးရန် တင်ပြလာပါသည်။

၅။ မဲဆန္ဒနယ်အလိုက် မဲရုံအသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော မဲရုံမှူးများ၊ ဒုတိယမဲရုံမှူးများ၊ မဲစာရင်းစစ်ဆေးသူများနှင့် ဆန္ဒမဲလက်မှတ်ထုတ်ပေးသူများသည် လာရောက်ဆန္ဒမဲပေးကြသူများအား မဲစာရင်းတွင် ပါဝင်သူ ဟုတ်/မဟုတ် စစ်ဆေးပါသည်။ မှန်ကန်လျှင် မဲစာရင်းတွင် မဲဆန္ဒရှင်ကို လက်မှတ်ရေးထိုးစေခြင်း၊ လက်မှတ်ရေးထိုးနိုင်ခြင်းမရှိပါက လက်ဗွေနှိပ်စေပြီးမှ ဆန္ဒမဲလက်မှတ်ထုတ်ပေး၍ ဆန္ဒမဲပေးစေပါသည်။

၆။ မဲရုံပိတ်သည့်အခါ မဲစာရင်းပါ မဲဆန္ဒရှင်ဦးရေနှင့် လာရောက်ဆန္ဒမဲပေးသူများ၊ ကိုယ်စားလှယ်လောင်းတစ်ဦးစီရရှိသော ဆန္ဒမဲအရေအတွက်၊ ပယ်မဲ၊ ပျောက်မဲ စသည်ဖြင့် သတ်မှတ်ပုံစံများတွင် ရေးသွင်းကာ ရရှိသော မဲရလဒ်ကို ပုံစံ (၁၆) ဖြင့် မဲရုံတွင် ကပ်ထား ကြေညာပါသည်။ ပုံစံ (၁၆) တွင် မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲရုံကိုယ်စားလှယ်များနှင့် အများပြည်သူအသိသက်သေများက လက်မှတ်ရေးထိုးကြရပါသည်။

၇။ မဲရုံမှူးသည် ဆန္ဒမဲလက်မှတ်များကိုရေတွက်၍ သတ်မှတ်ထားသည့် ပုံစံများကို ဖြည့်သွင်းပြီးသည့်အခါ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းစီရရှိသည့် ဆန္ဒမဲလက်မှတ်များနှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များ၊ မသုံးဘဲကျန်နေသော ဆန္ဒမဲလက်မှတ်များ၊ လက်ခံဖြတ်ပိုင်းများနှင့် ပုံစံ (၁၆-၁)၊ မဲရုံတွင် အသုံးပြုသောမဲစာရင်း၊ ကြိုတင်ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများ၊ ပယ်မဲ ပုံစံ (၁၇) များကို သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၆၆ (ဆ)၊ (ဇ)၊ (ဈ) နှင့် (ည) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အထုပ်ကလေးများတွင် ထည့်သွင်း၍ အထုပ်ကြီးတစ်ထုပ်ပြုလုပ်ခြင်း၊ ချိပ်တံဆိပ်ရိုက်နှိပ်ခြင်း၊ မဲရုံကိုယ်စားလှယ်များကိုလည်း ချိပ်တံဆိပ်ရိုက်နှိပ်ခြင်းများ ပြုလုပ်စေပြီး ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲနှင့်အတူ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ချက်ချင်းအပ်နှံရပါသည်။

၈။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ရွေးကောက်ပွဲကျင်းပသည့်နေ့ ညနေ ၄ နာရီအထိ မိမိလက်ဝယ်ရရှိထားသည့် ဆန္ဒပြုထားသော ကြိုတင်ဆန္ဒမဲလက်မှတ်များကို နည်းဥပဒေ ၆၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရေတွက်၍ ပုံစံ (၁၈) တွင် ရေးသွင်းခြင်း၊ မဲရုံမှူးများထံမှရရှိသည့် ပုံစံ (၁၆) ပါ ရလဒ်များ နှင့် ပုံစံ (၁၈) ပါ ရလဒ်များကို စုစည်း၍ ပုံစံ (၁၉) တွင် ရေးသွင်းခြင်းများ ပြုလုပ်ပြီးနောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့် အများပြည်သူအသိသက်သေများက လက်မှတ်ရေးထိုးကြရပါသည်။ ထို့နောက်ရွေးကောက်ပွဲရလဒ်များ အတည်ပြုကြေညာပေးနိုင်ရန် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများသို့ ပေးပို့ရပါသည်။

၉။ ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၈၆(က) အရ မြို့နယ်၏ ရွေးကောက်ပွဲမှတ်တမ်းအား သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ပါသည်။ နည်းဥပဒေ ၈၆ (ခ)အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲသည် မိမိတို့လက်ခံရရှိသော မဲစာရင်းများအပါအဝင် ရွေးကောက်ပွဲ မှတ်တမ်းများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်း ကုန်ကျစရိတ်စာရင်းများ၊ အခြားစာရွက်စာတမ်းများကို ရွေးကောက်ပွဲပြီးသည့်နေ့မှစ၍ နောက်တစ်ကြိမ် အထွေထွေရွေးကောက်ပွဲ ပြုလုပ်ပြီးစီးသည်အထိ မပျောက်မပျက်စေရန် ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရပါသည်။

၁၀။ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၈၆ (ခ) ပါ ပြဋ္ဌာန်းချက်အရ မဲစာရင်းအပါအဝင် ရွေးကောက်ပွဲစာရွက်စာတမ်းများကို သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲများက ထိန်းသိမ်းထားရပါသည်။ ရွေးကောက်ပွဲတွင် အသုံးပြုသောမဲစာရင်းများမှာ ချိပ်ပိတ်ထားသော အထုပ်များထဲတွင် ရှိနေပါသဖြင့် အဆိုပါ မဲစာရင်း၏ မိတ္တူမှန်ကို ကူးယူခွင့်ပြုပေးနိုင်မည် မဟုတ်ပါ။ လွှတ်တော်ကိုယ်စားလှယ်လောင်း၏ ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း ပုံစံ (၂၀) မှလွဲ၍ အခြားသော ရွေးကောက်ပွဲဆိုင်ရာ အသုံးပြုပုံစံများနှင့် စာရွက်စာတမ်းများကိုလည်း မိတ္တူကူးယူခွင့် ပြုရမည်ဆိုသည်ကို သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေများနှင့် နည်းဥပဒေများတွင် ပြဋ္ဌာန်းထားခြင်း မရှိပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# သက်သေခံဥပဒေပုဒ်မ ၇၄ နှင့် ၇၆ တို့အရ ညွှန်ကြားပေးပါရန်ကိစ္စနှင့်စပ်လျဉ်း၍ အသိပေးကြေညာချက်ထုတ်ပြန်ခြင်း

၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၇ ရက်

၁။ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ ၃၀-၁၁-၂၀၂၀ ရက်စွဲဖြင့် သဘောထားထုတ်ပြန်ကြေညာချက်တွင် လွတ်လပ်၍ တရားမျှတမှုရှိသော ရွေးကောက်ပွဲတစ်ခုအဖြစ် သံသယကင်းရှင်းစွာ အသိအမှတ်ပြုနိုင်ရေးအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည့် အားလျော်စွာ ရွေးကောက်ပွဲဖြစ်စဉ်များအား စိစစ်သုံးသပ်ရာတွင် လိုအပ်သည့်စာရွက်စာတမ်းများကို ကူးယူခွင့်တောင်းခံသည့်အခါ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်အနေဖြင့် သက်သေခံဥပဒေပုဒ်မ ၇၄ နှင့် ပုဒ်မ ၇၆ တို့အရ အများပြည်သူနှင့် သက်ဆိုင်သည့် စာတမ်းအမှတ်အသားများကို ဥပဒေနှင့်အညီ ကူးယူခွင့်ပေးရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ လိုအပ်သလို ညွှန်ကြားပေးနိုင်ရန် မေတ္တာရပ်ခံအပ်ပါသည်ဟု ဖော်ပြထားပါသည်။

၂။ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် အချို့သော မဲဆန္ဒနယ်မြေများ၌ တပ်ရင်းတပ်ဖွဲ့ မဲဆန္ဒရှင်များက ကန့်ကွက်လွှာအတွက်ဟုဆိုကာ သက်သေခံဥပဒေပုဒ်မ ၇၄ နှင့် ပုဒ်မ ၇၆ တို့ကို ကိုးကားရည်ညွှန်းလျက် အောက်ပါစာရွက်စာတမ်းများကို မိတ္တူကူးယူခွင့်ပြုရန် သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ တောင်းခံနေကြောင်း တွေ့ရပါသည် -

(က) ပြည်တွင်း/ပြည်ပ မဲဆန္ဒနယ်ပြင်ပရောက် ကြိုတင်မဲများနှင့် ပတ်သက်၍ -
   (၁) ပုံစံ (၁၅)၊ သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့် ပတ်သက်၍ ဖြည့်သွင်းရန်ပုံစံ၊
   (၂) ပုံစံ (၁-၃)၊ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ပုံစံ (၁၅) ဖြင့် တောင်းဆိုသော သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် နိုင်ငံပြင်ပရှိ အစိုးရ၏ခွင့်ပြုချက်ဖြင့် ရောက်ရှိနေသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်း၊
   (၃) ပုံစံ (၁၈)၊ မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ပေးပို့ထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ်များအရ လွှတ်တော်ကိုယ်စားလှယ်လောင်းများရရှိသော ဆန္ဒမဲစာရင်း၊
   (၄) ပုံစံ (၁၇-က)၊ ပယ်မဲစာရင်း၊
   (၅) ကြိုတင်ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများ။

(ခ) နိုဝင်ဘာလ ၈ ရက်နေ့တွင် ပေးခဲ့သည့် ဆန္ဒမဲများနှင့် ပတ်သက်၍-
   (၁) ပုံစံ (၁)၊ လွှတ်တော်ရွေးကောက်ပွဲ မဲဆန္ဒရှင်စာရင်း၊
   (၂) ပုံစံ (၁၆)၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ရရှိသော ဆန္ဒမဲစာရင်း၊
   (၃) ပုံစံ (၁၆-၁)၊ အသုံးမပြုဘဲကျန်ရှိနေသော ဆန္ဒမဲလက်မှတ်များ စာရင်း၊
   (၄) မဲရုံတွင် အသုံးပြုသော မဲစာရင်း၊
   (၅) အသုံးမပြုဘဲကျန်နေသော ဆန္ဒမဲလက်မှတ်နှင့် လက်ခံဖြတ်ပိုင်းများ၊
   (၆) ပုံစံ (၁၇)၊ ပယ်မဲစာရင်း။

(ဂ) မဲဆန္ဒနယ်အတွင်း လူကိုယ်တိုင်ပေးသည့် ကြိုတင်ဆန္ဒမဲများနှင့် ပတ်သက်၍ -
   (၁) ပုံစံ (၁၃)၊ မဲဆန္ဒနယ်အတွင်း ကြိုတင်ဆန္ဒမဲပေးသူများ စာရင်း၊
   (၂) ပုံစံ (၁၆)၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများရရှိသော ဆန္ဒမဲစာရင်း၊
   (၃) ပယ်မဲစာရင်း၊
   (၄) ကြိုတင်ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများ။

၃။ ထို့ပြင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၉-၁၁-၂၀၂၀ ရက်စွဲဖြင့် တပ်ရင်းတပ်ဖွဲ့များနှင့် သက်ဆိုင်သည့် မဲရုံပေါင်း ၁၂၇ ရုံအတွက် မဲစာရင်းများ အပါအဝင် ရွေးကောက်ပွဲ စာရွက်စာတမ်း ၁၁ မျိုးကို မှတ်တမ်းထားရှိလိုကြောင်း အကြောင်းပြချက်ဖြင့် ကချင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ တောင်းခံလာပါသည်။

၄။ မဲစာရင်းမူရင်းများသည် ရွေးကောက်ပွဲကျင်းပပြီးနောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများတွင် မရှိတော့ပါ။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ၊ နည်းဥပဒေ ၈၆ (ခ) ပါ ပြဋ္ဌာန်းချက်အရ မဲစာရင်းများနှင့် ရွေးကောက်ပွဲစာရွက်စာတမ်းများကို သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲများက မပျောက်မပျက်စေရန် ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရပါသည်။ မဲစာရင်းမူရင်းများသည် နည်းဥပဒေနှင့်အညီ ချိပ်ပိတ်ထားသော အထုပ်များထဲတွင် ရှိနေပါသည်။ ထို့ပြင် တောင်းခံလာသော အခြားရွေးကောက်ပွဲစာရွက်စာတမ်းများကိုလည်း မိတ္တူကူးယူခွင့်ပြုရမည်ဆိုသည်ကို သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေများနှင့် နည်းဥပဒေများတွင် ပြဋ္ဌာန်းထားခြင်းမရှိပါ။

၅။ သက်သေခံဥပဒေ ပုဒ်မ ၁ တွင် “ သက်ဆိုင်ခြင်း Application of Act” နှင့်စပ်လျဉ်း၍ “ဤဥပဒေသည် တရားရုံးတစ်ခုခု၌ စစ်ဆေးစီရင်သော မှုခင်းအားလုံးနှင့်ဖြစ်စေ၊ တပ်မတော်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ စစ်တရားရုံးတစ်ခုခု၌ စစ်ဆေးစီရင်သော မှုခင်းအားလုံး၌ဖြစ်စေ သက်ဆိုင်စေရမည်” ဟု ပြဋ္ဌာန်းထားပါသည်။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေများ၏ ပုဒ်မ ၇၈ တွင် ရွေးကောက်ပွဲခုံအဖွဲ့သည် ရွေးကောက်ပွဲကန့်ကွက်မှုများကို စစ်ဆေးသည့်အခါတွင်သာ သက်သေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရွေးကောက်ပွဲခုံအဖွဲ့က ရွေးကောက်ပွဲကန့်ကွက်လွှာအမှုများကို စစ်ဆေးရာတွင်သာ သက်သေခံဥပဒေပါပြဋ္ဌာန်းချက်များကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိပါသည်။ ကျင့်သုံးရမည်ဟု ပြဋ္ဌာန်းထားခြင်းမရှိပါ။

၆။ သို့ဖြစ်ပါ၍ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က မေတ္တာရပ်ခံသည့်အတိုင်း ဆောင်ရွက်မည်ဆိုပါက သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲအသီးသီးအား ဥပဒေနှင့်မညီသော ဆောင်ရွက်မှုကို ပြုလုပ်စေရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်မညီသော ညွှန်ကြားမှုကို ပြုရာရောက်မည်ဖြစ်သဖြင့် ညွှန်ကြားပေးနိုင်မည် မဟုတ်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်သုံးသပ်ပြင်ဆင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၇**

နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ပြင်ဆင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း)၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပြုံးချို (ခ) ဦးငွေးဝင်းအောင်၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေ၊ ဦးမိုးဇော်ဦးနှင့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ငွေးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ကို ပြန်လည်သုံးသပ်ခြင်း၊ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃) ၏ အပိုင်း(၂)တွင် ပါရှိသည့် ၂၀၂၀ အလွန် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ အဆင့်လိုက်လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများကို အခြေခံသည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်တစ်ရပ် ပေါ်ထွက်လာရေး ဆွေးနွေးခြင်း၊ ပြင်ဆင်သင့်သည့်အချက်များ ဖြည့်စွက်ပြင်ဆင်ခြင်းတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

နိုင်ငံရေး ဆွေးနွေးမှုဆိုင်ရာ မူဘောင်ပြင်ဆင်ရေး ညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ကို ဒီဇင်ဘာ ၈ ရက်တွင် ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းနိုင်၊ ဓာတ်ပုံ- ကျော်ရဲဆွေ**



## အစိုးရနှင့် ကရင်နီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (KNPP) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၇**

အစိုးရနှင့် ကရင်နီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (KNPP) တို့အကြား ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ဆိုင်ရာ အစည်းအဝေးကို ယနေ့ ညနေ ၄ နာရီက နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနမှ Video Conferencing ဖြင့် ပြုလုပ်သည်။

အစည်းအဝေးသို့ ငြိမ်းချမ်းရေးကော်မရှင်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း)၊ ကယားပြည်နယ် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီးဌာနဝန်ကြီး ဦးခင်မောင်ဖြူ၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေနှင့် ဦးမိုးဇော်ဦး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ငွေးနှင့် ကယားပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအုံ့မော်၊ ကရင်နီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (KNPP) ဒုတိယဥက္ကဋ္ဌ ခူဦးရယ်၊ အတွင်းရေးမှူး(၁) ခူပလူးရယ်၊ ဗဟိုကော်မတီဝင် ခူထဲဗူး၊ ဖွံ့ဖြိုးရေး၊ လူမှုလုံခြုံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီ (KNPP) ဒုတာဝန်ခံ(၂) ဦးထူးချစ်တို့ တက်ရောက်ကြသည်။



Video Conferencing ဖြင့် ကျင်းပသည့် အစည်းအဝေးတွင် တက်ရောက်ကြသူများက အပြန်အလှန် မိတ်ဆက်ကြပြီး ဆယ်တောရှိ ဘော်ဒါဆောင်ဆိုင်ရာကိစ္စရပ်များ၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ဆိုင်ရာ ကိစ္စများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအပေါ် သဘောထားရယူ ညှိနှိုင်းဆွေးနွေးကြကြောင်း သိရှိရသည်။

**သတင်းစဉ်**

❒ *ကျောဖုံးမှ*

ချန်ပီယံလိဂ်အုပ်စု (H) တွင် နောက်တစ်ဆင့်သို့ တက်ရောက်ရန် အဖြေထွက်ပေါ်မလာသေးဘဲ နောက်ဆုံးပွဲစဉ်တွင် အကြိတ်အနယ် ယှဉ်ပြိုင်ကစားဦးမည်ဖြစ်သည်။ အဆိုပါအုပ်စုတွင် မန်ယူ၊ ပီအက်စ်ဂျီ၊ လိုက်ပ်ဇစ်အသင်းတို့က ပွဲစဉ်ငါးပွဲကစားပြီးချိန်တွင် ရမှတ် ကိုးမှတ်စီ ရရှိထားကြသည့်အသင်းများ ဖြစ်သည်။ အုပ်စုအဆင့်နောက်ဆုံးပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းက အစ္စတန်ဘူလ်အသင်းနှင့် ဆုံတွေ့နေပြီး မန်ယူအသင်းက လိုက်ပ်ဇစ်အသင်းနှင့် ဆုံတွေ့နေသည်။ ထို့ကြောင့် ပီအက်စ်ဂျီအသင်းအနေဖြင့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ငါးပွဲကစားပြီး သုံးမှတ်သာ ရရှိထားသေးသည့် အစ္စတန်ဘူလ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည့်အတွက် အနည်းငယ်ပွဲချောင်သည်ဟုဆိုနိုင်သော်လည်း လိုက်ပ်ဇစ်အသင်းနှင့် မန်ယူအသင်းတို့ပွဲစဉ်တွင် ငါးပွဲကစားပြီး ကိုးမှတ်စီရရှိထားသည့်အသင်းများဖြစ်သည့်အတွက် ပွဲကျပ်သည်ဟု ဆိုနိုင်ပေသည်။ ပီအက်စ်ဂျီအသင်းအနေဖြင့် ယနေ့ပွဲစဉ်တွင် မထင်မှတ်ဘဲ အစ္စတန်ဘူလ်အသင်းကို ရှုံးနိမ့်ခဲ့လျှင် လိုက်ပ်ဇစ်အသင်းနှင့် မန်ယူအသင်းတို့ သရေကျရုံဖြင့် နောက်တစ်ဆင့် တက်ရောက်နိုင်ခွင့်ရှိနေသည်။

လိုက်ပ်ဇစ်အသင်းနှင့် မန်ယူအသင်းတို့ ပွဲစဉ်ကို ဗုဒ္ဓဟူးနေ့ နံနက် ၂ နာရီခွဲတွင် လိုက်ပ်ဇစ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ လိုက်ပ်ဇစ်အသင်းနှင့် မန်ယူအသင်းတို့ ပထမအကျော့အိုးထရက်ဖို့ဒ်တွင် ဆုံတွေ့ခဲ့စဉ်က မန်ယူအသင်းက ငါးဂိုး-ဂိုးမရှိဖြင့် လိုက်ပ်ဇစ်အသင်းကို အနိုင်ရရှိထားသည်။ လိုက်ပ်ဇစ်အသင်းသည် ယနေ့ပွဲစဉ်တွင် ကလိုစတာမန်း၊ ဟာတ်မန်း၊ လာမာ၊ ဟင်းရစ်ချ်၊ ဟွမ်ဟီချန်းတို့ ပါဝင်လာနိုင်ဖွယ်မရှိကြောင်း သိရသည်။ မန်ယူအသင်းတွင် ပွဲပယ်ပြစ်ဒဏ်ကြောင့် ဖရက်ပါဝင်လာနိုင်ဖွယ်မရှိသလို လုခ်ရှောသည်လည်း ပါဝင်လာနိုင်ဖွယ်မရှိချေ။ ထို့အပြင် မန်ယူအသင်းသည် ဝက်စ်ဟမ်းအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သောပွဲစဉ်တွင် မာရှယ်နှင့် ကာဗာနီတို့ ကြွက်သားဒဏ်ရာရရှိခဲ့သည့်အတွက် ယခုပွဲစဉ်ကိုပါဝင်ရန် သံသယအနေအထားတွင် ရှိနေသည်။ ထို့ကြောင့် ချန်ပီယံလိဂ်နောက်ဆုံးအဆင့် ပွဲစဉ်တွင် လိုက်ပ်ဇစ်အသင်းက မန်ယူအသင်းကို အနိုင်ရရှိသွားမလား မန်ယူအသင်းကပင် လိုက်ပ်ဇစ်အသင်းကိုအနိုင်ရရှိကာ နောက်တစ်ဆင့်သို့တက်ရောက်သွားနိုင်မလား ဗုဒ္ဓဟူးနေ့ နံနက် ၂ နာရီခွဲတွင် အဆုံးအဖြတ်ပေးသွားမည်ဖြစ်သည်။

**အောင်ဇော်**

■ *ကျောဖုံးမှ*

၂။ ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများ ကျူးလွန်ကြောင်း တွေ့ရှိရသည့်အခါတွင် လည်းကောင်း၊ ရွေးကောက်ပွဲဆိုင်ရာ တရားမဲ့ပြုကျင့်မှုများပြုလုပ်ကြောင်း တွေ့ရှိရသည့်အခါတွင်လည်းကောင်း မည်သူက မည်ကဲ့သို့ အရေးယူဆောင်ရွက်ပိုင်ခွင့်ရှိသည်ကို သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေများ၏ အခန်း (၁၃)၊ အခန်း (၁၄) နှင့် နည်းဥပဒေများတွင် ပြဋ္ဌာန်းထားပါသည်။ ယင်းပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ခြင်းဖြင့် ဥပဒေ၏ အကာအကွယ်ကို ရယူနိုင်ကြပါသည်။

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲတာဝန်ရှိသူအားလုံးတို့သည် ရွေးကောက်ပွဲလုပ်ငန်းများကိုဆောင်ရွက်ကြရာ၌ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများ၊ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေနှင့် နည်းဥပဒေများကို လေးစားလိုက်နာပြီး ဆုံးဖြတ် ဆောင်ရွက်ခဲ့ကြပါသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၂ တွင် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ချက်များသည် အပြီးအပြတ်အတည်ဖြစ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်။ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေများ၏ ပုဒ်မ ၈ဖ တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့၏ လွှတ်တော်ရွေးကောက်ပွဲဥပဒေများပါ ပြဋ္ဌာန်းချက်များအရ ဆောင်ရွက်ချက် သို့မဟုတ် ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ မည်သည့်တရားရုံးတွင်မျှ စစ်ဆေးပိုင်ခွင့်မရှိစေရဟု ပြဋ္ဌာန်းထားပါသည်။

၄။ အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ (DNP) သည် ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများ၊ တရားမဲ့ပြုကျင့်မှုများကို သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သော်လည်း သဘောထားထုတ်ပြန်ချက်တွင် ဤကဲ့သို့ရေးသားဖော်ပြခြင်းသည် ရွေးကောက်ပွဲတာဝန်ရှိသူများကို ခြိမ်းခြောက်ခြင်း၊ ရွေးကောက်ပွဲတာဝန်ရှိသူ၏ ဆုံးဖြတ်ဆောင်ရွက်ခဲ့သည့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများအပေါ် နှောင့်ယှက်စော်ကားခြင်းတို့ ပြုလုပ်ရာရောက်ပါသည်။ ထို့ပြင် နိုင်ငံရေးပါတီတစ်ရပ်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများ၊ သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေများ၊ နည်းဥပဒေများနှင့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၊ နည်းဥပဒေတို့ကို လေးစားလိုက်နာမှုမရှိသည်ကိုလည်း တွေ့ရှိရပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ဆန်ကုန်သည်များထံမှ ကျပ်သိန်းပေါင်း တစ်သိန်းကျော် လိမ်ယူထွက်ပြေး တိမ်းရှောင်သွားသည့် တရုတ်နိုင်ငံသားအား ဥပဒေကြောင်းအရ တရားစွဲဆိုနိုင်ရေး စီးပွားကူးသန်းသို့တင်ပြ၍ နှစ်နိုင်ငံ သံခင်းတမန်ခင်းအရ ဆက်လက်လုပ်ဆောင်သွားမည်

**ရန်ကုန် ဒီဇင်ဘာ ၇**

ဆန်ကုန်သည်များထံမှ ကျပ်သိန်းပေါင်း တစ်သိန်းကျော် လိမ်ယူထွက်ပြေး တိမ်းရှောင်သွားသည့် တရုတ်နိုင်ငံသားအား ဥပဒေကြောင်းအရ တရားစွဲဆိုနိုင်ရေး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ တင်ပြ၍ နှစ်နိုင်ငံ သံခင်းတမန်ခင်းအရ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မူဆယ်ဆန်စပါးကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက ပြောသည်။

ပြီးခဲ့သည့် နိုဝင်ဘာလကုန်ပိုင်းက တရုတ်နိုင်ငံ ဟူပေပြည်နယ်မှ ဆန်ကုမ္ပဏီပိုင်ရှင် လော်ကြံဖန် (Luo Jianfang ) (ခေါ်) လော်လောပန်းသည် မြန်မာနိုင်ငံဆန်ကုန်သည်များထံမှ ငွေကျပ်သိန်းပေါင်း ၂၆၀၀၀ နှင့် တရုတ်နိုင်ငံ ရွှေလီမြို့အခြေစိုက် ဆန်ကုန်သည်များထံမှ ငွေကျပ်သိန်းပေါင်း ၈၀၀၀၀ ကျော် စုစုပေါင်း ငွေကျပ်သိန်းပေါင်း ၁၀၀၀၀၀ ကျော် လိမ်ယူ၍ ထွက်ပြေးတိမ်းရှောင်လျက်ရှိသည်။

“အခု ကုန်သည်တွေကို အစည်းအဝေးခေါ်မယ်။ အစည်းအဝေးခေါ်ပြီးလို့ရှိရင် ငွေပါသွားတဲ့လူတွေကို စာရင်းကောက်မယ်။ စာရင်းကောက်ပြီးလို့ စာရင်းရပြီဆိုရင် အဲဒီစာရင်းတွေကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို တင်ပြပေးမယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကတစ်ဆင့် သံတမန်နည်းလမ်းနဲ့ သံခင်းတမန်ခင်းအရ ဆက်သွယ်ပြီး ဆောင်ရွက်မယ်။ ပြီးတော့ အဲဒီ လိမ်ယူထွက်ပြေး တိမ်းရှောင်သွားတဲ့ တရုတ်နိုင်ငံသားကို တစ်ဖက်နိုင်ငံကို သံတမန်နည်းနဲ့ အကြောင်းကြားပြီးတော့ တရားစွဲဆိုသင့်ရင် တရားစွဲမယ်။ ဖမ်းသင့်ရင် ဖမ်းခိုင်းမယ်”ဟု ဦးမင်းသိန်းက ပြောသည်။

ပြီးခဲ့သည့် ဒီဇင်ဘာ ၅ ရက်က ရွှေလီမြို့နှင့် ဝမ်တိမ်မြို့ရှိ တရုတ်နိုင်ငံ ဟူပေပြည်နယ်မှ ဆန်ကုမ္ပဏီပိုင်ရှင် လော်ကြံဖန် (ခေါ်) လော်လော ပန်းပိုင်ဆိုင်သော ဆန်စက်နှစ်ခုကို အကြွေးရရန်ရှိသောသူများက တစ်စစီ ဖြုတ်ယူသွားကြကြောင်း ၎င်းက ဆက်ပြောသည်။

လက်ရှိအဆိုပါကျပ်သိန်းပေါင်း တစ်သိန်းကျော် လိမ်ယူ ထွက်ပြေးတိမ်းရှောင်သွားသော်လည်း မူဆယ်နယ်စပ်ကုန်သွယ်ရေး ဆန်ရောင်းဝယ်မှုတွင် ထိခိုက်မှုမရှိဘဲ ဆက်လက်အရောင်းအဝယ်ဖြစ်နေပြီး တစ်ရက်လျှင် ဆန်နှင့်ဆန်ကွဲ အိတ်ရေ လေးသောင်းခန့် ပုံမှန်ဝင်ရောက်ကာ တရုတ်နိုင်ငံသို့လည်း ယင်းအရေအတွက်အတိုင်း တရားဝင်ရောင်းဝယ်နေကြကြောင်း သိရသည်။

“အခုလောလောဆယ်တော့ ရိုက်ခတ်မှုမရှိပါဘူး။ ပုံမှန်အတိုင်းသွားတယ်။ ဆန်တွေလည်း ဝင်တယ်။ ဆန်ကွဲတွေလည်း ဝင်တယ်။ ဆန်ကွဲလည်း ရောင်းရတယ်။ ဆန်လည်း ရောင်းရတယ်။ ဆန်ကွဲနဲ့ ဆန် တစ်နေ့ လေးသောင်းလောက် ပုံမှန်ဝင်ပါတယ်။ ဆန်ကွဲက မူဆယ်အထိုင်ဈေးကို ကီလို ၅၀ တစ်အိတ် ယွမ် ၁၃၀ လောက် ရောင်းရပါတယ်။ ဆန်ဆိုလည်း ကီလို ၅၀ တစ်အိတ်ကို ၁၃၇ ယွမ်လောက် ရောင်းရပါတယ်” ဟု မူဆယ်ဆန်စပါးကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌက ပြောသည်။

ထို့ကြောင့် မြန်မာနိုင်ငံမှ ဆန်ကုန်သည်များ၊ မြန်မာကုမ္ပဏီများအနေဖြင့်လည်း စာချုပ်စာတမ်းခိုင်မာစွာ ချုပ်ဆိုရောင်းချရန်နှင့် လုပ်ထုံးလုပ်နည်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန်နှင့် အခက်အခဲများရှိပါက အသင်းချုပ်ထံသို့ဖြစ်စေ၊ ဆန်စပါးကုန်စည်ဒိုင် (မူဆယ်)သို့ဖြစ်စေ အသိပေးတင်ပြပြီး အကူအညီရယူနိုင်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က နိုဝင်ဘာ ၂၇ ရက်၌ အသိပေးထုတ်ပြန်ထားသည်။

**ငြိမ်းငြိမ်း**

# အင်ဒိုနီးရှားဝန်ကြီးတစ်ဦးကို လာဘ်ပေးလာဘ်ယူပြုလုပ်မှုဖြင့် တရားစွဲ



လာဘ်စားမှုဖြင့် တရားစွဲခံထားရသည့် အင်ဒိုနီးရှား လူမှုရေးဝန်ကြီး ဂျူလီယာရီ ဘာတူဘာရာ။

**ဂျကာတာ ဒီဇင်ဘာ ၇**

ကိုဗစ်-၁၉ ဆိုင်ရာ ထောက်ပံ့မှုအစီအစဉ်တစ်ခုနှင့် ဆက်စပ်ပြီး ဒေါ်လာ တစ်သန်းကျော်ဖိုး လာဘ်ပေးလာဘ်ယူ ပြုလုပ်ခဲ့မှုဖြင့် အင်ဒိုနီးရှား လူမှုရေးဝန်ကြီး ဂျူလီယာရီ ဘာတူဘာရာကို တရားစွဲဆိုထားကြောင်း သိရသည်။

အစိုးရနှင့် အစားအသောက် ပို့ဆောင်သည့် ကုမ္ပဏီနှစ်ခုအကြား ပြုလုပ်ခဲ့သည့် သဘောတူညီမှုမှ အစပြုကာ အကျင့်ပျက်ခြစားမှုဖြင့် တရားစွဲခံရခြင်းဖြစ်ကြောင်း သိရသည်။

အစားအသောက် ပို့ဆောင်ရန် လိုအပ်သည့်နေရာများသို့ ပို့ဆောင်သည့် အစားအသောက်ပါဆယ် တစ်ပွဲစီတိုင်းအတွက် ဆင့် ၇၀ ပေးရန် ဘာတူဘာရာက အဆိုပါ ကုမ္ပဏီများသို့ တောင်းခံခဲ့ကြောင်း အာဏာပိုင်များက စွပ်စွဲထားသည်။ ယခုဖြစ်ရပ်သည် အင်ဒိုနီးရှားနိုင်ငံ၌ ရက်သတ္တနှစ်ပတ်အတွင်း အစိုးရအဖွဲ့ဝန်ကြီး တစ်ဦး လာဘ်စားမှုဖြင့် ဒုတိယအကြိမ် တရားစွဲဆိုခံရခြင်း ဖြစ်ကြောင်း သိရသည်။

ယင်းဖြစ်ရပ်ကြောင့် အကျင့်ပျက်ခြစားမှုကို အမြစ်ပြတ်အောင် လုပ်ဆောင်မည်ဟု အလေးအနက် ကတိပြုခဲ့သည့် အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒို၏ လုပ်ဆောင်ချက်များ အပေါ် သံသယဖြစ်လာစေခဲ့ကြောင်း နိုင်ငံရေးလေ့လာသူများက သုံးသပ်ခဲ့သည်။ သို့ရာတွင် သမ္မတ ဂျိုကိုဝီဒိုဒိုက ယင်းကဲ့သို့ လုပ်ရပ်များကို သည်းမခံနိုင်ကြောင်းနှင့် ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ရေနံထုတ်လုပ်မှုကို တိုးမြှင့်ရန် အီရန်အသင့်ဖြစ်နေပြီဟု သမ္မတ ဟာဆန်ရိုဟာနီ ပြောကြား

**တီဟီရန် ဒီဇင်ဘာ ၇**

အီရန်နိုင်ငံသည် ရေနံထုတ်လုပ်မှုပမာဏကို တိုးမြှင့်ရန်နှင့် ပြည်ပသို့ မြန်မြန်ဆန်ဆန် တင်ပို့ရောင်းချရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း အီရန်သမ္မတ ဟာဆန်ရိုဟာနီက ဒီဇင်ဘာ ၆ ရက်တွင် ပြောကြားခဲ့သည်။

အီရန်၏ လုပ်ငန်းလည်ပတ်မှုစွမ်းဆောင်ရည်သာမက အတွေ့အကြုံများက ရေနံထုတ်လုပ်မှုပမာဏကို ချက်ချင်းတိုးမြှင့်ရန်နှင့် ပြည်ပသို့ တင်ပို့ရောင်းချရန် အဆင်ပြေနိုင်စေလိမ့်မည်ဖြစ်ကြောင်း အီရန်သမ္မတ ရိုဟာနီကပြောကြားခဲ့မှုကို အီရန်နိုင်ငံပိုင် အိုင်အာရ်အင်န်အေ သတင်းအေဂျင်စီက ဖော်ပြလိုက်သည်။

၂၀၁၈ ခုနှစ်တွင် အမေရိကန်က အီရန်နိုင်ငံအပေါ် တစ်ဖက်သတ်ဒဏ်ခတ်ပိတ်ဆို့မှုများ မလုပ်ဆောင်မီ ၂၀၁၅ ခုနှစ်က ချုပ်ဆိုခဲ့သည့် အီရန်နျူကလီးယား သဘောတူစာချုပ်အရ အီရန်အနေဖြင့် ရေနံစည်ပေါင်း နှစ်သန်းကျော်အထိ တင်ပို့ခွင့်ရရှိခဲ့ကြောင်း သမ္မတ ပြောကြားခဲ့သည်။

ရေနံထုတ်လုပ်မှုနှင့် ရောင်းချမှုပမာဏကို လာမည့် သုံးလအတွင်း တိုးမြှင့်ရေးအတွက် ရေနံစက်ရုံများ၏လုပ်ငန်းဆောင်ရွက်မှုကို ပြင်ဆင်ရန် လိုအပ်သည်များအားလုံးကို ဆောင်ရွက်ထားရန် အီရန်ရေနံဝန်ကြီးဌာနကို တာဝန်ပေးအပ်ထားပြီဖြစ်ကြောင်း သမ္မတ ရိုဟာနီက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ဝယ်လိုအားမြင့်မားလာသဖြင့် နိပွန်စတီးကုမ္ပဏီမှ သတ္တုဖိုလုပ်ငန်းများ ပြန်လည်စတင်

**တိုကျို ဒီဇင်ဘာ ၇**

ဂျပန်နိုင်ငံ၏ ထိပ်တန်းသံမဏိလုပ်ငန်းကြီးဖြစ်သည့် နိပွန်ကုမ္ပဏီသည် တစ်ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတွင် ဆက်လက်နာလန်ထူလျက်ရှိနေသည်။ ကိုဗစ်-၁၉ ကြောင့် ပိတ်ထားရသည့် သတ္တုဖိုလုပ်ငန်းကို မကြာမီ ပြန်လည်စတင်နိုင်တော့မည်ဟု နိပွန်သံမဏိ ကုမ္ပဏီကပြောသည်။ ဇန်နဝါရီ လကုန်ပိုင်းတွင် တိုကျိုမြို့အနီးရှိ အီဘာရာကီခရိုင်တွင် သတ္တုဖိုလုပ်ငန်းကို အရှိန်အဟုန်မြှင့်လုပ်ဆောင်မည်ဟု ကုမ္ပဏီမှ အလုပ်အမှုဆောင်အဖွဲ့က ပြောသည်။



၂၀၁၈ ခုနှစ်က ကီမစ်ဆုမြို့ရှိ စက်ရုံတွင် သံမဏိလုပ်ငန်းလည်ပတ်နေသည်ကို တွေ့ရစဉ်။

ကိုဗစ်-၁၉ ဖြစ်ပွားမှုကြောင့် ဧပြီလမှ စတင်ကာ နိပွန်သံမဏိကုမ္ပဏီမှ ပြည်တွင်းသတ္တုဖိုလုပ်ငန်း သုံးခုကို ဆိုင်းငံ့ခဲ့ရသည်။ လွန်ခဲ့သည့်လအတွင်းက ချီဘာခရိုင်ရှိ သတ္တုဖိုလုပ်ငန်းကို ပြန်လည်စတင်လည်ပတ်နိုင်ခဲ့သည်။ ကားများတွင် အသုံးပြုသည့် သံမဏိအတွက် ဝယ်လိုအားမြင့်တက်လာသောကြောင့်ဟု သိရသည်။

ဝယ်လိုအား မြင့်မားလာသည့်အတွက် ဒုတိယမြောက် သတ္တုဖိုကို ပြန်လည်ဖွင့်လှစ်ရန် စီစဉ်နေခြင်းဖြစ်သည်ဟု ကုမ္ပဏီဘက်က ပြောသည်။

ဂျပန်နိုင်ငံ အနောက်ပိုင်းရှိ သုံးခုမြောက် သတ္တုဖိုလုပ်ငန်းကိုမူ မည်သည့်အချိန်တွင် ပြန်လည်နိုင်မည်ဟု ဆုံးဖြတ်ချက် မချရသေးကြောင်း ကုမ္ပဏီဘက်မှ ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ဟီရိုရှီးမားတွင် ငှက်တုပ်ကွေးကြောင့် ကြက်အကောင်ရေ ၁၃၀၀၀၀ကျော်ကို သုတ်သင်

**တိုကျို ဒီဇင်ဘာ ၇**

ဂျပန်နိုင်ငံအနောက်ပိုင်း ဟီရိုရှီးမားတွင် အိတ်ချ် ၅ ဗိုင်းရပ်စ်ကို ဒေသတွင်း မွေးမြူရေးခြံတွင် တွေ့ရှိရသည့်အတွက် ကြက်အကောင်ရေ ၁၃၄၀၀၀ ကျော်ကို သုတ်သင်ရှင်းလင်းပစ်ခဲ့ရသည်ဟု သိရသည်။

ဒီဇင်ဘာ ၆ ရက်က မီဟာရာမြို့ရှိ မွေးမြူရေး ခြံတစ်ခြံတွင် ကြက်များ သေဆုံးနေသည်ကို တွေ့ရှိခဲ့ရသည်ဟု ဒေသခံအရာရှိများက ပြောသည်။ ထို့ကြောင့် သေဆုံးသွားသည့်ကြက်များကို ဆေးစစ်ကြည့်ရာ ငှက်တုပ်ကွေး ဗိုင်းရပ်စ် တွေ့ရှိရသည်ဟု အရာရှိများကပြောသည်။ ခရိုင်အရာရှိများနှင့် ဂျပန်ကာကွယ်ရေးတပ်မှ အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၇ ရက်တွင် ကြက်ခြံများမှ ကြက်အကောင်ရေ ရှင်းလင်းရေးကို စတင်လုပ်ဆောင်သည်။

ယင်းလုပ်ငန်းကို ကူညီဆောင်ရွက်ပေးရန် လူပေါင်း ၈၆၀ ကို စေလွှတ်ပေးခဲ့ရသည်။ ကြက်များတွင် အဆိုပါ ဗိုင်းရပ်စ်မည်သို့ ကူးစက်သည်ကို စုံစမ်းမည်ဟု ဒေသခံအစိုးရက ပြောသည်။ သေဆုံးသွားသော ကြက်များကို မြေပြင်တွင် မြှုပ်နှံခဲ့သည်။ အဆိုပါ ကြက်ခြံမှ ၃ ကီလိုမီတာအတွင်းရှိ ကြက်များနှင့် ကြက်ဥများကို သယ်ယူပို့ဆောင်ခွင့်ပိတ်ပင်ထားသည်။

အဆိုပါ ဒေသတွင် ကြက်မွေးမြူရေးခြံကြီး ၁၃ ခုရှိသည်။ ထို့နောက် အာဏာပိုင်များသည် နေရာခုနစ်ခုရှိ မွေးမြူရေးခြံကြီးများ၏ အဝင်အထွက်၌ ဆေးဖျန်းခြင်းလုပ်ငန်းများ လုပ်ဆောင်ပေးခဲ့သည်။ ကြက်ခြံများတွင် နောက်ထပ် ကြက်များ သေဆုံးခြင်း ရှိ မရှိကိုလည်း စစ်ဆေးစောင့်ကြည့်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

# အိန္ဒိယနိုင်ငံတွင် ထူးဆန်းသည့် အဖျားရောဂါတစ်မျိုးကြောင့် လူ ၁၄၀ ကျော် ဆေးရုံတက်ရ

**နယူးဒေလီ ဒီဇင်ဘာ ၇**

အိန္ဒိယနိုင်ငံတွင် အမျိုးအမည်မသိရသည့် အဖျားရောဂါတစ်မျိုးကြောင့် လူ ၁၄၀ ကျော် ဆေးရုံသို့ တက်ရောက်ခဲ့ရပြီးနောက် အာဏာပိုင်များက အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဆေးရုံတက်ရောက်ကုသမှုခံယူခဲ့ရသည့် အန်ဒရာပရာဒေ့ရှ်ပြည်နယ် အီလူရူ မှ လူနာများမှာ မူးဝေအော့အန်ခြင်း၊ ရုတ်တရက်ဖျားနာ၍ တက်ခြင်းနှင့် သတိလစ်မေ့မြောခြင်း လက္ခဏာများ ခံစားခဲ့ရကြောင်း ဆရာဝန်များက ဒေသမီဒီယာသို့ ပြောပြခဲ့သည်။

အီလူရူ အစိုးရဆေးရုံမှ လူနာခုတင်အမြောက်အမြား အရေးပေါ်လိုအပ်ချက်ကြောင့် နေရာလွတ်များ ရရှိအောင် စီစဉ်ခဲ့ရသည်။ အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို အကြီးအကျယ်ရင်ဆိုင်နေရချိန် အမျိုးအမည်မသိရသည့် အဆိုပါအဖျားရောဂါဖြစ်ပွားမှု ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆေးရုံသို့ တက်ရောက်ခဲ့ရသည့် လူနာများအားလုံးကို ကိုဗစ်-၁၉ စစ်ဆေးမှုဆောင်ရွက်ခဲ့ပြီး လူနာများအားလုံးတွင် ကိုဗစ်-၁၉ ကူးစက်ထားခြင်းမရှိကြောင်း ဒေသမီဒီယာက ဖော်ပြသည်။

ဖျားနာသည့်လူနာများ အထူးသဖြင့် ကလေးများမှာ မျက်စိများပူစပ်လာပြီးနောက် စတင်အော့အန်ခဲ့ကြောင်း အီလူရူအစိုးရဆေးရုံမှ ဆရာဝန်တစ်ဦးက ပြောသည်။ ဆေးရုံသို့ ရောက်ရှိလာသည့် လူနာများအားလုံး ပြန်ကောင်းလာပြီး ဆေးရုံမှ ဆင်းသွားပြီဖြစ်ကြောင်း သိရသည်။

အန်ဒရာပရာဒေ့ရှ် ကျန်းမာရေးဝန်ကြီး အလာကာလီ ကရစ်ရှနား ဆရီနီဗက်စ်က ဖျားနာခဲ့သည့် လူနာများ၏ သွေးနမူနာစစ်ဆေးမှုတွင် ကူးစက်ရောဂါဖြစ်ပွားမှုနှင့် ဆိုင်သည့် အထောက်အထားမျိုး တွေ့ရခြင်းမရှိကြောင်း ပြောကြားခဲ့သည်။ မည်သည့် အဖျားရောဂါ ဖြစ်ကြောင်း ဓာတ်ခွဲစစ်ဆေးမှုဖြင့်သာ သိရှိနိုင်လိမ့်မည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

**အေပီ**



အိန္ဒိယနိုင်ငံ၌ ထူးဆန်းသည့်အဖျားရောဂါဖြစ်ပွားသည့် လူနာတစ်ဦးကို ဆေးရုံသို့ ခေါ်ဆောင်လာစဉ်။




လန်ဒန်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို သိုလှောင်ရန် ကြိုတင်ပြင်ဆင်နေသည်ကို တွေ့ရစဉ်။

# ဗြိတိန်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမည့် အစီအစဉ်အတွက် အင်တိုက်အားတိုက် ပြင်ဆင်လျက်ရှိ

**လန်ဒန် ဒီဇင်ဘာ ၇**

ဗြိတိန်အရာရှိများနှင့် ကျန်းမာရေးဝန်ထမ်းများသည် ဒီဇင်ဘာ ၈ ရက်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမည့် အစီအစဉ်အတွက် အင်တိုက်အားတိုက် ပြင်ဆင်နေကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဒီဇင်ဘာ ၇ ရက်က ဖော်ပြလိုက်သည်။

လန်ဒန်ရှိ ဆေးရုံတစ်ရုံသည် ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမဆုံး လက်ခံရရှိသည့် ဗြိတိန်ရှိ ဆေးရုံများအနက် ဆေးရုံတစ်ရုံဖြစ်သည်။ အမေရိကန်ဆေးဝါးကုမ္ပဏီဖြစ်သည့် ဖိုက်ဇာနှင့် ဂျာမန်ဘိုင်အိုအင်န်တက်ချ်တို့မှ ထုတ်လုပ်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဒီဇင်ဘာ ၈ ရက်တွင် စတင်ထိုးနှံပေးမည်ဖြစ်သည်။

အဆိုပါ ကာကွယ်ဆေးကို အနုတ် ၇၀ ဒီဂရီ ဆဲလ်စီးရပ်စ်တွင် သိမ်းဆည်းရန်လိုအပ်သည်။ အင်္ဂလန်နိုင်ငံရှိ ဆေးရုံ ၅၀ သည် သင့်လျော်သည့် သိုလှောင်ခန်းများရှိသည့်အတွက် ပထမဆုံး ကာကွယ်ဆေးထိုးနှံပေးနိုင်မည့် ဆေးရုံများအဖြစ် သတ်မှတ်ထားသည်။

အဆိုပါ ကာကွယ်ဆေးကို အသက် ၈၀ ကျော်နှင့်အထက် ဘိုးဘွားများ၊ စောင့်ရှောက်ရေးဂေဟာ ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများကို ဦးစားပေးထိုးနှံပေးမည်ဖြစ်သည်။

ကာကွယ်ဆေးသည် လုံခြုံစိတ်ချရပြီး ထိရောက်မှုရှိမည်ဟု ယုံကြည်ကြောင်း ဆေးဝါးနှင့်ကျန်းမာရေး ထုတ်ကုန်ပစ္စည်းဆိုင်ရာ ကြီးကြပ်ရေးအေဂျင်စီမှ အမှုဆောင်ချုပ် ဂျွန်ရိန်းက ပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**

# တရုတ်နိုင်ငံမှ ကာကွယ်ဆေးများ အခြေအနေကောင်းမွန်ကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီး ပြော

**ဂျကာတာ ဒီဇင်ဘာ ၇**

အင်ဒိုနီးရှားနိုင်ငံသို့ ရောက်ရှိလာသော တရုတ်နိုင်ငံမှ ကိုဗစ်-၁၉ ကာကွယ်ဆေးများသည် အခြေအနေကောင်းမွန်လျက်ရှိကြောင်းနှင့် ကာကွယ်ဆေးဖြန့်ဖြူးရာတွင်လည်း မပျက်စီးဘဲ လုံခြုံစိတ်ချမှုရှိစေရန်အတွက် အအေးခန်းပါ မော်တော်ယာဉ်များကိုလည်း အဆင်သင့်ပြင်ဆင်ထားကြောင်း ကျန်းမာရေးဝန်ကြီး တီရာဝမ်အောဂက်စ်ပူထရန်တိုက ဒီဇင်ဘာ ၇ ရက်က ပြောကြားလိုက်သည်။




အင်ဒိုနီးရှားနိုင်ငံ ဘန်တန်းပြည်နယ် တန်ဂရန်ခရိုင်ရှိ ဆိုကာနို- ဟက်တာ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တရုတ်နိုင်ငံမှ ရောက်ရှိလာသော ကာကွယ်ဆေးကို အလုပ်သမားတစ်ဦး အောက်ချနေစဉ်။

ကာကွယ်ဆေးအခြေအနေ ကောင်းမွန်စိတ်ချရန် ပြင်ပစစ်ဆေးမှုများကို တိတိကျကျ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထုပ်ပိုးထားရှိမှုအခြေအနေများနှင့် ပါဝင်မှုအပိုင်းများတွင် ပျက်စီးယိုယွင်းမှု မရှိကြောင်းနှင့် အပူချိန်မှာလည်း သတ်မှတ်ချက်များနှင့် အညီ ကိုက်ညီကြောင်း ကျန်းမာရေးဝန်ကြီးက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။

တရုတ်နိုင်ငံကပို့သည့် ဆီနိုဗက်ကာကွယ်ဆေး သိုလှောင်မည့်နေရာကိုလည်း ကာကွယ်ဆေး အလုံးရေ ၁ ဒသမ ၂ သန်းခန့် သိုလှောင်နိုင်ရန် ပြင်ဆင်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးကို အင်ဒိုနီးရှားနိုင်ငံအတွင်းရှိ ဒေသသို့မဟုတ် မြို့တော်ကျန်းမာရေးအရာရှိများကို မဖြန့်ဖြူးခင် ပြည်နယ်ကျန်းမာရေးအရာရှိများကို ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဖြန့်ဖြူးပို့ဆောင်မည့် ခရီးစဉ်အတွင်း ကာကွယ်ဆေးအတွက် လိုအပ်သော အပူချိန်စံချိန်စံညွှန်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အင်ဒိုနီးရှား ဆေးကုမ္ပဏီ ဘိုင်အိုဖာမာက အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ကာကွယ်ဆေး အရည်အသွေးကိုလည်း ကောင်းမွန်စွာ ထိန်းသိမ်းမည်ဖြစ်ကြောင်း ဝန်ကြီးက ဖြည့်စွက်ပြောကြားသည်။

ပထမအသုတ် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ကျန်းမာရေးဝန်ထမ်းများ၊ ကျန်းမာရေးလုပ်သားအကူများနှင့် ဆေးရုံ ဆေးခန်းများတွင် ကူညီလုပ်ကိုင်ဆောင်ရွက်နေသူများကို ဦးစားပေးထိုးနှံပေးမည်ဖြစ်ကြောင်း ဝန်ကြီး၏ ပြောကြားချက်ကို ကိုးကား၍ အန်တာရာ သတင်းအေဂျင်စီက ပြောကြားလိုက်သည်။

**ဆင်ဟွာ**

# အင်ဒိုနီးရှားနိုင်ငံတွင် တစ်ရက်အတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်သူ ၅၇၅၄ ဦးရှိပြီး သေဆုံးသူ ၁၂၇ ဦးရှိ

**ဂျကာတာ ဒီဇင်ဘာ ၇**

အင်ဒိုနီးရှားနိုင်ငံတွင် ဒီဇင်ဘာ ၆ ရက် တစ်ရက်အတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူ ၅၇၅၄ ဦး တိုးလာပြီး စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၅၈၁၅၅၀ ရှိလာကြောင်း၊ ထို့အပြင် ကိုဗစ်-၁၉ ကြောင့် ဒီဇင်ဘာ ၆ ရက် တစ်ရက်အတွင်း သေဆုံးသူ ၁၂၇ ဦး တိုးလာပြီး စုစုပေါင်း သေဆုံးသူ ၁၇၈၆၇ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၇ ရက်က ပြောကြားလိုက်သည်။

ကိုဗစ်-၁၉ ကူးစက်မှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှဆင်းသွားသူ ၄၄၃၁ ဦး ရှိလာမှုနှင့်အတူ စုစုပေါင်း ဆေးရုံမှ ဆင်းသွားသူပေါင်း ၄၇၉၂၀၂ ဦး ရှိလာသည်။




အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ကိုဗစ်-၁၉ စစ်ဆေးရန် သွေးနမူနာယူနေစဉ်။

ကိုဗစ်-၁၉ ရောဂါသည် နိုင်ငံအတွင်းရှိ ပြည်နယ်ပေါင်း ၃၄ ခုလုံး ပျံ့နှံ့ဖြစ်ပွားလျက်ရှိသည်။ ဒီဇင်ဘာ ၆ ရက်က ဂျကာတာတွင် ကိုဗစ်-၁၉ ထပ်မံဖြစ်ပွားသူ ၁၄၆၆ ဦး၊ အနောက်ဂျာဗား တွင် ၁၁၇၁ ဦး၊ အလယ်ဂျာဗားတွင် ၅၉၄ ဦး၊ အရှေ့ဂျာဗားတွင် ၅၄၅ ဦးနှင့် တောင် ဆူလာဝေစီတွင် ၃၄၅ ဦး ရှိသည်။ သို့သော် ဂျမ်ဘီနှင့် ဂိုရွန် သာလိုတို့တွင် နောက်ထပ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားခြင်း မရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၆၇ သန်းကျော် ရှိလာ

**နယူးယောက် ဒီဇင်ဘာ ၇**

ကမ္ဘာတစ်ဝန်း ဒီဇင်ဘာ ၆ ရက်အထိ ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၆၇ သန်းကျော်ရှိလာကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ် သိပ္ပံနှင့် အင်ဂျင်နီယာဌာနက သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

ဒီဇင်ဘာ ၆ ရက် ဒေသစံတော်ချိန် ည ၁၀ နာရီ ၄၅ မိနစ် (ဂရင်းနစ်စံတော်ချိန် ၀၃၄၅)တွင် ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်သူ ၆၇၀၂၇၇၈၀ ရှိလာကြောင်းနှင့် သေဆုံးသူ ၁၅၃၃၄၈၂ ဦး ရှိလာကြောင်း ဂျွန်ဟော့ကင်း တက္ကသိုလ်က ဆက်လက်ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ကူးစက်မှုနှင့် သေဆုံးမှုအများဆုံးဖြစ်သည်။ အမေရိကန် ပြည်ထောင်စုတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်သူ ၁၄၇၅၄၇၁၉ ဦးရှိပြီး သေဆုံးသူ ၂၈၂၂၅၄ ဦးရှိကြောင်း သိရသည်။




အမေရိကန်ပြည်ထောင်စု နယူးယောက်ရှိ ဘူတာရုံတွင် နှာခေါင်းစည်းတပ်ဆင်ထားသည့် ခရီးသည်များကို တွေ့ရစဉ်။

အိန္ဒိယနိုင်ငံသည် ကိုဗစ်-၁၉ ကူးစက်သူ စုစုပေါင်း ၉၆၄၄၂၂ ဦးဖြင့် ကမ္ဘာပေါ်တွင် ဒုတိယအများဆုံး ကိုဗစ်-၁၉ ကူးစက်သည့် နိုင်ငံဖြစ်သည်။ ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၆၆၀၃၅၄၀ ရှိပြီး ကမ္ဘာ့တတိယ အများဆုံး ကိုဗစ်-၁၉ ကူးစက်ခံရသည့် နိုင်ငံဖြစ်သည်။ သို့သော် ဘရာဇီးနိုင်ငံသည် ကိုဗစ်-၁၉ ကြောင့်သေဆုံးမှုတွင် ကမ္ဘာ့ဒုတိယ အများဆုံး နိုင်ငံတစ်နိုင်ငံဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁ ဒသမ ၁ သန်း ကျော်လွန်လာသော နိုင်ငံများတွင် ရုရှား၊ ပြင်သစ်၊ အီတလီ၊ စပိန်၊ အာဂျင်တီးနား၊ ကိုလံဘီယာ၊ ဂျာမနီနှင့် မက္ကဆီကိုနိုင်ငံတို့ပါဝင်ပြီး ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၅၀၀၀၀ ကျော်လာသော နိုင်ငံများမှာ အိန္ဒိယ၊ ပြင်သစ်၊ အီတလီ၊ ဗြိတိန်၊ မက္ကဆီကိုနှင့် အီရန်နိုင်ငံတို့ဖြစ်ကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်မှ ထုတ်ပြန်သော စာရင်းများအရ သိရသည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### အမေရိကန်တွင် ဒီဇင်ဘာလ ပထမ ငါးရက်အတွင်း ကိုဗစ်-၁၉ လူနာ ၁ ဒသမ ဝ၄ သန်းကျော်ရှိ

**ဝါရှင်တန် ဒီဇင်ဘာ ၇**

အမေရိကန်တွင် ဒီဇင်ဘာလ၏ ပထမ ငါးရက်အတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူအသစ် ၁ ဒသမ ဝ၄ သန်းရှိကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်က ထုတ်ပြန်သည့် ကိန်းဂဏန်းများတွင် ဖော်ပြလိုက်သည်။

အမေရိကန်ပြည်ထောင်စုတွင် နေ့စဉ်သေဆုံးမှုသည် ပျမ်းမျှ ၂၀၀၀ ကျော်ရှိသည်။ ကျေးဇူးတော်နေ့ အားလပ်ရက်ပြီးနောက် ကိုဗစ်-၁၉ ကူးစက်မှု ထပ်မံမြင့်တက်လာသည့်အတွက် ကယ်လီဖိုးနီးယားပြည်နယ်တွင်းရှိ နေရာများကို နေအိမ်အတွင်း၌သာ နေထိုင်ရန် အမိန့်ထုတ်ထားသည်။

ဒီဇင်ဘာ ၆ ရက်က ကယ်လီဖိုးနီးယားပြည်နယ်တွင် ကိုဗစ်-၁၉ အသစ်ထပ်မံကူးစက်ခံရသူ ၃၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

လော့စ်အိန်ဂျလိစ်အပါအဝင် ဒေသအများအပြားရှိ ဒေသခံများအနေဖြင့် ခရီးမသွားမဖြစ်ကိစ္စမှလွဲ၍ အနည်းဆုံး သီတင်းပတ်သုံးပတ်ကြာ နေအိမ်မှာပဲ နေရမည်ဟု သတ်မှတ်ထားပြီး လက်လီဆိုင်များသည် ၂၀ ရာခိုင်နှုန်းသာ လုပ်ငန်းလည်ပတ်ခွင့်ရှိမည်ဖြစ်ကာ စားသောက်ဆိုင်များသည် ဆိုင်ထိုင်စနစ်မဟုတ်ဘဲ ပါဆယ်စနစ်နှင့် အိမ်အရောက်ပို့စနစ်များနှင့်အညီ ဖွင့်လှစ်နိုင်မည်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

### ဆိုးလ်မြို့တွင် ကိုဗစ်-၁၉ ထိန်းချုပ်မှုများကို ပိုမိုတင်းကျပ်သွားမည်

**ဆိုးလ် ဒီဇင်ဘာ ၇**

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် ကိုဗစ်-၁၉ ကူးစက်မှုဆိုင်ရာ ထိန်းချုပ်မှုများအတွက် အစိုးရအနေဖြင့် ပိုမိုတင်းကျပ်သည့်ကန့်သတ်ချက်များ ထပ်မံချမှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

တောင်ကိုရီးယား တစ်နိုင်ငံလုံးတွင် နေ့စဉ် ကိုဗစ်-၁၉ ကူးစက်မှုအသစ် ၆၀၀ ကျော်ရှိလာခဲ့ပြီးနောက် ယခုလို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆင့် ငါးဆင့်ရှိသည့် သတိပေးချက်အဆင့်များထဲမှ ဒုတိယအမြင့်ဆုံးအဆင့်ကို ဆိုးလ်မြို့နှင့် အနီးဝန်းကျင်ဒေသများ၌ ဒီဇင်ဘာ ၈ ရက်စပြီး သီတင်းပတ် သုံးပတ်ကြာ ချမှတ်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားအစိုးရက ဒီဇင်ဘာ ၆ ရက်က ပြောကြားသည်။

တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ရမည့် စည်းမျဉ်းစည်းကမ်းများကိုလိုက်နာရန် ထိုသို့လုပ်ဆောင်ခြင်းဖြစ်ပြီး အစည်းအဝေးပွဲများနှင့် အခြားပွဲများတွင် လူအများဆုံး ပါဝင်နိုင်သည့်အရေအတွက်ကို ၅၀ အောက် ခွင့်ပြုပေးသွားမည်ဖြစ်သည်။

ဈေးဝယ်ကုန်တိုက်ကြီးများနှင့် ရုပ်ရှင်ရုံများသည် ည ၉ နာရီတွင် ပိတ်ရမည်ဖြစ်သည်။ ဒီဇင်ဘာ ၆ ရက်က နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ခံရသူ ၆၁၅ ဦးရှိပြီး တိုကျို၌ ဒီဇင်ဘာ ၇ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် ထပ်မံကူးစက်သူ ၂၉၉ ဦး ရှိကြောင်း ဖော်ပြခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အစိုးရနဲ့ အတိုက်အခံ နှစ်ဖက်စလုံးအပေါ် အယုံအကြည်ကင်းမဲ့လာကြတဲ့ ဗင်နီဇွဲလားပြည်သူများ

**ကလျာမိုးမြင့်**

**ဗင်နီဇွဲလားနိုင်ငံမှာရှိတဲ့ အဖွဲ့အစည်းအများစုကတော့ အမျိုးသားလွှတ်တော်အတွက် ရွေးကောက်ပွဲကျင်းပမှုကို ကန့်ကွက်ဆန့်ကျင်နေကြပါတယ်။ သမ္မတ မစ္စတာ မာဒူရိုနဲ့ နှစ်နှစ်ကြာအောင် အာဏာယှဉ်ပြိုင်လာခဲ့တဲ့ ဗင်နီဇွဲလား အတိုက်အခံခေါင်းဆောင် ဂျူအန် ဂွိုက်ဒိုက သပိတ်မှောက်ဆန့်ကျင်မှုကို ဦးဆောင်နေပါတယ်။**

အတိုက်အခံခေါင်းဆောင် မစ္စတာ ဂွိုက်ဒိုကို အမေရိကန်နဲ့ အခြားနိုင်ငံပေါင်း ၅၀ ကျော်လောက်က ဗင်နီဇွဲလားရဲ့ တရားဝင် ခေါင်းဆောင်တစ်ဦးအနေနဲ့ အသိအမှတ်ပြု ထောက်ခံပေးထားတဲ့အတွက် မစ္စတာဂွိုက်ဒိုဟာ သမ္မတ မာဒူရိုနဲ့ ကောင်းကောင်းအာဏာယှဉ်ပြိုင်လို့ရတဲ့ အနေအထားတစ်ခုကို ပိုင်ဆိုင်ထားပါတယ်။



အမျိုးသားလွှတ်တော်ရွေးကောက်ပွဲတွင် မဲထည့်ဝင်ခဲ့သည့် ဗင်နီဇွဲလားသမ္မတ နီကိုးလပ်စ်မာဒူရို။

### ပြည်သူ့ဆန္ဒကို ကိုယ်စားမပြု

ဒီဇင်ဘာ ၆ ရက်မှာပြုလုပ်တဲ့ လူထုဆန္ဒခံယူပွဲကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက အယောင်ဆောင် ရွေးကောက်ပွဲတစ်ခု၊ မသမာမှုတစ်ခုဖြစ်တယ်လို့ ဖော်ပြပါတယ်။

တရားမဝင်တဲ့ ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ မာဒူရိုအစိုးရအဖွဲ့က ကြေညာမယ့် ရွေးကောက်ပွဲရလဒ်ဟာ ဗင်နီဇွဲလားပြည်သူတစ်ရပ်လုံးရဲ့ ဆန္ဒကို ကိုယ်စားပြုတဲ့ ရလဒ်တစ်ခုဖြစ်လာမှာ မဟုတ်ဘူးလို့ မစ္စတာ ပွန်ပီအိုက တွစ်တာပေါ်မှာ ရေးသားဖော်ပြခဲ့ပါတယ်။ အမေရိကန်ပြည်နယ်များအဖွဲ့အစည်း (OAS) ကလည်း ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုမှာ မဟုတ်ဘူးလို့ ဆိုထားပါတယ်။

### အစိုးရနဲ့ပူးပေါင်းဖို့ မာဒူရို တိုက်တွန်း

ဒီဇင်ဘာ ၆ ရက် ဆန္ဒခံယူပွဲမှာ မဲပေးခဲ့ပြီးတဲ့နောက် မစ္စတာ မာဒူရိုက ရွေးကောက်ပွဲဟာ ဗင်နီဇွဲလားနိုင်ငံ ပြန်လည်ကောင်းမွန်လာမယ့် ခေတ်သစ်တစ်ခုကို အစပြုလိုက်တဲ့ အထိမ်းအမှတ်တစ်ခုလို့ ပြောခဲ့ပါတယ်။

မကြာသေးခင်က ကျင်းပခဲ့တဲ့ အမေရိကန် ရွေးကောက်ပွဲတွေကို အကြောင်းပြုပြီး မစ္စတာ မာဒူရိုက အတိုက်အခံအဖွဲ့အနေနဲ့ ဗင်နီဇွဲလားနိုင်ငံအပေါ် ချမှတ်ထားတဲ့ အမေရိကန်ရဲ့ ဒဏ်ခတ်ပိတ်ဆို့မှုတွေကို အခုတက်လာမယ့် ဂျိုးဘိုင်ဒင်ရဲ့အစိုးရအဖွဲ့က ဖယ်ရှားအောင် တွန်းအားပေးဖို့ရာအတွက် သမ္မတထရမ့်ရဲ့အရေးနိမ့်မှုကို အခွင့်ကောင်းယူပြီး မိမိနဲ့အတူ ပူးပေါင်းဖို့ တိုက်တွန်းလိုက်ပါတယ်။

### ပြောင်းလဲပစ်တော့မလား

အခုလက်ရှိအချိန်အထိ အမျိုးသားလွှတ်တော်ဟာ အတိုက်အခံအဖွဲ့က ထိန်းချုပ်ထားတဲ့ တစ်ခုတည်းသော အစိုးရအဖွဲ့ဌာနခွဲတစ်ခုအဖြစ် ကျန်ရှိနေတာဖြစ်ပြီး ဒီဇင်ဘာ ၆ ရက်မှာ ပြုလုပ်တဲ့ ဆန္ဒခံယူပွဲက ဒီအရာကို ပြောင်းလဲပစ်တော့မယ့် အနေအထားကို တွေ့နေရပါတယ်။ ဒါပေမယ့် ဆန္ဒခံယူပွဲမှာ အတိုက်အခံအဖွဲ့ ပါဝင်ခြင်းမရှိတဲ့အတွက် ထွက်ပေါ်လာမယ့် ရလဒ်က ဘယ်လိုရလဒ်မျိုးဖြစ်မယ်ဆိုတာကို ရှင်းရှင်းလင်းလင်း သိမြင်နိုင်ပါတယ်။

လက်ရှိမှာ အမျိုးသားလွှတ်တော်ရဲ့ အကြီးအကဲဖြစ်တဲ့ ဂျူအန်ဂွိုက်ဒိုဟာ ဗင်နီဇွဲလားနိုင်ငံကို ဦးဆောင်ဖို့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွေးချယ်ခံထားရသူ အဖြစ် နှစ်နှစ်ကြာအောင် ရပ်တည်လာခဲ့သူဖြစ်ပါတယ်။

> **“ဗင်နီဇွဲလားနိုင်ငံရဲ့ စီးပွားရေး အကြီးအကျယ် ပြိုလဲနေတဲ့အချိန်မှာ လူတွေအားလုံး ငံ့လင့်နေတဲ့အရာကတော့ ၎င်းတို့ ရဲ့ လူမှုဘဝအခြေအနေတွေ ပိုကောင်းလာဖို့ဖြစ်ပြီး ဘယ်နိုင်ငံရေးအဖွဲ့အစည်းကမှ အဲဒီဆန္ဒတွေကို ပြည့်မြောက်အောင် လုပ်ဆောင်ပေးနိုင်ခြင်း မရှိသေးပါဘူး”**

### အယုံအကြည်ကင်းမဲ့လာ

ဂွိုက်ဒိုက နီကိုးလပ်စ်မာဒူရိုအစိုးရအဖွဲ့ကို ရင်ဆိုင်တိုက်ခိုက်ဖို့ ဗင်နီဇွဲလားနိုင်ငံမှာ ၎င်းဆက်လက်ရှိနေဦးမယ်လို့ အခိုင်အမာ ပြောဆိုနေပေမယ့် ဗင်နီဇွဲလားပြည်သူတွေကို ကြည့်ရသလောက်ဆိုရင် အများစုဟာ အစိုးရကိုရော အတိုက်အခံအဖွဲ့ကိုပါ အယုံအကြည်ကင်းမဲ့လာကြသလို နိုင်ငံရေးဆိုင်ရာ အရှုပ်အထွေးတွေအပေါ်မှာ စိတ်ကုန်လူပန်း ဖြစ်နေကြပုံ ပေါ်နေပါတယ်။

ဗင်နီဇွဲလားနိုင်ငံရဲ့ စီးပွားရေး အကြီးအကျယ် ပြိုလဲနေတဲ့အချိန်မှာ လူတွေအားလုံး ငံ့လင့်နေတဲ့အရာကတော့ ၎င်းတို့ရဲ့ လူမှုဘဝ အခြေအနေတွေ ပိုကောင်းလာဖို့ဖြစ်ပြီး ဘယ်နိုင်ငံရေးအဖွဲ့အစည်းကမှ အဲဒီဆန္ဒတွေကို ပြည့်မြောက်အောင် လုပ်ဆောင်ပေးနိုင်ခြင်း မရှိသေးပါဘူး။

### စီးပွားရေးကျပ်တည်းမှု

ရွေးကောက်ပွဲမှာ သပိတ်မှောက်တဲ့သူ နည်းပါးတယ်လို့ ခန့်မှန်းထားပေမယ့် မဲရုံအများစုမှာ လူသူကင်းမဲ့ခဲ့ပြီး တချို့မဲရုံတွေမှာတော့ ဆန္ဒမဲထည့်ဖို့ တန်းစီနေတဲ့သူ အနည်းငယ်သာရှိခဲ့တယ်လို့ သိရပါတယ်။ ဆိုရှယ်လစ်ပါတီက ချုပ်ကိုင်ထားတဲ့ မြို့တော်ကရာကက်မှာတော့ မဲပေးဖို့ တန်းစီနေသူတွေ အများဆုံးတွေ့ခဲ့ရတယ်လို့ အေအက်ဖ်ပီ သတင်းမှာ ဖော်ပြထားပါတယ်။

ဗင်နီဇွဲလားနိုင်ငံရဲ့ စီးပွားရေးအကျပ်အတည်း ဘယ်လောက်အထိ ဆိုးရွားနေတယ်ဆိုတဲ့ ပြယုဂ်တစ်ခုကတော့ နိုင်ငံအတွင်းမှာရှိတဲ့ ဓာတ်ဆီဆိုင်တွေမှာ အဆက်မပြတ် စောင့်ဆိုင်းနေကြတဲ့ လူတန်းရှည်ကြီးပါပဲ။

ဓာတ်ဆီဆိုင်တစ်ခုမှာ နာရီများစွာကြာတဲ့အထိ စောင့်ဆိုင်းနေခဲ့တဲ့ ဂျိုစီ အယ်လ်ဘာတိုက အခုလို မပြီးနိုင် မစီးနိုင် စောင့်ဆိုင်းနေရတဲ့အလုပ်ဟာ တော်တော် စိတ်ပျက်စရာကောင်းတာပဲ။ ကျွန်တော်ကတော့ မဲသွားပေးမှာ မဟုတ်ဘူးလို့ ၎င်းကပြောခဲ့ပါတယ်။

### ထောက်ခံမှုမရှိ

မဲရုံတွေမှာ ကိုဗစ်-၁၉ ကူးစက်မှုကို ကြိုတင်ကာကွယ်ဖို့ မဲဆန္ဒရှင်တွေကို နှာခေါင်းစည်းတပ်ဆင်စေခြင်းနဲ့ မဲရုံအတွင်းမှာ လူမှုဝေးကွာဆောင်ရွက်ချက်တွေ လုပ်ဆောင်ထားတာကိုတွေ့ရပါတယ်။ ဗင်နီဇွဲလားနိုင်ငံမှာ ကိုဗစ်-၁၉ ကူးစက်ခံရသူ အရေအတွက် စုစုပေါင်း ၁၀၄၀၀၀ ကျော်အထိ ရှိပြီဖြစ်ပြီး သေဆုံးသူ အရေအတွက်စုစုပေါင်း ၉၁၆ ဦးအထိ ရှိပါတယ်။

မကြာသေးခင်က ထွက်ပေါ်ခဲ့တဲ့ ပြည်သူ့ဆန္ဒသဘောထားရလဒ်အရဆိုရင် ဗင်နီဇွဲလား ပြည်သူတွေရဲ့ ၆၂ ဒသမ ၂ ရာခိုင်နှုန်းဟာ သမ္မတ နီကိုးလပ်စ်မာဒူရိုကို သာမက အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုကိုပါ ထောက်ခံခဲ့ခြင်း မရှိပါဘူး။ ဗင်နီဇွဲလား အမျိုးသားလွှတ်တော်ရဲ့ ရာထူးနေရာ ၂၂၇ ခု ကို ၂၀၁၅ ခုနှစ်ကစပြီး အတိုက်အခံအဖွဲ့အစည်းက လွှမ်းမိုးထားပါတယ်။ လုပ်ဆောင်နေတဲ့ ရွေးကောက်ပွဲဟာ လွတ်လပ်ပြီး တရားမျှတတဲ့ အခြေအနေမရှိတာကြောင့် မဲသွားမထည့်ကြဖို့ ဂွိုက်ဒိုက မဲဆန္ဒရှင် ပြည်သူတွေကို ဆော်သြခဲ့ပါတယ်။ ။

**ကိုးကား- အေအက်ဖ်ပီ၊ဘီဘီစီ**

# ကိုဗစ်ရောဂါ လူနာတစ်ဦးအတွက် ကုန်ကျစရိတ်



ကျွန်မတို့ပြည်သူတွေ လေးလေးနက်နက်ရှိအောင်လို့ ကျွန်မ ကိန်းဂဏန်းလေးတွေတချို့ ပြောပြချင်ပါတယ်။ ပြည်သူတစ်ယောက်၊ လူတစ်ယောက်ပေါ့နော်။ ဘယ်သူပဲဖြစ်ဖြစ် ကျွန်မတို့ ပြည်သူမဟုတ်ဘဲနဲ့ ဒီနိုင်ငံမှာ ရောက်နေတဲ့ ဧည့်သည်တွေဆိုရင်လည်း ကျန်းမာရေးအရ စောင့်ရှောက်မှုပေးရတာပဲ။ တစ်ယောက်က ကိုဗစ် ရောဂါပိုးဝင်သွားပြီ အဲ့ဒီဟာကို ကုပေးရတယ်ဆိုရင် ရောဂါမပြင်းထန်ရင်တောင်မှ တစ်ယောက်အတွက် ကုန်ကျစရိတ်က ၁၅ သိန်းနဲ့ သိန်း ၂၀ ကြား ဖြစ်ပါတယ်။ အဲဒါ တိုက်ရိုက်ကုန်ကျစရိတ်လည်းပါတယ်၊ သွယ်ဝိုက်တဲ့ ကုန်ကျစရိတ်လည်းပါတယ်။ ဒါတစ်ယောက်ကိုပါ။ ပြင်းထန်တဲ့ အဆင့်ရောက်သွားပြီဆိုရင် တစ်ယောက်အတွက်က ၂၅သိန်း နဲ့ သိန်း ၅၀ ကြား အကုန်အကျခံရပါတယ်။ တိုက်ရိုက်ရော၊ သွယ်ဝိုက်သော စရိတ်ရော အားလုံးပေါင်း လိုက်မယ်ဆိုရင်ပေါ့။ အဲဒီတော့စဉ်းစားကြည့်ပါ။ ကျွန်မတို့ နိုင်ငံမှာဆိုရင် အခု ဒီလို ဇွသောင်းကျော်လို့ တစ်သိန်း နီးပါး ရောဂါပိုးတွေ့ရှိတဲ့သူတွေ ရှိခဲ့ပြီဆိုတော့ ဘယ်လောက် ကျွန်မတို့ ပြုစုကုသမှုဘက်မှာ သုံးခဲ့ရသလဲဆိုတော့ စောစောက ပြောသလို ၁၅ သိန်းနဲ့ သိန်း ၂၀ ကြား ရောဂါမပြင်းထန်တဲ့ သူတစ်ယောက်အတွက် သုံးရတယ်ဆိုရင် ဒါဟာ ဘာနဲ့ညီမျှသလဲဆိုတော့ ကျွန်မတို့ ရောဂါကာကွယ်ဆေးရတဲ့အခါကျရင် ဒီကာကွယ်ဆေး လူ ၃၀၀ ကို ထိုးပေးနိုင်တဲ့ ငွေပမာဏနဲ့ ညီမျှပါတယ်။

(Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၄-၁၂-၂၀၂၀ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှကောက်နုတ်ချက်)

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၂၇၆ ဦး တွေ့ရှိ

## COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၇–၁၂–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

(၆–၁၂–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၇–၁၂–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၉,၃၇၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁,၂၇၆) ဦး တွေ့ရှိ**ရပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၇–၁၂–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၁,၀၄၁) ခု | (၁၃၀) ဦး |
| ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) | (၄၈၉) ခု | (၅၆) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၂၂၀) ခု | (၃၉) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၂၈၂) ခု | (၁၃) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မူဆယ်) | (၃၆၉) ခု | (၄) ဦး |
| ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၈၉) ခု | (၂၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၈) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၃၂) ခု | (၂၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၄၁၉) ခု | (၄၁၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၄,၆၉၀) ခု | (၅၇၂) ဦး |
| **စုစုပေါင်း** | **(၁၉,၃၇၉) ခု** | **(၁,၂၇၆) ဦး** |

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။
- ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့သူများ၊ အသွားအလာကန့်သတ်ထားရှိသူများနှင့် စောင့်ကြည့်လူနာများ၏ ဓာတ်ခွဲနမူနာများအား ရယူစစ်ဆေးလျက်ရှိရာတွင် COVID–19 နေ့စဉ် စမ်းသပ်တွေ့ရှိရမှုနှုန်းမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

| | ၂၈-၁၁-၂၀ | ၂၉-၁၁-၂၀ | ၃၀-၁၁-၂၀ | ၁-၁၂-၂၀ | ၂-၁၂-၂၀ | ၃-၁၂-၂၀ | ၄-၁၂-၂၀ | ၅-၁၂-၂၀ | ၆-၁၂-၂၀ | ၇-၁၂-၂၀ |
|---|---|---|---|---|---|---|---|---|---|---|
| ပိုးတွေ့ရှိမှု ရာခိုင်နှုန်း | ၇.၅ | ၉.၉ | ၇.၇ | ၇.၈ | ၇.၂ | ၆.၂ | ၇.၀ | ၆.၆ | ၆.၀ | ၆.၆ |

မှတ်ချက်။ COVID–19 စမ်းသပ်တွေ့ရှိရမှုနှုန်းမှာ ဓာတ်ခွဲစစ်ဆေးသည့်အရေအတွက်ပေါ်၌လည်း မူတည်နေပါသည်။
(၂၈–၁၁–၂၀၂၀) ရက်နေ့မှ (၇–၁၂–၂၀၂၀) ရက်နေ့အထိ နေ့စဉ်စစ်ဆေးသော ဓာတ်ခွဲနမူနာအရေအတွက်မှာ အနည်းဆုံး (၁၅,၂၂၀) ခုမှ အများဆုံး(၂၃,၃၀၀) ခု အထိ ဖြစ်ပြီး ပျမ်းမျှအရေအတွက်မှာ (၁၉,၃၀၅)ခု ဖြစ်ပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ယခုထက် ပိုမို တိကျစွာ လိုက်နာဆောင်ရွက်ကြမှသာလျှင် ရောဂါဖြစ်ပွားမှုနှုန်း ကျဆင်းလာပါမည်။

**မြန်မာနိုင်ငံတွင် COVID–19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ**

**(၇–၁၂–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၉,၃၇၉) ဦး | (၁,၃၀၇,၇၄၄) ဦး |
| COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၂၇၆) ဦး | (၁၀၀,၄၃၁) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၁,၆၀၄) ဦး | (၇၉,၂၄၀) ဦး |
| သေဆုံးလူနာ | (၂၂) ဦး | (၂,၁၃၂) ဦး |

- ယနေ့ သေဆုံးသူ (၂၂) ဦးမှာ ပြည်သူ့ဆေးရုံများ၊ COVID–19 ရောဂါ ကုသရေးဌာနများနှင့် တပ်မတော်ဆေးရုံများမှဖြစ်ပြီး ၎င်းတို့အနက် ရောဂါအခံရှိသူ (၁၉) ဦးပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID–19 ရောဂါ ကုသရေးဌာနများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၁,၆၀၄) ဦးတွင်–
  - ပြည်သူ့ဆေးရုံများ – (၆၃၃) ဦး
  - COVID–19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) – (၉၇၁) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၉၃၁) ဦးတွင်–
  - Hotel Quarantine – (၁၅၂) ဦး
  - Facility Quarantine – (၁၁၉) ဦး
  - Community Based Facility Quarantine – (၅၉၃) ဦး
  - Anosmia Center – (၆၇) ဦး

  ပါဝင်ပြီး ၎င်းတို့အား နေအိမ်များတွင် အသွားအလာဆက်လက်ကန့်သတ်ထားရှိပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၇-၁၂-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ

၁။ (၆-၁၂-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၁,၁၀၈) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | မြောက်ဥက္ကလာပ | ၆၄ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) * | ၅၁ |
| | | မှော်ဘီ | ၄၁ |
| | | လှိုင်သာယာ* | ၄၀ |
| | | သန်လျင် | ၃၈ |
| | | ရွှေပြည်သာ | ၃၅ |
| | | မင်္ဂလာဒုံ | ၃၂ |
| | | မရမ်းကုန်း | ၃၀ |
| | | လှည်းကူး | ၂၉ |
| | | တိုက်ကြီး | ၂၆ |
| | | သဃ်္ဃန်းကျွန်း | ၂၃ |
| | | တာမွေ | ၂၁ |
| | | အင်းစိန် | ၁၉ |
| | | ခရမ်း | ၁၈ |
| | | လှိုင် | ၁၆ |
| | | ကြည့်မြင်တိုင် | ၁၆ |
| | | သာကေတ | ၁၅ |
| | | ကျောက်တန်း | ၁၁ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၈ |
| | | လသာ | ၈ |
| | | တောင်ဥက္ကလာပ | ၇ |
| | | သုံးခွ | ၆ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၅ |
| | | လမ်းမတော် | ၅ |
| | | မင်္ဂလာတောင်ညွန့် | ၅ |
| | | ဗိုလ်တထောင် | ၄ |
| | | စမ်းချောင်း | ၃ |
| | | ထန်းတပင် | ၃ |
| | | ဗဟန်း | ၃ |
| | | ပုဇွန်တောင် | ၃ |
| | | ကမာရွတ် | ၂ |
| | | ဒဂုံဆိပ်ကမ်း | ၂ |
| | | ဆိပ်ကြီးခနောင်တို | ၂ |
| | | အလုံ | ၂ |
| | | ရန်ကင်း | ၁ |
| | | ကျောက်တံတား | ၁ |
| | | စုစုပေါင်း | ၅၉၅ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | အောင်မြေသာစံ | ၃၇ |
| | | ချမ်းအေးသာစံ | ၂၉ |
| | | ချမ်းမြသာစည် | ၂၁ |
| | | မဟာအောင်မြေ | ၁၈ |
| | | ပြင်ဦးလွင် | ၁၆ |
| | | ပြည်ကြီးတံခွန် | ၁၅ |
| | | ပုသိမ်ကြီး | ၁၁ |
| | | အမရပူရ | ၉ |
| | | တံတားဦး | ၅ |
| | | မတ္တရာ | ၅ |
| | | ဝမ်းတွင်း | ၅ |
| | | နွားထိုးကြီး | ၄ |
| | | ကျောက်ဆည် | ၃ |
| | | ကျောက်ပန်းတောင်း | ၂ |
| | | မြင်းခြံ | ၂ |
| | | မြစ်သား | ၂ |
| | | ရမည်းသင်း | ၂ |
| | | ပျော်ဘွယ် | ၁ |
| | | မိတ္ထီလာ | ၁ |
| | | ညောင်ဦး | ၁ |
| | | တောင်သာ | ၁ |
| | | စုစုပေါင်း | ၁၈၃ |
| ၃။ | ဧရာဝတီတိုင်းဒေသကြီး | လပွတ္တာ | ၁၉ |
| | | မော်လမြိုင်ကျွန်း | ၁၈ |
| | | ပုသိမ် | ၁၇ |
| | | ဒေးဒရဲ | ၁၁ |
| | | ညောင်တုန်း | ၁၀ |
| | | မြောင်းမြ | ၉ |
| | | ဇလွန် | ၅ |
| | | ဓနုဖြူ | ၃ |
| | | ဟသ်ာတ | ၂ |
| | | ကျိုက်လတ် | ၂ |
| | | စုစုပေါင်း | ၉၆ |
| ၄။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၃၈ |
| | | ရေတာရှည် | ၁၀ |
| | | သာယာဝတီ | ၆ |
| | | သနပ်ပင် | ၅ |
| | | နတ်တလင်း | ၄ |
| | | အုတ်တွင်း | ၃ |
| | | လက်ပံတန်း | ၃ |
| | | ဖြူး | ၃ |
| | | ပြည် | ၃ |
| | | ကျောက်တံခါး | ၁ |
| | | မိုးညို | ၁ |
| | | ပန်းတောင်း | ၁ |
| | | ပေါင်းတည် | ၁ |
| | | ရွှေတောင် | ၁ |
| | | ဝေါ | ၁ |
| | | စုစုပေါင်း | ၈၁ |
| ၅။ | ကရင်ပြည်နယ် | ဘားအံ | ၁၅ |
| | | မြဝတီ | ၇ |
| | | ကော့ကရိတ် | ၇ |
| | | လှိုင်းဘွဲ့ | ၁ |
| | | သံတောင်ကြီး | ၁ |
| | | စုစုပေါင်း | ၃၁ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ရွှေဘို | ၁၀ |
| | | ကလေး | ၁၀ |
| | | ကျွန်းလှ | ၄ |
| | | ကသာ | ၂ |
| | | တမူး | ၂ |
| | | ဟုမ္မလင်း | ၁ |
| | | ဘုတလင် | ၁ |
| | | စုစုပေါင်း | ၃၀ |
| ၇။ | မွန်ပြည်နယ် | မော်လမြိုင် | ၁၇ |
| | | သထုံ | ၅ |
| | | ချောင်းဆုံ | ၂ |
| | | ကျိုက်မရော | ၂ |
| | | ဘီးလင်း* | ၁ |
| | | စုစုပေါင်း | ၂၇ |
| ၈။ | နေပြည်တော် | ဇမ္ဗူသီရိ | ၆ |
| | | လယ်ဝေး | ၄ |
| | | ဥတ္တရသီရိ | ၂ |
| | | ဇေယျာသီရိ | ၂ |
| | | ပုဗ္ဗသီရိ | ၁ |
| | | စုစုပေါင်း | ၁၅ |
| ၉။ | ရခိုင်ပြည်နယ် | မြေပုံ | ၄ |
| | | ကျောက်ဖြူ | ၂ |
| | | ပုဏ္ဏားကျွန်း | ၂ |
| | | သံတွဲ | ၁ |
| | | ရမ်းဗြဲ | ၁ |
| | | ဗွ | ၁ |
| | | အမ်း | ၁ |
| | | စုစုပေါင်း | ၁၂ |
| ၁၀။ | ရှမ်းပြည်နယ် | တာချီလိတ် | ၆ |
| | | မိုင်းယောင်း | ၂ |
| | | ပင်းတယ | ၁ |
| | | လားရှိုး | ၁ |
| | | သီပေါ | ၁ |
| | | တောင်ကြီး | ၁ |
| | | စုစုပေါင်း | ၁၂ |
| ၁၁။ | မကွေးတိုင်းဒေသကြီး | တောင်တွင်းကြီး | ၅ |
| | | မကွေး | ၃ |
| | | မင်းဘူး | ၁ |
| | | ပခုက္ကူ | ၁ |
| | | စုစုပေါင်း | ၁၀ |
| ၁၂။ | ကချင်ပြည်နယ် | ဖားကန့် | ၁၀ |
| | | စုစုပေါင်း | ၁၀ |
| ၁၃။ | တနင်္သာရီတိုင်းဒေသကြီး | ပုလော | ၁ |
| | | လောင်းလုံ | ၁ |
| | | ထားဝယ် | ၁ |
| | | စုစုပေါင်း | ၃ |
| ၁၄။ | ချင်းပြည်နယ် | ပလက်ဝ | ၁ |
| | | မတူပီ | ၁ |
| | | စုစုပေါင်း | ၂ |
| ၁၅။ | ကယားပြည်နယ် | လွိုင်ကော် | ၁ |
| | | စုစုပေါင်း | ၁ |
| | (၆-၁၂-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | (၁,၁၀၈) ဦး |

* လှိုင်သာယာမြို့နယ်မှ (၁) ဦး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်မှ (၁)ဦး၊ နှင့် ဘီးလင်းမြို့နယ်မှ (၁)ဦးတို့သည် ပြည်ပမှ ပြန်လည်ရောက်ရှိလာပြီး အသွားအလာကန့်သတ်ထားရှိသူများ ဖြစ်ပါသည်။

မှတ်ချက်။ (၆-၁၂-၂၀၂၀) ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၁၀၈) ဦးတွင် အနံ့မရရှိသူ (၁၆၂) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

◆ *ကျောဖုံးမှ*

ဒီဇင်ဘာ ၅ ရက်နှင့် ၆ ရက်တွင် မဟာဗန္ဓုလ ပန်းခြံသို့ လာရောက်သူပိုမိုများပြားလာခဲ့ပြီး မဟာဗန္ဓုလ ပန်းခြံလမ်းအတွင်း၌ စားသောက်ဆိုင်များ ပြန်လည်ဖွင့်လှစ်ကာ ထိုင်စားသူများပါ ရှိလာခဲ့သည့်အပြင် ပန်းခြံအတွင်း၌ပါ ဝင်ရောက်ဈေးရောင်းချခြင်းမျိုး ရှိလာကြောင်း ရန်ကုန်မြို့တော် ဒုတိယမြို့တော်ဝန် ဦးစိုးလွင်က ပြောသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက လိုက်လံစစ်ဆေးရာတွင် အင်းလျားကန်ပေါင်တစ်လျှောက်နှင့် ကန်တော်ကြီး ဗိုလ်ချုပ်ကြေးရုပ်ပန်းခြံတို့တွင် ဝိုင်းဖွဲ့စားသောက်နေမှုများ၊ အရက်သေစာ သောက်စားနေမှုများကို စစ်ဆေးတွေ့ရှိခဲ့ရသည့်အတွက် ကျန်းမာရေးဆိုင်ရာ အသိပညာပေးမှုများပြုလုပ်ခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ တားဆီးထိန်းချုပ်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် မဟာဗန္ဓုလပန်းခြံအတွင်း လူစုလူဝေးမဖြစ်ပေါ်စေရန် လူများဝင်ရောက်မှုမရှိစေရေးအတွက် ကန့်သတ်ထားပြီး အင်းလျားကန်ပေါင်တစ်လျှောက်နှင့် ကန်တော်ကြီး ဗိုလ်ချုပ်ကြေးရုပ်ပန်းခြံတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ပန်းခြံတာဝန်ခံတို့က လူစုလူဝေးမဖြစ်ပေါ်စေရေးအတွက် ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - အာကာစိုး**

# ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသဘော်သားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် ဒီဇင်ဘာ ၇**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံများတွင် စာချုပ်သက်တမ်းကုန်ဆုံး၍ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသဘော်သားများအား ဆိုးလ်မြို့ရှိ မြန်မာသံရုံးနှင့် မြန်မာနိုင်ငံ ပင်လယ်ကူးသဘော်သား ဝန်ဆောင်မှုလုပ်ငန်းရှင်များ အဖွဲ့ချုပ် (MSESF) တို့မှ ပူးပေါင်းစီစဉ်သည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ည ၉ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

အဆိုပါ ကယ်ဆယ်ရေးလေယာဉ်တွင် ကိုရီးယားသမ္မတနိုင်ငံမှ ၉၂ ဦး၊ ဂျပန်မှ ရှစ်ဦး၊ နယ်သာလန်မှ သုံးဦး၊ အင်ဒိုနီးရှားမှ ငါးဦး၊ စင်ကာပူမှ ခုနစ်ဦး၊ ဖိလစ်ပိုင်မှ ၁၁ဦး၊ ဩစတြေးလျမှ နှစ်ဦး၊ ကနေဒါမှ နှစ်ဦး၊ မလေးရှားမှ တစ်ဦး၊ နိုင်ဂျီးရီးယားမှ တစ်ဦး၊ ချီလီမှ နှစ်ဦး၊ ဘရာဇီးမှ တစ်ဦး၊ အီသီယိုးပီးယားမှ တစ်ဦးနှင့် အီဂျစ်မှ လေးဦး၊ မြန်မာသဘော်သား စုစုပေါင်း ၁၄၀ လိုက်ပါခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ / သတ်မှတ်ဟိုတယ်များ၌ အသွားအလာ ကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသဘော်သားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများ၊ သဘော်ာကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## COVID-19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

**နေပြည်တော် ဒီဇင်ဘာ ၇**

COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်အတွက် COVID – 19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာလေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီ မှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

**သတင်းစဉ်**



# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ဖောင်ကြီး ကိုဗစ် - ၁၉ ကုသရေးစင်တာ တာဝန်ရှိသူများနှင့်တွေ့ဆုံ

**ရန်ကုန် ဒီဇင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းသည် လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ် ဖောင်ကြီး ကိုဗစ် – ၁၉ ကုသရေးစင်တာ ဧည့်ရိပ်သာတွင် ယနေ့နံနက် ၈ နာရီက စင်တာတာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ညှိနှိုင်းအစည်းအဝေး ပြုလုပ်သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရန်ကုန်မြို့နေ ပြည်သူများ၏ ကျန်းမာရေးအတွက် မြို့နယ်၊ ရပ်ကွက်များ၏ ဧရိယာအလိုက် ကိုဗစ် – ၁၉ ရောဂါစစ်ဆေးပေးနိုင်ရန် စီမံဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ နားရက်မရှိ ပင်ပန်းနေပြီဖြစ်၍ ပုဂ္ဂလိကဆေးရုံများနှင့် ပေါင်းစပ်ပြီး Non Covid လူနာများအား ကုသမှုပေးနိုင်ရေးအကြောင်းအရာများနှင့် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးရမည့်ကိစ္စရပ်များကို ပြောကြားသည်။

ထို့နောက် ဗဟိုဝန်ထမ်းတက္ကသိုလ် ဖောင်ကြီး ပါမောက္ခချုပ် ဦးကျော်ဝင်းဟန်၊ ဆေးတက္ကသိုလ် (၁) ပါမောက္ခချုပ် ဒေါက်တာဇော်ဝေစိုး၊ ဖောင်ကြီးကိုဗစ် – ၁၉ ကုသရေးစင်တာ – တာဝန်ခံဆေးရုံအုပ်ကြီး ဒေါက်တာကိုကိုနိုင်တို့က အောက်ဆီဂျင်နှင့်လေအေးပေးစက် ထပ်မံတိုးချဲ့မည့်အစီအစဉ်များ၊ လူနာများအတွက် လျှာဒါန်းပစ္စည်းပံ့ပိုးမှု အားနည်းလာခြင်း၊ အခြား တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လာရောက်လုပ်အားပေးနေကြသော ဆရာဝန်များနှင့် သူနာပြုများ၏ အခြေအနေများ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးရှိန်ဝင်းနှင့် အထွေထွေအတွင်းရေးမှူး ဦးမျိုးမြင့်တို့က ခေတ်ခွဲခန်းအပါအဝင် ဆရာဝန်၊ သူနာပြုများနှင့် လူနာများအတွက် အဆောင် ခြောက်ဆောင် ထပ်မံတည်ဆောက်မည့် အခြေအနေများနှင့် တာဝန်ရှိသူများက အခြားဆောင်ရွက်ထားရှိသည်များကိုရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့က ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကိုလည်း အမြန်ဆုံးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ခေတ်ခွဲခန်းအပါအဝင် ဆရာဝန်၊ သူနာပြုများနှင့် လူနာများအတွက် အဆောင် ခြောက်ဆောင် ထပ်မံတည်ဆောက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် လမ်းမတော်မြို့နယ် ဆေးတက္ကသိုလ် (၁)တွင် ပုဂ္ဂလိကဆေးရုံများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ Non Covid လူနာများအား ကုသမှုပေးနိုင်ရေးအကြောင်းအရာများနှင့် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များအတွက် ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားကာ တက်ရောက်လာသော ပုဂ္ဂလိကဆေးရုံများမှ တာဝန်ရှိသူများက မိမိတို့ ဆေးရုံများတွင် လူနာများအား ရောဂါကုသပေးနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ကျန်းမာရေးဝန်ဆောင်မှုပေးနိုင်မည့်အခြေအနေများနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ ပံ့ပိုးပေးရန်အချက်များကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **ဆန်းကျော်ဦး (ပြန် /ဆက်)**

## ၇-၁၂-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုးကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၅၁၅၉၅၂၉ | ၈၈၅၅၅၉၃ | ၂၈၈၉၀၆ |
| ၂။ | အိန္ဒိယ | ၉၆၈၀၅၉၄ | ၉၁၄၄၃၇၅ | ၁၄၀၆၈၈ |
| ၃။ | ဘရာဇီး | ၆၆၀၃၅၄၀ | ၅၇၇၆၁၈၂ | ၁၇၆၉၆၂ |
| ၄။ | ရုရှား | ၂၄၈၈၉၁၂ | ၁၉၅၆၅၈၈ | ၄၃၅၉၇ |
| ၅။ | ပြင်သစ် | ၂၂၉၂၄၉၇ | ၁၆၉၅၈၆ | ၅၅၁၅၅ |
| ၆။ | အီတလီ | ၁၇၂၈၈၇၈ | ၉၁၃၄၉၄ | ၆၀၀၇၈ |
| ၇။ | ဗြိတိန် | ၁၇၂၃၂၄၂ | စိစစ်ဆဲ | ၆၁၂၄၅ |
| ၈။ | စပိန် | ၁၆၉၉၁၄၅ | စိစစ်ဆဲ | ၄၆၂၅၂ |
| ၉။ | အာဂျင်တီးနား | ၁၄၆၃၁၁၀ | ၁၂၉၄၆၉၂ | ၃၉၇၇၀ |
| ၁၀။ | ကိုလံဘီယာ | ၁၃၇၁၁၀၃ | ၁၂၅၇၄၁၀ | ၃၇၈၀၈ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၇- ၁၂ - ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၅၈၁၅၅၀ | ၄၇၉၂၀၂ | ၁၇၈၆၇ |
| ဖိလစ်ပိုင် | ၄၄၁၃၉၉ | ၄၀၈၇၀၂ | ၈၅၇၂ |
| မြန်မာ | ၁၀၀၄၃၁ | ၇၉၂၄၀ | ၂၁၃၂ |
| မလေးရှား | ၇၄၂၉၄ | ၆၂၃၀၆ | ၃၈၄ |
| စင်ကာပူ | ၅၈၂၇၃ | ၅၈၁၆၀ | ၂၉ |
| ထိုင်း | ၄၁၀၇ | ၃၈၆၈ | ၆၀ |
| ဗီယက်နမ် | ၁၃၆၆ | ၁၂၂၀ | ၃၅ |
| ကမ္ဘောဒီးယား | ၃၄၈ | ၃၀၆ | ၀ |
| ဘရူနိုင်း | ၁၅၁ | ၁၄၇ | ၃ |
| လာအို | ၄၁ | ၂၆ | ၀ |

# လှိုင်မြို့နယ်ရှိ ကိုဗစ်-၁၉ ကုသရေးစင်တာတွင်ကူညီဆောင်ရွက်ရန် ရှမ်းပြည်နယ်မြောက်ပိုင်းမှ ကြက်ခြေနီ စေတနာလုပ်အားရှင်များ ရောက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၇**

ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မြို့နယ်များမှ ကြက်ခြေနီစေတနာလုပ်အားရှင် ၃၁ ဦးတို့သည် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ ကိုဗစ်–၁၉ ကုသရေးစင်တာတွင် ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းကူညီဆောင်ရွက်ရန် ယနေ့နံနက်ပိုင်းက ရောက်ရှိရာ လှိုင် ခုတင် ၅၀၀ ဆံ့ ကိုဗစ်–၁၉ ကုသရေးစင်တာ တာဝန်ခံ ဒေါက်တာမိုးမိုးအေး၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဒုတိယအထွေထွေအတွင်းရေးမှူး ဒေါက်တာတင်ထွန်းအောင်၊ ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးကြည်၊ အသင်းဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းမော်၊ အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဌာန ညွှန်ကြားရေးမှူး ဒေါက်တာလင်းလင်းသက်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေးကြသည်။



ကျောက်မဲမြို့နယ် ကြက်ခြေနီ အသင်းခွဲ မြို့နယ်ကြက်ခြေနီ သူနာပြုတပ်ဖွဲ့မှူး ဦးဖြိုးပြည့်ကျော် ဦးဆောင်သည့် ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူ၊ နမ့်ဆန်၊ လားရှိုး၊ သီပေါ၊ ကွမ်းလုံ၊ လောက်ကိုင်၊ ကျောက်မဲ၊ တန့်ယန်းမြို့နယ်များမှ ကြက်ခြေနီစေတနာလုပ်အားရှင် ၃၁ ဦးတို့သည် အဆိုပါကုသရေးစင်တာတွင် ဒီဇင်ဘာ ၇ ရက်မှ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၆ ရက်အထိ ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းကာ လူမှုကရုဏာလုပ်ငန်းများကို ကူညီဆောင်ရွက်ကြမည် ဖြစ်သည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုနှင့်အတူ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အစီအစဉ်ဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ နေပြည်တော်၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးတို့မှ ကြက်ခြေနီစေတနာလုပ်အားရှင်များသည် လှိုင် ကိုဗစ် – ၁၉ ကုသရေးစင်တာတွင် စက်တင်ဘာလမှစတင်ကာ အားဖြည့်ကူညီဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ဝင်းအောင်(MRCS)**

# ချင်းရွှေဟော်နယ်စပ်ဂိတ်မှ နေရပ်ပြန်ပြည်သူများ ထပ်မံဝင်ရောက်

**ချင်းရွှေဟော် ဒီဇင်ဘာ ၇**

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှပြန်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများသည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ မြန်မာ–တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ယမန်နေ့ နံနက် ၆ နာရီမှ ညနေ ၆ နာရီ အထိ နေရပ်ပြန်ပြည်သူ ၄၄ ဦး ထပ်မံဝင်ရောက်သည်။

အဆိုပါ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၄၄ ဦးမှာ အမျိုးသား ၂၅ ဦး၊အမျိုးသမီး ၁၉ ဦးတို့ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်မှ တစ်ဦး၊ ရမည်းသင်းမြို့နယ်မှ တစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်မှ တစ်ဦး၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်မှ နှစ်ဦး၊ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်မှ တစ်ဦး၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်မှ နှစ်ဦး၊ ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့နယ်မှ ငါးဦး၊ နောင်ချိုမြို့နယ်မှ သုံးဦးနှင့် ကွမ်းလုံမြို့နယ်မှ ၂၈ ဦးတို့ ဖြစ်သည်။

ထိုသို့ ချင်းရွှေဟော်နယ်စပ်ဂိတ်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၄၄ ဦးမှာ ချင်းရွှေဟော်မြို့နှင့် ထိစပ်လျက်ရှိသည့် လားရှိုးခရိုင် ကွမ်းလုံမြို့နယ်တွင် နေရပ်ပြန်ပြည်သူ ၂၈ ဦးအား ကွမ်းလုံမြို့နယ်မှ တာဝန်ရှိသူများနှင့်ချိတ်ဆက်ပြီး အထကကျောင်းရှိ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစင်တာသို့ စနစ်တကျစီစဉ်လွှဲပြောင်းပို့ဆောင်ပေးခဲ့ကာ ကျန်ရှိသည့် အခြားမြို့နယ်များမှ နေရပ်ပြန်ပြည်သူ ၁၆ ဦးတို့အား ချင်းရွှေဟော်မြို့ အမှတ်(၁)ရပ်ကွက်တွင် အသွားအလာကန့်သတ်စောင့်ကြပ်၍ သီးခြားထားရှိကြောင်း၊ ချင်းရွှေဟော်မြို့တွင် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ၎င်းတို့အား ကိုဗစ်–၁၉ရောဂါပိုး ရှိ/မရှိ Rapid Test Kit ဖြင့် စစ်ဆေးခြင်းနှင့် ဓာတ်ခွဲနမူနာ တို့ဖတ်များရယူပြီး စစ်ဆေးနိုင်ရန် မူဆယ်မြို့ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနသို့ ဆက်လက်ပို့ဆောင်စစ်ဆေးသွားမည်ဖြစ်ကြောင်း ချင်းရွှေဟော်မြို့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီထံမှ သိရသည်။ **ဇင်ဇင်(ပြန်/ဆက်)**

# Stay at home အစီအစဉ်တွင်အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အလုပ်သမား၊ ဝန်ထမ်းများအား လူမှုဖူလုံရေးထောက်ပံ့ငွေများ ဆက်လက်ခွင့်ပြုထုတ်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၇**

COVID–19 ရောဂါ ကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် Stay at home အစီအစဉ်တွင် အကျုံးဝင်သော ပုဂ္ဂလိကပိုင် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အာမခံအလုပ်သမားများအား လူမှုဖူလုံရေးထောက်ပံ့ငွေ ၄၀ ရာခိုင်နှုန်းကို ဘုတ်အဖွဲ့ဖြင့် စိစစ်ခွင့်ပြုလျက်ရှိရာ စိစစ်ရေးဘုတ်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၀ မှ ၃၂/၂၀၂၀ အထိ)အရ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာန (၄,၅၂၃) ဌာနမှ အာမခံအလုပ်သမား (၆၁၁,၂၂၅) ဦးအတွက် ထောက်ပံ့ငွေ (၃၈,၆၈၂ ဒသမ ၀၉၃) ကျပ်သန်းအား သက်ဆိုင်ရာလုပ်ငန်းရှင်များသို့ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၅ ရက်မှစ၍ ခွင့်ပြုထုတ်ပေးခဲ့ပြီး ခွင့်ပြုထုတ်ပေးခဲ့သည့် စာရင်းအသေးစိတ်ကို နေ့စဉ်ထုတ်သတင်းစာများနှင့် ဝန်ကြီးဌာန Website တွင် ကြေညာခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ စိစစ်ရေးဘုတ်အဖွဲ့အစည်းအဝေးအမှတ်စဉ် (၃၃/၂၀၂၀ မှ ၄၁/၂၀၂၀အထိ) တို့အရ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာန(၁,၂၅၆)ဌာနမှ အာမခံအလုပ်သမား (၆၂,၇၆၆) ဦးအတွက် ထောက်ပံ့ငွေ (၃,၈၀၃ ဒသမ ၈၃၃)ကျပ်သန်းအား သက်ဆိုင်ရာ လုပ်ငန်းရှင်များသို့ ခွင့်ပြုထုတ်ပေးခဲ့ပြီး၊ စာရင်းအသေးစိတ်ကို သက်ဆိုင်ရာလုပ်ငန်းဌာနများသို့ အကြောင်းကြားပြီးသည့်အပြင် ဝန်ကြီးဌာနနှင့် လူမှုဖူလုံရေးအဖွဲ့တို့၏ Website တို့တွင်လည်း ကြေညာထားပြီး၊ UMFCCI နှင့် အလုပ်သမားသမဂ္ဂများထံသို့လည်း အချိန်နှင့်တစ်ပြေးညီ ပေးပို့ထားပြီးဖြစ်သည်။

ယနေ့အထိ Stay at home အစီအစဉ်တွင် အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနစုစုပေါင်း (၅,၇၇၉) ဌာနမှ အာမခံအလုပ်သမား (၆၇၃,၉၉၁) ဦးအတွက် ထောက်ပံ့ငွေ (၄၂,၄၈၅ ဒသမ ၉၂၆) ကျပ်သန်းအား ခွင့်ပြုထုတ်ပေးခဲ့ပြီးဖြစ်ပါကြောင်းနှင့် ကျန်တောင်းခံလွှာများကိုလည်း ဆက်လက်စိစစ်၍ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

### ၁၄-၁၁-၂၀၂၀ ရက်နေ့မှ ၂-၁၂-၂၀၂၀ ရက်နေ့အထိ လူမှုဖူလုံရေးထောက်ပံ့ငွေ ၄၀% ဆက်လက်ခွင့်ပြုထုတ်ပေးခဲ့သည့် စက်ရုံ/ အလုပ်ရုံ/ အလုပ်ဌာနများစာရင်း

| စဉ် | အလုပ်ဌာနအမှတ် | စက်ရုံ/အလုပ်ရုံ/အလုပ်ဌာန အမည် | အလုပ်သမား ဦးရေ | ထောက်ပံ့ငွေ(ကျပ်) |
|---|---|---|---|---|
| ၁ | 17001.31.4.2.18 | ပွင့်ကမ္ဘာရေခဲစက် | ၃ | ၁၀၈,၀၀၀.၀၀ |
| ၂ | 10002.32.1.2.13 | ဦးအိုက်မောင်ရောင်းဝယ်ရေး | ၁၂ | ၆၉၁,၂၀၀.၀၀ |
| ၃ | 10002.32.1.2.387 | MK Trading | ၁၃ | ၃၁၂,၀၀၀.၀၀ |
| ၄ | 10002.32.1.2.574 | ဝင်းလိုက်ရုပ်ရှင်ရုံ | ၆ | ၃၉၆,၈၀၀.၀၀ |
| ၅ | 10002.32.1.2.1012 | ပရဲစီးဒင်းစတိုး | ၃ | ၉၆,၀၀၀.၀၀ |
| ၆ | 10002.32.1.2.1263 | မြို့မအဆင့်မြင့်ရုပ်ရှင်ရုံ | ၅ | ၃၅၆,၀၀၀.၀၀ |
| ၇ | 10002.32.2.2.125 | Deli Stationery | ၁၈ | ၁,၂၈၄,၀၀၀.၀၀ |
| ၈ | 10002.32.2.2.129 | Mingalar Diamond Cineplex | ၂ | ၁၅၆,၀၀၀.၀၀ |
| ၉ | 10002.32.2.2.130 | Yee Shin Mobile | ၂၄ | ၁,၃၈၂,၄၀၀.၀၀ |
| ၁၀ | 10002.32.2.2.159 | Anycall | ၁၃ | ၆၄၈,၉၆၀.၀၀ |
| ၁၁ | 10002.32.2.2.482 | သရဖူဦးစိုးမြင့်Co, | ၃၀ | ၁,၉၆၀,၀၀၀.၀၀ |
| ၁၂ | 10002.32.2.2.484 | Technolond Computer Trading Co,ltd | ၃၉ | ၂,၈၀၀,၀၀၀.၀၀ |
| ၁၃ | 10002.32.4.2.103 | LS Trading Co,Ltd | ၃ | ၂၃၇,၆၀၀.၀၀ |
| ၁၄ | 10002.32.6.2.26 | ဖီးနစ်ဒစ်ဂျစ်တယ်ကတ္တား | ၆၀ | ၃,၄၉၄,၀၀၀.၀၀ |
| ၁၅ | 10002.32.6.2.39 | Green Farm Development | ၁၄ | ၁,၁၅၂,၀၀၀.၀၀ |
| ၁၆ | 10002.32.6.2.60 | The Hotel Nova | ၆ | ၃၉၂,၀၀၀.၀၀ |
| ၁၇ | 10002.32.7.2.1 | Home Aid | ၁၇ | ၁,၂၈၄,၀၀၀.၀၀ |
| ၁၈ | 10002.32.7.2.3 | Nova Apex Co,.Ltd | ၁၃ | ၁,၁၉၂,၀၀၀.၀၀ |
| ၁၉ | 10002.32.7.2.42 | 80 Hotel | ၁၃ | ၆၂၄,၀၀၀.၀၀ |
| ၂၀ | 10002.32.7.2.43 | Hotel Victory Point | ၁၃ | ၇၈၈,၀၀၀.၀၀ |
| ၂၁ | 10002.32.7.2.75 | Mandalay In Bloom (MIB) | ၈ | ၆၉၂,၀၀၀.၀၀ |
| ၂၂ | 10002.32.8.2.1 | စိမ်းရတနာသိုက်ကုမ္ပဏီ | ၃၁ | ၃,၁၃၂,၈၀၀.၀၀ |
| ၂၃ | 10002.32.8.2.11 | စိမ်းရတနာသိုက်ကျောက်မျက် | ၉ | ၉၉၇,၆၀၀.၀၀ |
| ၂၄ | 10002.32.8.2.22 | PSWN Distribution Co.,Ltd | ၈ | ၅၅၆,၀၀၀.၀၀ |
| ၂၅ | 11001.31.1.2.2 | စိန်မြို့တော်(ကုမ္ပဏီ) | ၁၆ | ၁,၀၂၆,၄၀၀.၀၀ |
| ၂၆ | 11001.31.1.2.8 | ဦးစိုးဝင်း (သစ်ခွဲစက်) | ၆ | ၁၂၀,၀၀၀.၀၀ |
| ၂၇ | 11001.31.1.2.59 | ဒေါ်တင်တင်မြင့် (တွင်ခုံ) | ၂ | ၄၀,၀၀၀.၀၀ |
| ၂၈ | 11001.31.1.2.223 | သင်းရနံ့ (ပရိဘောဂ) | ၃ | ၁၄၄,၀၀၀.၀၀ |
| ၂၉ | 11001.31.1.2.277 | ကျော်ကြား(ကုန်မာဆိုင်) | ၈၇ | ၅,၀၂၀,၈၀၀.၀၀ |
| ၃၀ | 11001.31.1.2.295 | E.F.R ခရမ်ရာဘာ | ၄ | ၁၆၀,၀၀၀.၀၀ |
| ၃၁ | 11001.31.1.2.297 | ဦးညွှန့်ဝေ(လွန်သွား) | ၄ | ၈၀,၀၀၀.၀၀ |
| ၃၂ | 11001.31.2.2.102 | မြို့နယ်သမဝါယမအသင်းစု | ၈ | ၃၁၂,၀၀၀.၀၀ |
| ၃၃ | 11001.31.2.2.120 | ရာမန်အိမ်ဆောက်ပစ္စည်း | ၁၁ | ၆၃၃,၆၀၀.၀၀ |
| ၃၄ | 11001.31.2.2.141 | စိုးသူဇာ (ခနောက်စိမ်း) | ၅ | ၁၄၀,၀၀၀.၀၀ |
| ၃၅ | 11001.31.2.2.158 | မိုးမြချယ်ကုမ္ပဏီလီမိတက် | ၈၃ | ၅,၃၂၄,၆၄၀.၀၀ |
| ၃၆ | 11001.31.3.2.112 | SOGO Plastic Tank | ၁၄ | ၁,၀၅၅,၆၀၀.၀၀ |
| ၃၇ | 11001.31.4.2.3 | ရာမည ဟိုတယ် | ၃၆ | ၂,၀၇၃,၆၀၀.၀၀ |
| ၃၈ | 11001.31.4.2.13 | ဦးမျိုးဝင်းသစ်စက် | ၃ | ၈၄,၀၀၀.၀၀ |
| ၃၉ | 11001.31.4.2.31 | Myanmar Cineplex (JCGV) | ၁၀ | ၈၁၄,၃၅၂.၀၀ |
| ၄၀ | 11001.31.5.2.6 | Myan Shwe Pyi Tractoer Ltd | ၁၂ | ၁,၂၄၂,၀၉၇.၆၀ |
| ၄၁ | 11001.31.5.2.8 | ကျော်ကြား (သွပ်) စက်ရုံ | ၈ | ၄၆၃,၂၀၀.၀၀ |
| ၄၂ | 11001.31.5.2.20 | စုမွန်အေး (သစ်ဆိုင်) | ၄ | ၁၆၀,၀၀၀.၀၀ |
| ၄၃ | 11001.31.5.2.26 | U M G Co.ltd | ၉ | ၆၁၇,၆၀၀.၀၀ |
| ၄၄ | 11001.31.6.2.1 | မြန်မာရှင်းရှင်းမီတယ်ကုမ္ပဏီ | ၃၇ | ၂,၁၃၁,၂၀၀.၀၀ |
| ၄၅ | 11001.31.6.2.5 | Eastern Nova Logistic Co,ltd | ၃၂ | ၂,၇၇၂,၈၀၀.၀၀ |
| ၄၆ | 11001.31.6.2.11 | Pro 1 Co,ltd | ၂၀၈ | ၁၂,၂၈၇,၂၀၀.၀၀ |
| ၄၇ | 11001.31.6.2.17 | Royal A to Z Holding Co,ldt | ၁၈ | ၁,၁၇၂,၀၀၀.၀၀ |
| ၄၈ | 11001.31.6.2.37 | MK Fashion Co,ltd | ၇ | ၄၀၆,၀၀၀.၀၀ |
| ၄၉ | 11001.31.6.2.38 | Sky Ward International Co,ltd | ၅ | ၃၉၃,၂၀၀.၀၀ |
| ၅၀ | 11001.31.6.2.55 | Myanmar San Zaw Co,ltd | ၁၂ | ၉၈၀,၀၀၀.၀၀ |
| ၅၁ | 11001.31.8.2.6 | ဝင်း မှန်ဆိုင် | ၅ | ၂၈၈,၀၀၀.၀၀ |
| ၅၂ | 11001.31.8.2.7 | ကောင်းလာဘ် စတီးဆိုင် | ၇ | ၃၂၁,၆၀၀.၀၀ |
| ၅၃ | 11001.31.8.2.8 | ခနု ကွန်ပျူတာပန်းထိုးလုပ်ငန်း | ၂ | ၁၁၅,၂၀၀.၀၀ |
| ၅၄ | 13001.37.6.2.8 | First International | ၂၃ | ၁,၈၁၀,၀၀၀.၀၀ |
| ၅၅ | 13001.37.8.2.13 | Myanmar Baoshuo Shoes Co.,Ltd | ၆ | ၃၄၅,၆၀၀.၀၀ |
| ၅၆ | 13003.311.8.2.3 | Myanmar Mingxinpacking Material Co.,Ltd | ၁၀ | ၆၅၃,၁၂၀.၀၀ |
| ၅၇ | 13007.312.1.2.57 | Sinma (2) | ၂၂ | ၁,၃၈၉,၂၀၀.၀၀ |
| ၅၈ | 13007.312.1.2.63 | TAW WIN | ၅ | ၂၂၄,၆၄၀.၀၀ |
| ၅၉ | 13007.312.1.2.70 | မြို့တော်ပရိဘောဂ | ၂၀ | ၁,၁၉၆,၄၀၀.၀၀ |
| ၆၀ | 13007.312.1.2.112 | ရွှေမိုးပြည့်စုံ | ၄ | ၁၂၉,၆၀၀.၀၀ |
| ၆၁ | 13007.312.1.2.113 | နိုင်ဘရားသား | ၂ | ၆၄,၀၀၀.၀၀ |
| ၆၂ | 13007.312.1.2.124 | Sinma – 1 | ၅၈ | ၃,၆၂၆,၄၀၀.၀၀ |
| ၆၃ | 13007.312.1.2.177 | Mandalay Golden Wing Construction Limited | ၂ | ၁၁၅,၂၀၀.၀၀ |
| ၆၄ | 13007.312.1.2.184 | Myanmar Chancellor | ၅ | ၂၉၂,၈၀၀.၀၀ |
| ၆၅ | 13007.312.1.2.227 | Tharaphu Decor Co.LTd | ၅၆ | ၃,၈၅၃,၃၆၀.၀၀ |
| ၆၆ | 13007.312.1.2.238 | ProvenTechnology | ၅၄၁ | ၄၁,၄၅၈,၀၀၀.၀၀ |
| ၆၇ | 13007.312.1.2.258 | အောင်စက္ကူစက် | ၂ | ၄၃,၂၀၀.၀၀ |
| ၆၈ | 13007.312.1.2.261 | Myanmar Postarion Co.,Ltd – 2. | ၁,၁၈၅ | ၆၆,၇၃၄,၇၆၀.၀၀ |
| ၆၉ | 13007.312.1.2.310 | လင်းသစ်ဖြိုး | ၃ | ၉၆,၀၀၀.၀၀ |
| ၇၀ | 13007.312.1.2.333 | သရဖူအထပ်သားစက်ရုံ | ၁၂ | ၆၉၁,၂၀၀.၀၀ |
| ၇၁ | 13007.312.1.2.347 | Kittenish (2) | ၅၂၅ | ၃၀,၂၄၀,၀၀၀.၀၀ |
| ၇၂ | 13007.312.2.2.15 | Lin Win Co., Ltd | ၄၆ | ၂,၆၅၆,၀၀၀.၀၀ |
| ၇၃ | 13007.312.2.2.147 | တြိရတနာပလပ်စတစ် | ၃၂ | ၁,၉၃၁,၉၂၀.၀၀ |
| ၇၄ | 13007.312.2.2.149 | TV Apparel | ၃၅၆ | ၂၀,၅၀၅,၆၀၀.၀၀ |
| ၇၅ | 13007.312.2.2.163 | လီတာမြန်မာ | ၁,၀၀၀ | ၅၆,၁၇၆,၃၂၀.၀၀ |
| ၇၆ | 13007.312.2.2.166 | KKK ပလပ်စတစ်ဖူးခွံ | ၁၀ | ၅၇၆,၀၀၀.၀၀ |
| ၇၇ | 13007.312.2.2.170 | အတိုင်းထက်အလွန်အထည်ချုပ်စက်ရုံ | ၈၈၆ | ၅၁,၀၃၃,၆၀၀.၀၀ |
| ၇၈ | 13007.312.3.2.101 | Royal ကြွေပြား | ၂၂ | ၁,၇၈၂,၀၀၀.၀၀ |
| ၇၉ | 13007.312.3.2.111 | ရတနာတောင် | ၈ | ၂၅၉,၂၀၀.၀၀ |
| ၈၀ | 13007.312.3.2.131 | YN Wood | ၆၅ | ၃,၇၄၄,၀၀၀.၀၀ |
| ၈၁ | 13007.312.6.2.45 | ဝင်းဝင်းမြိုင်ကုမ္ပဏီ | ၆၈ | ၄,၂၁၅,၂၀၀.၀၀ |
| ၈၂ | 13007.312.7.2.53 | Wanxinda (Myanmar) | ၄၁၁ | ၂၃,၈၉၄,၄၀၀.၀၀ |
| ၈၃ | 13007.312.8.2.11 | SanGYE Myanmar | ၁၁ | ၆၃၃,၆၀၀.၀၀ |
| ၈၄ | 13009.34.1.2.7 | ဦးထွန်းကြည် ကားဘော်ဒီ | ၃ | ၄၂,၀၀၀.၀၀ |
| ၈၅ | 13009.34.1.2.102 | အောင်အောင်တီးစင်တာ | ၄ | ၁၂၈,၀၀၀.၀၀ |
| ၈၆ | 13009.34.1.2.218 | ဦးထွန်းကြည် သစ်စက် | ၂ | ၃၂,၀၀၀.၀၀ |
| ၈၇ | 13009.34.1.2.219 | နေနတ်သား ဖျော်ရည် | ၃ | ၇၂,၀၀၀.၀၀ |
| ၈၈ | 13009.34.1.2.323 | ပြဟ္မစို သ/မ | ၂ | ၂၄,၀၀၀.၀၀ |
| ၈၉ | 13009.34.1.2.374 | ဦးမောင်တင် ဖိနပ်လုပ်ငန်း | ၃ | ၄၂,၀၀၀.၀၀ |
| ၉၀ | 13009.34.1.2.376 | စွန်မင်းဘိနပ် | ၂ | ၂၈,၀၀၀.၀၀ |
| ၉၁ | 13018.31.1.2.343 | လေအေးပေးစက် | ၁၀ | ၅၇၆,၀၀၀.၀၀ |
| ၉၂ | 13018.31.1.2.379 | ကြိုင်ဒီးသံဆိုင် | ၃ | ၈၄,၀၀၀.၀၀ |
| ၉၃ | 13018.31.1.2.407 | အောင်သစ္စာစက်မှု | ၅ | ၁၂၀,၀၀၀.၀၀ |
| ၉၄ | 13018.31.1.2.437 | ဇော်ပုံအမွေးတိုင် | ၅ | ၁၁၄,၄၀၀.၀၀ |
| ၉၅ | 13018.31.2.2.221 | ဦးယဉ်ထွေးသံဇကာ | ၅ | ၁၀၈,၀၀၀.၀၀ |
| ၉၆ | 13018.31.3.2.14 | SIKA Myanmar Limited | ၃၃ | ၃,၈၈၉,၄၄၀.၀၀ |
| ၉၇ | 13018.31.3.2.129 | ပြုံးမောင်မောင် သဲဒိုင် | ၄ | ၁၂၀,၀၀၀.၀၀ |
| ၉၈ | 13018.31.8.2.31 | UMG Co.,Ltd | ၂၃ | ၁,၈၅၂,၈၀၀.၀၀ |
| ၉၉ | 13019.32.2.2.210 | Bo Bo Min Hotel | ၁၃ | ၈၁၂,၀၀၀.၀၀ |

ဆက်လက်ဖော်ပြပါမည်




# ဖန်းမော်မြို့ ကောင်းစက်ဝန်း စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းက ဝဥများ စိုက်ပျိုးထုတ်လုပ်

**ဖန်းမော် ဒီဇင်ဘာ ၇**

ကချင်ပြည်နယ် ဖန်းမော်မြို့ ကောင်းစက်ဝန်း စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းက ယခုနှစ်ရာသီအတွင်း အသင်းသားတောင်သူဦးရေ ၂၀၀ ခန့်မှ အသင်းသားပိုင်မြေဧက ၅၄၄ ဧကပေါ်တွင် ရွက်သီးများဖြင့်လည်းကောင်း၊ မျိုးဥများဖြင့်လည်းကောင်း ဝဥစိုက်ပျိုးခြင်းလုပ်ငန်းကို လုပ်ကိုင်လျက်ရှိကြောင်း၊ ရွက်သီးများဖြင့် စိုက်ပျိုးမည်ဆိုပါက တစ်ရာသီအတွင်း မျိုးဥအဆင့်များ ရရှိနိုင်ပြီး မျိုးဥများဖြင့် စိုက်ပျိုးပါက ရောင်းတန်းဝင် ဝဥများကို ရရှိနိုင်ကြောင်း သိရသည်။

ဖန်းမော်မြို့နယ် ဦးစီးအရာရှိ ဦးတင်လှက မင်းလှရပ်ကွက်သို့ သွားရောက်၍ အသင်းမှတာဝန်ရှိသူများ၊ ဝဥစိုက်ပျိုးထုတ်လုပ်သူအသင်းသားများနှင့် ဒီဇင်ဘာ ၁ ရက်တွင် သွားရောက်တွေ့ဆုံပြီး အသင်း၏ ဝဥများ ဝယ်ယူသိုလှောင်ထားရှိမှုနှင့် စိုက်ပျိုးထားသော ဝဥစိုက်ခင်းများမှ ဝဥတူးဖော်ရန် အသင့်ရှိမှုအနေအထားများကို ကြည့်ရှုစစ်ဆေးပြီး အသင်းအမှုဆောင်အဖွဲ့၏ တင်ပြချက်အရ ၎င်းတို့အသင်းအနေဖြင့် ဝဥစိုက်ပျိုးထုတ်လုပ်ခြင်းကို ကချင်ပြည်နယ်တစ်ခုလုံး စိုက်ပျိုးထုတ်လုပ်လွှမ်းမိုးနိုင်ရန်နှင့် မိသားစုတစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ်စိုက်ပျိုးခြင်းအဆင့်သို့ လည်းကောင်း၊ ထုတ်ကုန်များကို ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်ရောင်းချသည့်အဆင့်သို့ လည်းကောင်း၊ ထုတ်ကုန်များကို နိုင်ငံခြားသို့ ချိတ်ဆက်တင်ပို့နိုင်သည်အထိလည်းကောင်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# စိတ်ကျန်းမာရေးဆေးရုံကြီး(မန္တလေး)တွင် အာဟာရဒါန ကျွေးမွေးလှူဒါန်း ဘုန်းတော်ကြီးကျောင်းများသို့ ဆန်အိတ်လှူဒါန်း

**မြစ်ငယ် ဒီဇင်ဘာ ၇**

မန္တလေးခရိုင် အမရပူရမြို့နယ်အတွင်းရှိ စိတ်ကျန်းမာရေးဆေးရုံကြီး(မန္တလေး)တွင် ယနေ့နံနက်ပိုင်းက အလှူရှင် ဦးချစ်ခိုင်-ဒေါက်တာ အေးသူအောင်တို့က ဆေးရုံဝန်ထမ်းများနှင့် လူနာများအတွက် ချပါတီ၊ ကြက်ဥ၊ နွားနို့များ အာဟာရဒါနကုသိုလ်ပြုကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

အလားတူ မိုးကုတ်ဆရာတော်ကြီး မွေးဖွားရာဇာတိမြေ မြစ်ငယ်မြို့ ဥယျာဉ်တော်ကျေးရွာ ရွှေရန်လင်းမင်းကျောင်းဘုန်းကြီးကျောင်းတွင်လည်း ချပါတီ၊ ကြက်ဥ၊ နွားနို့၊ ဆန်အိတ် ၁၀ပိုင်းနှင့် စာတိုးကျေးရွာ ဘုရားဖြူဘုန်းကြီးကျောင်းကိုလည်း အလားတူလှူဒါန်းခဲ့ကြောင်း သိရသည်။ အမရပူရမြို့နယ် စိတ်ကျန်းမာရေးဆေးရုံကြီး(မန္တလေး)တွင် ဆေးဝါးကုသမှုတွင်လည်း လူနာများအားအခမဲ့ကုသပေးခြင်းဖြစ်ကြောင်း စိတ်ကျန်းမာရေးဆေးရုံကြီး(မန္တလေး)ဆေးရုံအုပ်ကြီး ဒေါက်တာ အေးသူအောင်ထံမှ သိရသည်။

**မောင်မောင်စိုး(မြစ်ငယ်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၇ - ၁၂ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၂၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၈၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၂၅၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၁၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၈၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၂၄၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၆၀/၆၀၅ ကျပ် | ၅၉၅/၆၁၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၇၀/၆၂၀ ကျပ် | ၆၁၀/၆၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၃၅/၅၆၅ ကျပ် | ၅၉၅/၆၀၅ ကျပ် |
| အောက်တိန်း ၉၅ | ၆၆၀/၆၈၀ ကျပ် | ၇၂၅/၇၄၀ ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၂၇ . ၁ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၀၆ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၁ . ၃ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၆၁ . ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၇၃ . ၃ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၈၂ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၂ . ၉၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၇ . ၉၅၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၂ . ၁၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၆ . ၁၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၉၀၇ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၈၀၀ | ၉၈၀၀ | ၆၀၅ | ၅၉၂၉၀၀၀ |
| MTSH | ၃၆၅၀ | ၃၆၅၀ | ၉၃၇၇ | ၃၄၂၃၉၈၅၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၃ | ၂၅၂၀၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၆၇၇ | ၁၄၈၉၄၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၁၀၄၄ | ၂၈၇၁၀၀၀ |
| EFR | ၃၈၀၀ | ၃၈၀၀ | ၅၅ | ၂၀၉၀၅၀ |

ခင်ရတနာ - စုစည်းသည်




**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ**

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မီမီဖြိုး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၀၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကိုယ်သင်ကြားတတ်မြောက်ထားတဲ့ ပညာရပ်တစ်ခုတည်းမဟုတ်ဘဲ ကိုယ့်လုပ်ငန်းတာဝန်နဲ့ နီးနွယ်တဲ့အကြောင်းအရာတွေကို ကိုယ်တိုင်လေ့လာသင်ယူရမယ်

## တွေ့ဆုံမေးမြန်း – မွန်းဦးနဒီ

**ရန်ကုန်တက္ကသိုလ်၌ ၂၀၀၈ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ပါမောက္ခချုပ် တာဝန်ထမ်းဆောင်ခဲ့သည့် ဒေါက်တာတင်ထွန်း (ယခု တောင်ငူတက္ကသိုလ် ပါမောက္ခချုပ်) အား ရန်ကုန်တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က အမှတ်တရများ အပါအဝင် ကြိုးစားအားထုတ်မှုများအကြောင်းကို တွေ့ဆုံမေးမြန်း ဖော်ပြလိုက်ပါသည်။**

**မေး ။ ။ မင်္ဂလာပါ ဆရာကြီးရှင့်။ ဆရာကြီးရဲ့ ကျောင်းသားဘဝ ပညာသင်ကြားရာ နေရာဒေသနဲ့ တက္ကသိုလ်တက်ရောက်ခဲ့တဲ့အကြောင်း ပြောပြပေးစေလိုပါတယ်ရှင့်။**

ဖြေ ။ ။ ကျွန်တော်က ကချင်ပြည်နယ် မိုးညှင်းမြို့ ဇာတိဖြစ်ပါတယ်။ နယ်မှာရှိတဲ့ ကျောင်းသားလူငယ်တစ်ယောက်အနေနဲ့ ဖြတ်သန်းခဲ့တဲ့ အတွေ့အကြုံကို ယနေ့ ကျောင်းသား ကျောင်းသူလူငယ်တွေကို မျှဝေပေးလိုပါတယ်။ ကျွန်တော် တက္ကသိုလ်ဝင်တန်းကို ၁၉၈၀ ပြည့်နှစ်မှာ မိုးညှင်းမြို့ အ.ထ.က (၁) ကနေ အောင်မြင်ခဲ့ပါတယ်။ ၁၉၈၁ ခုနှစ်မှာ မြစ်ကြီးနားဒေသကောလိပ်ကို စတင်တက်ရောက်ခဲ့ပါတယ်။ ဒုတိယနှစ်မှာ မြစ်ကြီးနားဒေသကောလိပ်ကနေ မြစ်ကြီးနားကောလိပ်အဖြစ် ပြောင်းလဲခဲ့တယ်။

အဲဒီတုန်းက သိပ္ပံ ဇီဝ ဘာသာတွဲနဲ့ တက်ရောက်ခဲ့ပါတယ်။ နှစ်နှစ်တက်ပြီးတော့ တတိယနှစ်မှာ သတ္တဗေဒဘာသာရပ်အထူးပြုနဲ့ မန္တလေးတက္ကသိုလ်မှာ တက်ရောက်ခွင့် ရရှိခဲ့ပါတယ်။ မန္တလေးတက္ကသိုလ်မှာ မဟာသိပ္ပံတန်းအထိ တက်ရောက်ခဲ့ပါတယ်။ ထူးထူးခြားခြား အမှတ်တရအနေနဲ့ပြောရရင် မန္တလေးတက္ကသိုလ်မှာ လူရည်ချွန်အဖြစ် ရွေးချယ်ခံခဲ့ရပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေရာမှာ ကြိုးစားအားထုတ်မှုအပိုင်းလေးကို ပြောချင်ပါတယ်။ ကျွန်တော်က မူလတန်းပညာရေးကို မိုးကောင်းမြို့နယ်၊ ဆားမော်ရွာလေးမှာ သူငယ်တန်းကနေ စတုတ္ထတန်းအထိ တက်ရောက်ခဲ့ပါတယ်။ ပဉ္စမတန်းကနေ တက္ကသိုလ်ဝင်တန်းအထိ မိုးညှင်း အ.ထ.က (၁)မှာ ပြောင်းရွှေ့တက်ရောက်ခဲ့တယ်။ ကျွန်တော့်ငယ်စဉ်ကတည်းက အတန်းစဉ်မှာ ပထမ၊ ဒုတိယ၊ တတိယ တစ်ခုခုအမြဲ ရရှိခဲ့ပါတယ်။ အဲဒီတော့ ၇ တန်းရောက်တဲ့အခါ စာထူးချွန်တဲ့အတွက် လူရည်ချွန်ရွေးချယ်တဲ့ စာမေးပွဲဖြေခွင့်ရပါတယ်။

အဲဒီကနေ ၈ တန်း၊ ၉ တန်း၊ ၁၀ တန်း တောက်လျှောက် မြို့နယ်အဆင့်အထိ အရွေးခံခဲ့ရတယ်။ ကြိုးစားအားထုတ်မှု၊ ပြင်ဆင်မှုအားနည်းမပြည့်စုံလို့ထင်ပါတယ်။ ပြည်နယ်အဆင့်အထိတော့ အရွေးခံရခြင်းမရှိခဲ့ပါဘူး။ မန္တလေးတက္ကသိုလ်ရောက်တော့ နောက်ဆုံးအခွင့်အရေးတစ်ရပ်အနေနဲ့ လူရည်ချွန်ရအောင် ဆက်ကြိုးစားမယ်ဆိုတဲ့ စိတ်နဲ့ အတန်းထဲမှာ ပထမ၊ ဒုတိယ၊ တတိယ ဝင်အောင် ကြိုးစားရပါတယ်။ တက္ကသိုလ် တစ်ခုလုံး ဘာသာရပ်ပေါင်း ၂၀ ခန့်ရဲ့ ပထမ၊ ဒုတိယ၊ တတိယ ရရှိတဲ့ ကျောင်းသားကျောင်းသူတွေနဲ့ယှဉ်ပြီး ကြိုးစားဖြေဆိုရတယ်။ အဲဒီအချိန်မှာတော့ ငယ်ငယ်က အတွေ့အကြုံရှိခဲ့တာမို့ ဖြေဆိုရာမှာ အခက်အခဲ မရှိတော့ပါဘူး။ အဲဒီနှစ်မှာ စတုတ္ထနှစ်အတွက် လူရည်ချွန်နှစ်ယောက်ရွေးတဲ့အထဲမှာ ကျွန်တော်ပါဝင်ခဲ့ပါတယ်။

အဲဒီတော့ ဒီနေရာမှာ ရည်မှန်းချက်ထားပြီး နည်းလမ်းတကျကြိုးစားရင် ဖြစ်နိုင်တယ်ဆိုတာ ပြောချင်ပါတယ်။ ရည်မှန်းချက်ထားတိုင်း ဖြစ်သလားဆိုတော့လည်း ဖြစ်ချင်မှတော့ ဖြစ်ပါမယ်။ သို့သော် ရည်မှန်းချက်တစ်ခုနဲ့ ကြိုးစားတဲ့ အလေ့အထပြုသင့်တယ်၊ ရှိသင့်တယ်လို့လူငယ်တွေကို တိုက်တွန်းလိုပါတယ်။ ကျွန်တော့်ရဲ့ ငယ်စဉ်က ရည်မှန်းချက်က ဆရာဝန်ဖြစ်ချင်ခဲ့တာပါ။ ဒါပေမယ့် ၁၀ တန်းမှာ အမှတ်နည်းသွားတယ်။ ကျွန်တော်တို့တုန်းက ၁၀ တန်း၊ တက္ကသိုလ်ပထမနှစ်နဲ့ ဒုတိယနှစ် (သုံးနှစ်အမှတ်ပေါင်း) များမှသာ ဆေးတက္ကသိုလ်၊ စက်မှုတက္ကသိုလ်တို့တက်ခွင့်ရတယ်။ အမှတ်ပေါင်း နည်းသွားတော့ ထုံးစံအတိုင်း လူငယ်ပီပီ စိတ်ပိုင်းဆိုင်ရာမှာ ထိခိုက်မှုရှိခဲ့ပါတယ်။ ရိုးရိုး မေဂျာနဲ့ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်ပဲ တက်ခွင့်ရတယ်။

အဲဒီမှာ ကျွန်တော်က ဘယ်လိုပြန်တွေးသလဲဆိုတော့ ဟိုဘက်မှာ ဆရာဝန် ဒေါက်တာဘွဲ့မရခဲ့ရင် ဒီဘက်မှာ နိုင်ငံခြားသွားပြီး ပါရဂူ ဒေါက်တာဘွဲ့ရအောင်ယူမယ်လို့ ရည်မှန်းချက်ပြောင်းခဲ့ပြီး ကျွန်တော်တက်ရောက်တဲ့ သတ္တဗေဒဘာသာရပ်မှာ အထူးကြိုးစားခဲ့တာဖြစ်ပါတယ်။ ရည်မှန်းထားတဲ့အတိုင်း ပြည်ပပညာတော်သင်ဆုရပြီး ပါရဂူဘွဲ့ ရယူနိုင်ခဲ့ပါတယ်။ အဲဒီတော့ ဒီနေရာမှ ရည်မှန်းချက်ထားပြီး နည်းလမ်းတကျ ကြိုးစားအားထုတ်ဖို့ လိုတယ်ဆိုတာကို အကြံပြုလိုတာဖြစ်ပါတယ်။




မော်လမြိုင်ကျွန်းမြို့နယ် စာတတ်မြောက်ရေး လုပ်အားပေး (၁၉၈၁)။

ဒီလိုရဖို့အတွက် ပညာရေးတစ်ခုတည်း ကြိုးစားခဲ့တာ မဟုတ်ပါဘူး။ ကျောင်းပညာရပ်အပြင် အခြားဝါသနာပါတဲ့ လူမှုရေးဆောင်ရွက်ချက်တွေလည်း လူငယ်ဘဝမှာ အတွေ့အကြုံရအောင် လုပ်ဆောင်ခဲ့ပါတယ်။ ဘာတွေ ဆောင်ရွက်ခဲ့လဲဆိုတော့ ဆယ်တန်းအောင်ချိန်မှာ မိုးညှင်းမြို့နယ် စာမတတ်သူ ပပျောက်ရေးစီမံကိန်း (အ သုံးလုံး) မှာ မြို့နယ် ဒေသခံ လူငယ်အဖြစ် တစ်လကြာ လုပ်အားပေးဆောင်ရွက်ခဲ့တယ်။ မြစ်ကြီးနားကောလိပ် ပထမနှစ်တက်ရောက်ချိန်မှာလည်း စာမတတ်သူပပျောက်ရေးလုပ်အားပေးအဖြစ် ရောဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်ကို သွားခဲ့ပါတယ်။ ဒေသဆိုင်ရာ ဗဟုသုတတွေရလို့ ဝမ်းသာမိပါတယ်။

အဲဒီနောက်မန္တလေးတက္ကသိုလ်ကိုရောက်လာတဲ့အခါမှာ တက္ကသိုလ်အရန်တပ် လေ့ကျင့်ရေးတပ်မှာ ပါဝင်ခဲ့ပါတယ်။ တတိယနှစ်၊ စတုတ္ထနှစ်တွေမှာ အခြေခံနှင့် တန်းမြင့်စစ်ပညာသင်တန်းတက်ရောက်ခဲ့ပြီး စာမေးပွဲပြီးချိန်မှာ ပြင်ဦးလွင်ဘက်မှာ စခန်းချ တစ်လသင်တန်း တက်ရောက်ခဲ့ရပါတယ်။ အဲဒါပြီးတဲ့နောက် အတွေ့အကြုံရအောင်ဆိုပြီး စတုတ္ထနှစ်မှာ မော်ဘီဆေးဝါးကုန်ကြမ်းစက်ရုံမှာ လမ်းစဉ်လူငယ် လုပ်အားပေးအနေနဲ့ တစ်လပါဝင် လုပ်အားပေးခဲ့တယ်။ အဲဒီလို ဆောင်ရွက်မှုတွေကို အခြေခံပြီး တစ်ဖက်မှာလည်း စာပေထူးချွန်တယ်။ တစ်ဖက်ကလည်း လူငယ်ရေးရာကိစ္စတွေမှာ ပါဝင်ဆောင်ရွက်ခဲ့တာကြောင့်မို့လို့ မန္တလေးတက္ကသိုလ်ရဲ့ လူရည်ချွန်အဖြစ် ရွေးချယ်ခံရတာဖြစ်ပါတယ်။ ဒါကြောင့် လူငယ်ဘဝ ရည်မှန်းချက်တွေထားပြီး ကြိုးစားဆောင်ရွက်မယ်ဆိုရင် ရနိုင်တယ်၊ ဖြစ်နိုင်တယ်ဆိုတာကို အသိပညာပေး မျှဝေလိုပါတယ်။

**မေး ။ ။ ဆရာကြီးရဲ့ လူငယ် ကျောင်းသားဘဝ အကြောင်း သိခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ နောက်ထပ်သိခွင့်ရချင်တာကတော့ ဆရာကြီး တက္ကသိုလ်တွေမှာ စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ပါမောက္ခချုပ်ရာထူး အဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့တာတွေနဲ့ ပတ်သက်ပြီးတော့လည်း သိချင်ပါတယ်ရှင့်။**

ဖြေ ။ ။ ဟုတ်ကဲ့။ အဲဒါကလည်း ကျောင်းသားဘဝနဲ့ စရမှာပေါ့။ ကျွန်တော် နောက်ဆုံးနှစ်ရောက်တဲ့ အခါမှာ တစ်ဖက်မှာနိုင်ငံခြားသွားပြီး ပါရဂူဘွဲ့ရ ဖို့ဆိုတဲ့ ရည်မှန်းချက် ရှိနေတော့ အဲဒီလိုဖြစ်ဖို့ဆိုရင် တက္ကသိုလ်မှာ ဆရာဖြစ်မှ ဖြစ်မယ်လို့ တွေးမိတယ်။ တစ်ဖက်မှာလည်း ကျွန်တော့်အနေနဲ့ ပညာရပ်တွေနဲ့ အလုပ်လုပ်ရတာကို ဝါသနာပါတယ်။ စိတ်အားထက်သန်တယ်။ ဒီနေ့ခေတ်မှာ မည်သည့်လုပ်ငန်းမဆို ပညာမပါရင် မဖြစ်ဘူးဆိုတာ တွေးမိတယ်။ အဲဒီလို စိတ်အားထက်သန်တဲ့ ရည်ရွယ်ချက်တွေရှိတဲ့အတွက်ကြောင့် ပါရဂူဘွဲ့ကို လိုချင်တယ်။ အဲဒါဆို တက္ကသိုလ်မှာ ဘယ်အချိန် ဆရာဖြစ်နိုင်သလဲလို့ မှန်းကြည့်လိုက်တဲ့အခါကျတော့ တိုက်တိုက်ဆိုင်ဆိုင် တစ်တိုင်းပြည်လုံးမှာ ဒေသကောလိပ်/ကောလိပ်တွေကို တက္ကသိုလ်အဆင့် တိုးမြှင့်နေတာ တွေ့ရတယ်။ အဲဒီအချိန်မှာ ကျွန်တော် စဉ်းစားမိတယ်။

တက္ကသိုလ်မှာ ဆရာ ဆရာမတွေ လိုမှာပဲ။ အဲဒါဆို ဘယ်သူတွေ ဖြစ်နိုင်မလဲဆိုတော့ ဂုဏ်ထူးတန်းနဲ့ မဟာတန်းတက်တဲ့သူတွေ ဖြစ်နိုင်မယ်ဆိုတာ တွေးမိပြီး ကိုယ့် ကိုယ်ကိုယ်လည်း ဘွဲ့ရသွားပြီးရင် ထူးထူးချွန်ချွန် အောင်မြင်လို့ ဂုဏ်ထူးတန်း မဟာတန်းတွေ တက်ခွင့်ရတယ်ဆိုရင်တော့ တက္ကသိုလ်မှာ ဆရာဖြစ်ဖို့ အလားအလာရှိတယ်။ ကြိုးစားမှုပဲဆိုတဲ့ အသိရပြီးတော့ ဂုဏ်ထူးထွက်အောင် ကျွန်တော်ကြိုးစားတယ်။ ကြိုးစားတဲ့အတိုင်းပဲ "အထူးအောင်" အောင်မြင်လို့ ဂုဏ်ထူးတန်းတက်ခွင့်ရတယ်။ အဲ့ဒီခေတ်တုန်းက ပထမဘွဲ့ရပြီးမှ ဂုဏ်ထူးတန်း တစ်နှစ် ဆက်တက်ခွင့်ရတာဖြစ်ပါတယ်။

၁၉၈၅ ခုနှစ်မှာ ဂုဏ်ထူးတန်း တစ်နှစ်တက်တယ်။ တက်နေတဲ့အချိန် တက္ကသိုလ်မှာ ဆရာ ဆရာမတွေလိုတဲ့အတွက်စာမေးပွဲ ဖြေခွင့်ရတယ်။ ဒါပေမယ့် အဲ့ဒီတုန်းက နည်းနည်းပဲ အလုပ်ခန့်တယ်။ သတ္တဗေဒဆို ၁၆ ယောက်လောက်ပဲ ခန့်တဲ့အတွက် မဟာတန်းတက်ဆဲနဲ့ မဟာဘွဲ့ရထားပြီးတဲ့ အစ်ကို အစ်မတွေ ဆရာ ဆရာမတွေ ဖြစ်သွားကြတယ်။ အဲဒါက ၁၉၈၆ ခုနှစ် ဖေဖော်ဝါရီလခန့်တဲ့အသုတ်ဖြစ်ပါတယ်။ အဲ့ဒီနောက် ကျွန်တော်ထင်တာက နောင် တော်တော်ကြာကြာမှ ပြန်ဖြေရမယ်ထင်ထားပေမယ့် တိုက်တိုက်ဆိုင်ဆိုင် အဲဒီ ၁၉၈၆ ခုနှစ် ဇွန်၊ ဇူလိုင်လလောက်မှာပဲ ဆရာ ဆရာမတွေ ထပ်ခန့်ဖို့ ထပ်ခေါ်တယ်။ တက္ကသိုလ်ကောလိပ်တွေ တိုးချဲ့ထားတာ ဖြစ်တဲ့အတွက်ကြောင့် တော်တော်များများခန့်မယ်ဆိုပြီး ထပ်ကြုံရတယ်။ အဲဒီမှာ ရေးဖြေနှုတ်ဖြေ စာမေးပွဲအောင်ပြီး သရုပ်ပြဆရာအဖြစ် ၁၉၈၆ ခုနှစ် နိုဝင်ဘာလ ၁ ရက်၌ မန္တလေးတက္ကသိုလ်မှာ ခန့်ထားခံရပါတယ်။ အဲဒီအချိန်မှာ ကျွန်တော် မဟာသိပ္ပံတန်း စာတမ်းပြုစုနေတဲ့ အချိန်ဖြစ်ပါတယ်။ မဟာသိပ္ပံဘွဲ့ (သတ္တဗေဒ) ၁၉၉၀ ပြည့်နှစ်မှာ ရတယ်။ အဲဒီနှစ်မှာ ကျွန်တော် မြစ်ကြီးနားဒီဂရီကောလိပ်ကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရပါတယ်။ အဲဒီမှာ ၂ နှစ် တာဝန်ထမ်းဆောင်ခဲ့ပြီး မန္တလေးတက္ကသိုလ်ကို ၁၉၉၃ မှာ သရုပ်ပြဆရာနဲ့ ပြန်လည်ပြောင်းရွှေ့ခဲ့ပါတယ်။ ၁၉၉၄ ခုနှစ် လက်ထောက်ကထိကအဖြစ် မန္တလေးတက္ကသိုလ်မှာပဲ ရာထူးတိုးမြှင့်ရရှိပါတယ်။

အဲဒီနောက် ၁၉၉၅ ခုနှစ် ဂျပန်နိုင်ငံကနေ ပညာတော်သင်ဆု ပေးတဲ့အချိန်မှာ ဝင်ဖြေခွင့်ရပြီး ရွေးချယ်ခံရပါတယ်။ ၁၉၉၆ ခုနှစ်မှာ ဂျပန်နိုင်ငံ MONBUSHO ပညာတော်ဆုနဲ့ ပညာသင်သွားရောက်ခဲ့ပြီး ၁၉၉၆ ခုနှစ် ဧပြီလကနေ ၂၀၀၀ ပြည့်နှစ်အထိ တိုကျိုတက္ကသိုလ်မှာ ပါရဂူသင်တန်းတက်ရောက်ခဲ့ပြီး ပါရဂူဘွဲ့ ရရှိခဲ့ပါတယ်။ ကျွန်တော် ငယ်စဉ်က ရောဂါတွေကို စိတ်ဝင်စားတာဖြစ်တဲ့အတွက် ဆရာဝန် မဖြစ်ခဲ့သော်လည်း ငါးရောဂါ(ကပ်ပါးပိုး)နဲ့ ပတ်သက်ပြီး လေ့လာသုတေသနပြုခွင့်ရရှိခဲ့တယ်။

ဒီနေရာမှာ ဘာထပ်ဖြည့်ပြောချင်သလဲဆိုရင် ကျွန်တော်တို့ဆီမှာက သတ္တဗေဒဆိုရင် သတ္တဝါတွေကိုပဲ လေ့လာတယ်။ သူတို့ဆီမှာတော့ သတ္တဗေဒဆိုတာလည်း ရှိတယ်။ အဲဒီကနေ specialization အသစ်တွေ ခွဲထွက်ပြီး ဘာသာရပ်နယ်ပယ်အသစ်တွေမှာ လေ့လာသင်ယူမှု၊ သုတေသနပြုမှုတွေ ပြုလုပ်နေတယ်ဆိုတာ တွေ့ရတယ်။ ဒါတွေ ကျွန်တော် တို့ဆီမှာလည်း တဖြည်းဖြည်းနဲ့ တိုးချဲ့လေ့လာ သင်ယူဖို့ကြိုးစားနေကြကြောင်း ပြောလိုပါတယ်။ လူငယ်တွေအနေနဲ့ အဲ့ဒီလို ပညာရပ်ဆိုင်ရာတွေမှာ ဖြာထွက်ပြီး သင်ယူခွင့်ရှိတယ်ဆိုတာ ထောက်ပြချင်လို့ပါ။ ကျွန်တော်ဆိုရင် ငါးရဲ့ကပ်ပါးပိုးကို လေ့လာရုံသက်သက်မကဘဲ ဘယ်လိုကြောင့် ရောဂါဖြစ်သွားသလဲဆိုတာနဲ့ ရောဂါဖြစ်ပွား ပျံ့နှံ့မှုအထိ လေ့လာဖတ်ရှုပြီး သုတေသနလုပ်ခဲ့တာ ဖြစ်ပါတယ်။ သုတေသနအလုပ်ကိုလည်း အတော်လုပ်ခဲ့ရပါတယ်။

နိုင်ငံတကာဂျာနယ်မှာ သုတေသနစာတမ်း သုံးစောင်ပါဝင် ရေးသားခွင့်ရရှိခဲ့ပါတယ်။ သူတို့ရဲ့အနေအထားက ပညာကို ဥစ္စာရင်လို ဥစ္စာရင်ခဲ၊ ကိုယ်သင်ယူမှ ကိုယ်ရတယ်။ သင်ပေးခြင်းဆိုတာထက်ကို သင်ယူခြင်းက ပိုများလာတယ်။ ကျွန်တော်တို့အနေနဲ့လည်း တော်တော်ကြိုးစားခဲ့ရတယ်။ နံနက် ၉ နာရီမှာ ကျောင်းလာပြီး ည ၉ နာရီပြန်ရတယ်ဆိုတာ တော်တော်စောပါတယ်။ ဒုတိယနှစ်နဲ့ နောက်ဆုံးနှစ်ဆိုရင် ည ၁၂ နာရီအထိ သုတေသနလုပ်ခဲ့ရပါတယ်။ အဲဒီတော့ ဂျပန်နိုင်ငံ တိုးတက်တယ်။ ဘယ်လိုကြောင့် တိုးတက်သလဲဆိုတာ ဒါတွေကိုကြည့်ရင် အထောက်အထားအနေနဲ့ တွေ့ရမှာပါ။ လူငယ်ဘဝ၊ ကျောင်းသားဘဝမှာပါ တော်တော်အလုပ်လုပ်ကြ တယ်။ ဒီလိုနဲ့ ကျွန်တော်ငယ်ငယ်က ထားခဲ့တဲ့ ပါရဂူ ဒေါက်တာဘွဲ့ ရရှိဖို့ဆိုတဲ့ ရည်မှန်းချက်ရရှိ ပြီးမြောက်ခဲ့တယ်။

**မေး ။ ။ ဆရာကြီး ဂျပန်နိုင်ငံကနေ ပညာတော်သင် ပြန်လာပြီး ပြန်ရောက်လာချိန်မှာ ဘယ်တက္ကသိုလ်တွေမှာ ဆက်လက် တာဝန်ထမ်းဆောင်ခဲ့ပါသလဲ။**

ဖြေ ။ ။ ၂၀၀၀ ပြည့်နှစ် ဧပြီလမှာ ပါရဂူဒေါက်တာဘွဲ့ ရပြီး မြန်မာနိုင်ငံကို ပြန်လာတယ်။ မန္တလေးတက္ကသိုလ်မှာ ပြန်လည်တာဝန်ထမ်းဆောင်ခဲ့တယ်။ ဂျပန်မှာ ပညာသင်နေစဉ် ၁၉၉၉ ခုနှစ်မှာ ကထိကရာထူးတိုးခဲ့ပြီး ပြန်လာပြီးနောက် ၂၀၀၃ ခုနှစ်မှာ မန္တလေးတက္ကသိုလ်မှာပဲ တွဲဖက်ပါမောက္ခ ရာထူးတိုးတယ်။ ပြည်ပပြန်ပါရဂူဘွဲ့ ရရှိလာတာကြောင့် မဟာတန်း၊ မဟာသုတေသနတန်းနဲ့ ပါရဂူတန်းတွေမှာ သင်ကြားပို့ချခြင်း၊ ကျမ်းကြီးကြပ်ခြင်းတွေ ဆောင်ရွက်ပါတယ်။ ပါရဂူတန်းမှာ ကျောင်းသား ၁၅ ယောက်၊ မဟာသုတေသနတန်းမှာ ၁၅ ယောက်လောက် ကျမ်းကြီးကြပ်ရတယ်။ မဟာသိပ္ပံတန်းမှာတော့ ကလေးတွေက အဖွဲ့လိုက်သုတေသနလုပ်ကြတာဖြစ်တဲ့အတွက်ကြောင့် ၅ ဖွဲ့လောက် ကျမ်းကြီးကြပ်ခဲ့တယ်။

ဒီလို ကျမ်းကြီးကြပ်ရင်းနဲ့ တစ်ဖက်ကလည်း မန္တလေးတိုင်း ငါးလုပ်ငန်းဦးစီးဌာန၊ မန္တလေးတိုင်း ငါးလုပ်ငန်းရှင်များအသင်းတို့နဲ့ ဆက်သွယ်ပြီး ငါးမှာရှိတဲ့ ကပ်ပါးပိုးတွေကို သုတေသနလုပ်တယ်။ ရန်ကုန်မှာ သွားပြီး မွေးမြူရေးနှင့် ရေလုပ်ငန်းဦးစီးဌာနမှာ သုတေသနစာတမ်းဖတ်ကြားတာတွေ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ငါးလုပ်ငန်းရှင်တွေကလည်း သူတို့အတွက် အရေးပါတဲ့ သုတေသနအချက်အလက်တွေ သိရတာ ဖြစ်တဲ့အတွက် အသိအမှတ်ပြုပြီး သဘောကျကြတယ်။

*စာမျက်နှာ ၂၁ သို့*

*စာမျက်နှာ ၂၀ မှ*

အဲဒီနေရာမှာ ပြောချင်တာက တက္ကသိုလ်က တက္ကသိုလ် သီးခြားနေတာ မဟုတ်ဘဲ၊ လုပ်ငန်းရှင်ကလည်း လုပ်ငန်းရှင်သီးခြားနေတာ မဟုတ်ဘဲ တက္ကသိုလ်နဲ့ ပြင်ပလုပ်ငန်းရှင် ပူးပေါင်းပြီး လုပ်ငန်းဆောင်ရွက်မှု (University Industry Collaboration) တွေရှိတဲ့အကြောင်း ပြောချင်တာပါ။

ဒီ concept ကို အများကြီးလည်း ဆက်ပြီးအကောင်အထည်ဖော်နေကြတယ်။ လူငယ်ကျောင်းသား ကျောင်းသူတွေ ဆရာ ဆရာမတွေကို ဒီအချက်ကလေး သတိပြုစေချင်လို့ပါ။ ဒါတွေကတော့ သင်ကြားရေးတာဝန်နဲ့ သုတေသနပိုင်းဆိုင်ရာ တာဝန်ထမ်းဆောင်မှုတွေကို ပြောပြတာဖြစ်ပါတယ်။ အထက်မှာပြောခဲ့တဲ့ သင်ကြားသင်ယူမှု၊ သုတေသနပြုမှုလုပ်ငန်းတွေအပြင် မန္တလေးတက္ကသိုလ် နဒီဆောင်တွင် အဆောင်မှူးအဖြစ်လည်း ၂၀၀၂ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။

**မေး ။ ။ ဟုတ်ကဲ့ဆရာကြီး၊ ရှေ့ဆက်လုပ်ဆောင်တဲ့ အပိုင်းတွေကို ဆက်လက် ပြောပြပေးစေလိုပါတယ်။**

ဖြေ ။ ။ အဲဒီလိုနဲ့ ၂၀၀၃ ခုနှစ်မှာ မန္တလေးတက္ကသိုလ်မှာ တွဲဖက်ပါမောက္ခ ရာထူးတိုးပြီး၊ ၂၀၀၅ ခုနှစ် မှာ အဝေးသင်တက္ကသိုလ်မှာ ပါမောက္ခအဖြစ် ရာထူးတိုးပြောင်းပြီး တာဝန်ထမ်းဆောင်ရပါတယ်။ ၂၀၀၇ ခုနှစ် မတ်လမှာ ရန်ကုန်တက္ကသိုလ် သတ္တဗေဒဌာနကို ပါမောက္ခ ရာထူးနဲ့ ပြောင်းရွှေ့တာဝန် ထမ်းဆောင်ရပါတယ်။ ရန်ကုန် တက္ကသိုလ် သတ္တဗေဒဌာနမှာ နှစ်ပတ်လောက် ပါမောက္ခ (ဌာနမှူး)အဖြစ်တာဝန်ထမ်းဆောင်ပြီးတဲ့နောက် ၂၀၀၇ ခုနှစ် ဧပြီလမှာ အဆင့်မြင့်ပညာဦးစီးဌာန၊ (အောက်မြန် မာပြည်)သို့ ဒုတိယညွှန်ကြားမှူးချုပ်အဖြစ် ရာထူးတိုးမြှင့် ရရှိပါတယ်။ ရန်ကုန်တက္ကသိုလ်မှာ မတ်၊ ဧပြီ၊ မေ ၃ လလောက် တက္ကသိုလ်ဝင်တန်း စာမေးပွဲတာဝန်တွေပြီးအောင် ဆောင်ရွက်ပြီးမှ ဇွန်လဆန်းမှစ၍ အဆင့်မြင့်ပညာဦးစီးဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ်ကိုယ်သင်ကြားတတ်မြောက်ထားတဲ့ ပညာရပ်တစ်ခုတည်း မဟုတ်ဘဲ ဒီနေ့ခေတ်မှာ အားလုံးသိကြတဲ့အတိုင်း ကိုယ့်လုပ်ငန်းတာဝန်နဲ့ နီးနွှယ်တဲ့အကြောင်းအရာတွေကို ကိုယ်တိုင်လေ့လာသင်ယူရမယ်၊ ဒီလိုပုံစံမျိုးသွားဖို့ လိုနေပြီဆိုတာကို တိုက်တွန်းချင်တာပါ။ လူကြီးဖြစ်လာတဲ့အခါ စီမံအုပ်ချုပ်မှုပညာ၊ စီမံခန့်ခွဲမှုပညာအကြောင်းအရာတွေကို လေ့လာသင်ယူဖို့လိုတယ်။ ကျွန်တော့် အနေနဲ့ဆိုရင် ကိုယ့်ရဲ့သတ္တဗေဒ ငါးပညာရပ်ဆိုင်ရာ တစ်ခုတည်း မဟုတ်တော့ဘူး။ စီမံခန့်ခွဲမှုပညာရပ်တွေကိုလည်း လေ့လာဖတ်ရှုသင်ယူမှု ပြုခဲ့ရပါတယ်။ အဲ့ဒါကြောင့် ဒုညွှန်ချုပ်တာဝန်ထမ်းဆောင်စဉ်မှာလည်း တော်တော်လေး အထောက်အကူဖြစ်ခဲ့ပြီး ထိထိရောက်ရောက် တာဝန်ထမ်းဆောင်နိုင်ခဲ့တယ်။ အဲဒါနဲ့ ဆက်စပ်ပြီး ရန်ကုန်တက္ကသိုလ်မှာ ပါမောက္ခချုပ်အဖြစ် တာဝန်ထမ်းဆောင်စဉ်မှာလည်း အသက်ကြီးတယ်၊ ငယ်တယ်ဆိုတာ တွေးဖို့ထက် တာဝန်ကို ဘယ်လိုကျေပွန်စွာထမ်းရွက်မလဲဆိုတာကို ဦးတည်စဉ်းစားဆောင်ရွက်ခဲ့တယ်ဆိုတာကို အတွေ့အကြုံ မျှဝေ ပြောကြားလိုပါတယ်။

ရန်ကုန်တက္ကသိုလ်မှာ ပါမောက္ခချုပ်အနေနဲ့တာဝန်ယူစဉ်မှာ ရန်ကုန်တက္ကသိုလ်သည် ASEAN University Network (AUN) အဖွဲ့ဝင် တက္ကသိုလ်တစ်ခုဖြစ်တဲ့အတွက် အာဆီယံတက္ကသိုလ်တွေနဲ့ ပူးပေါင်းပြီး ဘယ်လိုဆောင်ရွက်ရမလဲဆိုတဲ့ ကိစ္စရပ်တွေကို ညှိနှိုင်းဆောင်ရွက်ရတယ်။ အဲဒီမှာအဓိကထားပြီးဆောင်ရွက်ဖြစ်တာကတော့ ယနေ့ခေတ်မပြောမပြီး၊ မပါမပြီးတဲ့ Quality Assurance (QA) ကို ဆောင်ရွက်တယ်။ ASEAN University Network က ကမ်းလှမ်းလာတဲ့ Quality Assurance Training တွေပေးဖို့ဆောင်ရွက်ရပါတယ်။ တစ်ဖက်ကလည်း နာဂစ်ကြောင့် တက္ကသိုလ်တွင်း ထိခိုက်ပျက်စီးမှုတွေ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့ရပါတယ်။ အဲဒီလိုဆောင်ရွက်နေတဲ့ ကာလဖြစ်တဲ့အတွက် ပထမဆုံး Quality Assurance Training ကို မြန်မာနိုင်ငံရေကြောင်းတက္ကသိုလ်မှာ ဆောင်ရွက်ခဲ့ပြီး ဒုတိယ Training ကိုတော့




YU (ရန်ကုန်တက္ကသိုလ်) နှင့် KFAS တို့ ပညာရေးပူးပေါင်းဆောင်ရွက်ရန် MoA လက်မှတ်ရေးထိုးပွဲ (၂၀၁၃)။

တာဝန်ကို ထမ်းဆောင်ပါတယ်။

ဒုတိယညွှန်ကြားရေးမှူးချုပ် တာဝန်ထမ်းဆောင်စဉ်မှာ အမှတ်တရဖြစ်တာကတော့ ၂၀၀၈ ခုနှစ်မေလတွင် နာဂစ်မုန်တိုင်းကြုံတွေ့ရတာဖြစ်တဲ့အတွက် ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းဒေသကြီး အစရှိသည့် နာဂစ်ဒဏ်ခံစားရတဲ့ ဒေသတွေရဲ့ ပညာရေးဆိုင်ရာ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ မှတ်တမ်းတင်ခြင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများအတွက် စီမံခန့်ခွဲမှုလုပ်ငန်းများမှာ ပါဝင်ဆောင်ရွက်ရခြင်းများသည် အမှတ်တရဖြစ်ရပ်များဖြစ်ခဲ့ပါတယ်။ အဲ့ဒီနာဂစ်မုန်တိုင်းကိစ္စတွေ ဆောင်ရွက်နေချိန်မှာပဲ ၂၀၀၈ ခုနှစ် ဇွန်လကုန်ပိုင်းလောက် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်အဖြစ် ရာထူးတိုးမြှင့် တာဝန်ထမ်းဆောင်ရပါတယ်။

**မေး ။ ။ ဆရာကြီးက အသက်ငယ်ငယ်နဲ့ ရန်ကုန်တက္ကသိုလ်မှာ ပါမောက္ခချုပ် တာဝန်ထမ်းဆောင်ခဲ့တဲ့ အချိန်အတောအတွင်း ဆရာကြီးဆောင်ရွက်ခဲ့တဲ့ အတွေ့အကြုံနဲ့ တာဝန်ယူရတဲ့အပိုင်းတွေကို ပြန်လည်မျှဝေပေးပါရှင့်။**

ဖြေ ။ ။ အဲဒီအချိန်တုန်းက အသက် ၄၅ နှစ်အောက်ဆိုတော့ နှိုင်းယှဉ်ကြည့်ရင် ငယ်တယ်လို့ ပြောလို့ရတာပေါ့။ သို့သော် ကျွန်တော့်အနေနဲ့ ကိုယ်သင်ယူထားတဲ့ပညာနဲ့ လေ့လာထားတဲ့ အတွေ့အကြုံတွေအပေါ်အခြေခံပြီး နိုင်ငံတော်ကပေးအပ်လာတဲ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်မယ်ဆိုတဲ့ စိတ်ကူးနဲ့ ကြိုးစားခဲ့တာ ဖြစ်ပါတယ်။ အဲဒီမတိုင်ခင် ကတည်းက ကျွန်တော့်အနေနဲ့ စီမံခန့်ခွဲမှုနဲ့ သက်ဆိုင်တဲ့ ပညာရပ်စာအုပ်တွေကို လေ့လာခဲ့ပါတယ်။

ဒီနေရာမှာလည်း အသိပညာ မျှဝေချင်တဲ့အချက်က Chatrium Hotel မှာ ဆောင်ရွက်ခဲ့ပါတယ်။ တတိယအကြိမ် QA Training ကို ရန်ကုန်တက္ကသိုလ်မှာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဒီလိုနဲ့ QA Training တွေ သုံးခုလောက်ပေးပြီးပြီဆိုတော့ ကျွန်တော် စဉ်းစားမိတယ်။ ဒါက ရန်ကုန်တက္ကသိုလ်တစ်ခုတည်းနဲ့ မပြီးဘူး၊ နယ်တက္ကသိုလ်တွေပါ Quality Assurance ပိုမိုသိနားလည်ဖို့ လိုအပ်တယ်ဆိုပြီး အဲဒီတုန်းက သွားရေးလာရေး အဆင်ပြေနိုင်တဲ့ တက္ကသိုလ်တွေက ဆရာ ဆရာမဦးရေ ၁၀၀ နီးပါးကို ဖိတ်ပြီးတော့ ဆင့်ပွား Training ဆောင်ရွက်ပေးနိုင်ခဲ့တယ်။ အဲဒီကနေ ဆရာ ဆရာမတွေဟာ Quality Assurance in Higher Education ကို ပိုမိုသိနားလည်လာပြီး ကိုယ်တိုင်ဖတ်ရှုလေ့လာမှု အကောင်အထည်ဖော်မှုတွေ ဆက်လုပ် ဆောင်ရွက်ကြတယ်လို့ သိရပါတယ်။ အဲ့ဒီအတွက် ကျွန်တော်ဝမ်းသာမိပါတယ်။

နောက်ထပ် AUN နဲ့အထင်ကရ ပူးပေါင်းဆောင်ရွက်မှုတစ်ခုကတော့ ၂၀၁၃ ခုနှစ် ဇူလိုင်လမှာ 29th Meeting of The ASEAN University Network Board of Trustees ကို အဖွဲ့ဝင်ဖြစ်တဲ့ (ရန်ကုန်တက္ကသိုလ်နဲ့ စီးပွားရေးတက္ကသိုလ်) အခြေပြုပြီး ပညာရေးဝန်ကြီးဌာနက အိမ်ရှင်အဖြစ် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမမှာ ကျင်းပနိုင်ခဲ့ပါတယ်။ အဆိုပါ အစည်းအဝေး၌ မန္တလေးတက္ကသိုလ်ကို ASEAN University Network တွင် မြန်မာနိုင်ငံ၏ တတိယမြောက် အဖွဲ့ဝင်တက္ကသိုလ်အဖြစ် အဆိုပြုတင်သွင်းခဲ့ပြီး အဖွဲ့ဝင်တက္ကသိုလ်အဖြစ် အတည်ပြုလက်ခံရရှိခဲ့ပါတယ်။ သည်ဟာကိုလည်း မိမိပါမောက္ခချုပ်ဘဝ ဆောင်ရွက်ချက်များထဲက အမှတ်တရတစ်ခုအဖြစ် ပြောပြလိုပါတယ်။

အဲဒီနောက် ၂၀၁၂ ခုနှစ်လောက်မှာ ရန်ကုန်တက္ကသိုလ် အဆင့်မြှင့်တင်ရေးအဖွဲ့ ဖွဲ့စည်းဖြစ်ပေါ်လာပြီး ကျွန်တော်လည်း ပါမောက္ခချုပ်ဖြစ်တဲ့အတွက် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ တက္ကသိုလ်အဆင့်မြှင့်တင်ရေး လုပ်ငန်းများအဖြစ် အဆောက်အအုံများ၊ လမ်းများ ပြုပြင်မွမ်းမံခြင်းကို အဓိကဆောင်ရွက်ခဲ့ပါတယ်။ ဆရာ ဆရာမများ၏ သင်ကြားသင်ယူမှု သုတေသနပြုမှု အရည်အသွေးများမြှင့်မားရေးအတွက် ပြည်ပတက္ကသိုလ်များနဲ့ MoU ရေးထိုးခြင်းနှင့်အတူ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုတွေ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပြည်ပတက္ကသိုလ်က ပညာရှင်တွေ ရန်ကုန်တက္ကသိုလ်ကို လာရောက်လေ့လာသုတေသနပြုမှုတွေရှိသလို ရန်ကုန်တက္ကသိုလ်က ဆရာ ဆရာမတွေလည်း ပြည်ပတက္ကသိုလ်တွေဆီ သွားရောက်ပြီး သင်တန်းတက်ခြင်းများ၊ သုတေသနပြုခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုတွေအဖြစ် ဂျပန်၊ ကိုရီးယား၊ ထိုင်း၊ ဩစတြေးလျနဲ့ဂျာမနီစတဲ့ နိုင်ငံတကာ တက္ကသိုလ်တွေနဲ့ MoU ရေးထိုးတာတွေရှိတယ်။ ကျွန်တော်တာဝန်ယူစဉ်ကာလတွင် MoU ၁၂ ခုခန့်အထိ ရေးထိုးပြီး ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ တစ်ဖက်ကလည်း မှတ်မှတ်ရရဖြစ်တာကတော့ ရန်ကုန်တက္ကသိုလ်ကို ၂၀၁၂ ခုနှစ် နိုဝင်ဘာလထဲမှာ အမေရိကန်နိုင်ငံသမ္မတ Mr. Barack Obama ၊ ၂၀၁၃ ခုနှစ် နိုဝင်ဘာလထဲမှာ မွန်ဂိုးလီးယားနိုင်ငံသမ္မတ Mr.Tsakhiagiin Elbegdorj နဲ့ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလထဲမှာ ဂျာမနီနိုင်ငံသမ္မတ Mr. Joachim Gauck တို့ လာရောက်လည်ပတ်ခဲ့ကြပါတယ်။

ရန်ကုန်တက္ကသိုလ် အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာလည်း ကျွန်တော်အပါအဝင် သက်ဆိုင်ရာ ဘာသာရပ်အသီးသီးက ပါမောက္ခတွေ၊ ဆရာ ဆရာမတွေ ၊ ရုံးဘက်မှ အရာထမ်း၊ အမှုထမ်းတွေ တော်တော်လေး ညီညီညာညာနဲ့ ပါဝင်ဆောင်ရွက်ခဲ့ကြတယ်။ တချို့နေ့တွေမှာ တာဝန်ပြီးမြောက်အောင် နေဝင်မိုးချုပ်အထိ အလုပ်လုပ်ခဲ့တဲ့ ကာလမျိုးလည်း ရှိပါတယ်။ အဲဒီလို ဆောင်ရွက်ခဲ့တာကြောင့် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလမှာ နိုင်ငံတော်သမ္မတရဲ့ နိုင်ငံ့စွမ်းဆောင်ရည်ဆုအတွက် သမ္မတကိုယ်တိုင် လက်မှတ်ရေးထိုးထားတဲ့ ဂုဏ်ထူးဆောင်လက်မှတ် ချီးမြှင့်တာကို လက်ခံရရှိခဲ့ပါတယ်။ ဒါတွေကတော့ ပါမောက္ခချုပ်အဖြစ် ရန်ကုန်တက္ကသိုလ်မှာ တာဝန်ထမ်းဆောင်စဉ်ကာလရဲ့ အမှတ်တရများပဲ ဖြစ်ပါတယ်။

**မေး ။ ။ ဆရာကြီး ငယ်စဉ်ကစပြီး ကြိုးစားအားထုတ်ခဲ့တဲ့အပိုင်း၊ တက္ကသိုလ်ဆရာ ဖြစ်လာတဲ့အပိုင်း၊ စီမံခန့်ခွဲမှုအပိုင်းနဲ့ ပါမောက္ခချုပ်အဖြစ် တာဝန်ယူတဲ့အပိုင်းတွေကို စိတ်ရှည်လက်ရှည်နဲ့ ပြောကြားမျှဝေပေးတာကို ဝမ်းသာကျေးဇူးတင်ပါတယ်။**

ဖြေ ။ ။ ကျွန်တော့်အနေနဲ့ ရန်ကုန်တက္ကသိုလ်မှာ ၂၀၀၈ ခုနှစ် ဇွန်လကနေ ၂၀၁၄ ခုနှစ် မေလအထိ ခြောက်နှစ်နီးပါး ပါမောက္ခချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ အခု လက်ရှိမှာလည်း တောင်ငူတက္ကသိုလ်မှာ ပါမောက္ခချုပ်အဖြစ် ခုနစ်နှစ်နီးပါး တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ အခုလိုမျိုး ရန်ကုန်တက္ကသိုလ်ရာပြည့်သဘင် အထိမ်းအမှတ်အတွက် ရန်ကုန်တက္ကသိုလ်မှာ တာဝန်ယူဆောင်ရွက်ခဲ့တဲ့ အကြောင်းအရာတွေကို ပြန်လည်သတိရစရာ၊ လွမ်းစရာ၊ ဂုဏ်ပြုစရာ၊ ဂုဏ်ယူစရာများအဖြစ် ပြောကြားခွင့်ရတဲ့အတွက် တကယ့်ကို နှစ်ထောင်းအားရဖြစ်မိတယ်။ ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ အားလုံးကို ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ။

## ဒေါက်တာတင်ထွန်း၏ ကိုယ်ရေးအကျဉ်း



- ကချင်ပြည်နယ်၊ မိုးညှင်းမြို့တွင် အဖ ဦးသောင်း၊ အမိ ဒေါ်တင်အိတို့မှ ၂၁-၁၂-၁၉၆၃ ရက်နေ့တွင် မွေးဖွားသည်။ မိဘနှစ်ပါးစလုံး နိုင်ငံ့ဝန်ထမ်းများဖြစ်သည်။
- မူလတန်းပညာကို ၁၉၇၀ မှ ၁၉၇၄ ခုနှစ်အထိ မိုးကောင်းမြို့နယ်၊ ဆားမှော်ကျေးရွာ အလယ်တန်းကျောင်းတွင် သင်ယူခဲ့သည်။ အလယ်တန်းနှင့် အထက်တန်းပညာကို ၁၉၇၅ မှ ၁၉၈၀ အထိ မိုးညှင်းမြို့ အထက(၁)တွင် သင်ယူခဲ့သည်။
- အဆင့်မြင့်ပညာ ပထမနှစ်နှင့် ဒုတိယနှစ်ကို ၁၉၈၁နှင့် ၁၉၈၂ ခုနှစ်တွင် မြစ်ကြီးနားဒေသကောလိပ်/ မြစ်ကြီးနားကောလိပ်တွင် သိပ္ပံဇီဝဘာသာတွဲဖြင့် သင်ယူခဲ့သည်။ တတိယနှစ်နှင့် စတုတ္ထနှစ်ကို ၁၉၈၃ နှင့် ၁၉၈၄ ခုနှစ်တို့တွင် မန္တလေးတက္ကသိုလ်၌ ဆက်လက်တက်ရောက်ခဲ့ပြီး ၁၉၈၄ ခုနှစ်တွင် B.Sc (Zoology) ဘွဲ့ကို ရရှိသည်။ ၁၉၈၄ ခုနှစ်တွင် မန္တလေးတက္ကသိုလ် စတုတ္ထနှစ် လူရည်ချွန်အဖြစ် ရွေးချယ်ခံရသည်။
- ဂုဏ်ထူးတန်းနှင့် မဟာသိပ္ပံတန်းများကို မန္တလေးတက္ကသိုလ်၌ ဆက်လက်တက်ရောက်ခဲ့ပြီး ၁၉၈၅ ခုနှစ်တွင် B.Sc (Honous) (Ichthyology) ဘွဲ့နှင့် ၁၉၉၀ ပြည့်နှစ်တွင် M.Sc (Ichthyology)ဘွဲ့တို့ကို ရရှိခဲ့သည်။
- ပါရဂူဘွဲ့သင်တန်းကို ၁၉၉၆ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ် အထိ ဂျပန်နိုင်ငံ တိုကျို တက္ကသိုလ်တွင် တက်ရောက်ခဲ့ပြီး Ph.D (Fish Parasitology) ဘွဲ့ကို ၂၀၀၀ ပြည့်နှစ် မတ်လတွင် ရရှိသည်။
- တက္ကသိုလ်ဆရာအဖြစ် ၁-၁၁-၁၉၈၆ ရက်နေ့တွင် သရုပ်ပြအဖြစ် မန္တလေးတက္ကသိုလ်တွင် စတင်တာဝန်ထမ်းဆောင်ပြီး၊ ရာထူးအဆင့်ဆင့်တိုးမြှင့်ပြီး ပါမောက္ခတာဝန်ကို မန္တလေးအဝေးသင်တက္ကသိုလ် (၂၀၀၅-၂၀၀၇) နှင့် ရန်ကုန်တက္ကသိုလ် (၂၀၀၇ ခုနှစ် မတ်လ)တို့တွင် ထမ်းဆောင်ခဲ့ပါသည်။
- ၂၀၀၇ ခုနှစ် ဧပြီလမှ ၂၀၀၈ ခုနှစ် ဇွန်လအထိ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။
- ၂၀၀၈ ခုနှစ် ဇွန်လအကုန်မှ ၂၀၁၄ ခုနှစ် မေလအထိ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်အဖြစ်လည်းကောင်း၊ ၂၀၁၄ ခုနှစ် မေလမှ ယခုလက်ရှိကာလအထိ တောင်ငူတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် ဆက်လက်တာဝန်ထမ်းဆောင်လျက်ရှိပါသည်။
- တောင်ငူတက္ကသိုလ် ပါမောက္ခချုပ်တာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် နေပြည်တော်၌ ကျင်းပသော 19th ASEAN University Games (AUG) တွင် မြန်မာနိုင်ငံ တက္ကသိုလ်များ အားကစားအဖွဲ့များ၏ ခေါင်းဆောင် (Head of Delegates) အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံ တက္ကသိုလ်များပီတန်းအားကစားဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ရပြီး တောင်ငူတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူ အများစုနှင့် ဒဂုံတက္ကသိုလ်၊ ရွှေဘိုတက္ကသိုလ်နှင့် မော်လမြိုင်တက္ကသိုလ်တို့မှ SEA Games အတွေ့အကြုံရှိသော ကျောင်းသား၊ ကျောင်းသူ ၃ ဦးတို့နှင့် ပူးပေါင်းဖွဲ့စည်း၍ စတင်ပြုစုလေ့ကျင့်ပြီး AUG တွင် ပီတန်းအားကစားပြိုင်ပွဲ ဝင်နိုင်သည်အထိ ဆောင်ရွက်ခဲ့သည်။

# ၂၀၁၉ ခုနှစ် အမျိုးသားစာပေ ကဗျာဆုရ ဆရာမ ပန်ဒိုရာ၏ အမှတ်တရစကား

**၂၀၁၉ ခုနှစ်အတွက် အမျိုးသားစာပေဆုများကို သက်ဆိုင်ရာက ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်သည်။ဆုရသူစာပေပညာရှင်ကြီးများအနက် ကဗျာစာပေဖြင့် ဆုဆွတ်ခူးရရှိခဲ့သော ဆရာမ ပန်ဒိုရာနှင့် တွေ့ဆုံမေးမြန်းခဲ့မှုများကို ဖော်ပြလိုက်ပါသည်-**

**ဆရာမ ပန်ဒိုရာ**
**အမည်ရင်း - ဒေါ်ပြည့်လှိုင်ဦး**
**၂၀၁၉ ခုနှစ် အမျိုးသားစာပေဆု ကဗျာ**
**ဆုရစာအုပ်အမည် - ခရုပစ်လောင်ချာ**



"ပြည်သူ့အစိုးရလက်ထက်မှာ လွတ်လွတ်လပ်လပ် ဖွဲ့စည်းထားတဲ့ အမျိုးသားစာပေဆု ရွေးချယ်ရေးကော်မတီရဲ့ ဆုံးဖြတ်ချက်နဲ့ အခုလို ဆုတွေပေးနိုင်တာ အင်မတန်မှ ဝမ်းသာစရာ ကောင်းလှပါတယ်။ ကျွန်မ ဆုရတဲ့အတွက်တော့ ဝမ်းသာတာထက် အံ့ဩတာက ပိုနေပါတယ်။ ဆုကို မမျှော်လင့်ခဲ့ပါဘူး။ ကျွန်မရယ်မှ မဟုတ်ပါဘူး။ ကဗျာနယ်ပယ်ထဲမှာ ကဗျာဆရာတွေဆိုတာ ကိုယ်ရေးချင်တာကိုသာ တစိုက်မတ်မတ် ရေးနေကြတာပါ။ စိတ်ထဲမှာ ဆုလိုမျိုးကို မမျှော်မှန်းမိကြသူတွေပါပဲ။

စာအုပ်ထဲမှာပါတဲ့ ကဗျာတွေက ယနေ့ခေတ်မှာ ကဗျာဆရာ အများအပြား ရေးနေကြတဲ့ ကဗျာအမျိုးအစားတွေထဲကပါ။ ၂၀၀၇ ကနေ ၂၀၁၈ ဆယ်နှစ်လောက်ကာလအတွင်းမှာ ရေးထားတဲ့ ကဗျာပုဒ်ရေ ရာဂဏန်းထဲက ဒီစာအုပ်အတွက် ရွေးချယ်ထားတဲ့ လက်ရွေးစဉ် ကဗျာ ၃၅ ပုဒ် ဖြစ်ပါတယ်။ ပုံသဏ္ဌာန်ရော အကြောင်းအရာပါ စုံလင်ပါတယ်။ စကားပြေဆန်တဲ့ ကဗျာအချို့လည်းပါပါတယ်။ ရှေးခေတ်ထုံးတမ်းစဉ်လာထဲမှာ မတွေ့ခဲ့ရတဲ့ ပုံစံတွေပါပါတယ်။ အရင်တုန်းက မသုံးနှုန်းခဲ့တဲ့ ကဗျာစကားတွေ ပါပါတယ်။ အဲဒီလို ပြောင်းလဲမှုဆိုတာကလည်း ပြောင်းလဲနေတဲ့ခေတ်ရဲ့ အာရုံခံစားမှုတွေကြောင့် လိုအပ်ချက်အရ သဘာဝကျကျ လိုက်လျောညီထွေ ပေါ်ပေါက်လာတာလို့ ယုံကြည်ပါတယ်။

ဒီစာအုပ်ဖြစ်ပေါ်လာဖို့ အရေးကြီးသူတစ်ဦးကတော့ နှစ်ကာလများစာပေက ဆရာမိုးဝေးပါ။ ဆရာမိုးဝေး တိုက်တွန်းပြီး ထုတ်ပေးလို့သာ ဒီစာအုပ်ထွက်လာရတာပါ။ ပြီးတော့ ဆရာဇေယျာလင်းရဲ့ အမှာစာပါ။ ဆရာ့အမှာစာမှာ ဒီစာအုပ်ထဲမှာပါတဲ့ ကဗျာတွေကို သုံးသပ်ချက်အနေနဲ့ တော်တော့်ကို အသေးစိတ်ရေးထားပါတယ်။ ဒါဟာ စာအုပ်ထဲက ကဗျာတွေကို ဖတ်ရှုတဲ့အခါ အများကြီး အထောက်အကူပြုစေတယ်လို့ ထင်ပါတယ်။

အဓိက ကျေးဇူးတင်ရမှာကတော့ ယနေ့အထိ မြန်မာကဗျာ ဖြစ်ပေါ်ပြောင်းလဲလာမှု အဆင့်ဆင့်မှာ ရှေ့ကနေ ဦးဆောင်လမ်းပြခဲ့ လမ်းဖောက်ခဲ့ကြတဲ့ ဆရာတွေအားလုံးပါပဲ။ တစ်ချိန် တင်းကျပ်တဲ့ ခေတ်စနစ်အောက်မှာ အားကောင်းမောင်းသန် ရုန်းကန်ရေးသားနေကြချိန်မှာ အဲဒီဆရာဆရာမတွေရဲ့ ကဗျာတွေဟာ နိုင်ငံအဆင့် ဆုရထိုက်တဲ့ စာအုပ်တွေ အများအပြားပါခဲ့ကြမှာပါပဲ။ ခေတ်နဲ့အပြိုင် ဖန်တီးမှုတွေကို ကဗျာတွေထဲမှာ တွေ့ခဲ့ကြရပါတယ်။ ကျွန်မတို့က အဲဒီ ဆရာတွေ မျိုးစေ့ချ စိုက်ပျိုးထားလို့ ဖူးပွင့်နေတဲ့ အသီးအပွင့်တွေကို ဆွတ်ယူစားသုံး အကျိုးကျေးဇူး ခံစားရတာပါ။ ကျွန်မတို့ကဗျာတွေဟာ ရှေ့ကဆရာတွေ လမ်းသစ်ဖောက်ခဲ့တဲ့အတိုင်း ဆက်ရေးခဲ့တဲ့ ကဗျာတွေပါ။ ဒီလိုကဗျာမျိုးတွေကို ဆုအဖြစ် အသိအမှတ်ပြုပေးတာဟာ ရှေးရှေးက ဆရာတွေရဲ့ အားထုတ်မှုတွေ ရောင်ပြန်ဟပ်တာပါပဲ။

ပြီးတော့ ဒီခေတ်သစ်ကဗျာမျိုးတွေဟာ ပညာရေးသင်ရိုးမှာ မပါခဲ့တဲ့အတွက် ကဗျာလောကမှာက ကဗျာဆရာအချင်းချင်းပဲ သင်ယူရတာပါ။ ဒီတော့ ကျေးဇူးတင်ရသူတွေထဲမှာ ထင်ရှားတဲ့ လမ်းဖောက်သူ ကဗျာဆရာတွေအပြင် သင်ဆရာ မြင်ဆရာ ကြားဆရာ၊ လက်ရှိရေးသားနေကြတဲ့ ကြီးသူ၊ ငယ်သူ ကဗျာဆရာအားလုံး ပါဝင်ပါတယ်။ ဒီကဗျာစာအုပ်ကို ဆုပေးလိုက်တယ်ဆိုတာက အဲဒီလိုကဗျာမျိုးတွေ ရေးသားနေကြတဲ့ အခုခေတ်ရဲ့ လက်တွေ့အနေအထားကို အနည်းနဲ့အများ ကိုယ်စားပြုနေတယ် လို့ ထင်ပါတယ်။

နောက်ထပ် အရေးကြီးသူကတော့ ကျွန်မရဲ့ ဖေဖေပါ။ ကဗျာဆရာဖြစ်လာဖို့အတွက် ဖေဖေ့ရဲ့ ကျေးဇူး ကြီးလှပါတယ်။ ဖေဖေက တက္ကသိုလ်မှာ အစပြုခဲ့တဲ့ ကဗျာအညွန့်အဖူးကို အခြေအနေတွေအများကြီးကြောင့် အပြည့်အဝ ပွင့်ခွင့်ဝေခွင့် မရနိုင်လိုက်တဲ့ ကဗျာဆရာတစ်ဦးပါ။ ကျွန်မ လူမှန်းမသိတတ်တဲ့ အရွယ်ပုခက်တွင်းကတည်းက ကဗျာရဲ့ အသံကို ကြားနိုင်အောင် မျိုးစေ့ချပေးခဲ့သူမို့ ကျွန်မ ကဗျာရေးဖြစ်လာခဲ့တာပါ။ ဖေဖေ့ဆီက ကဗျာသွေး ပါလာတယ်လို့ ပြောနိုင်ပါတယ်။ မေမေကလည်း တချိန်လုံး ပါရမီဖြည့်အားပေးသူပါ။ ဒါကြောင့် ဆုရရှိမှုအပေါ် ကျွန်မဝမ်းသာတာထက် မိဘတွေက ပိုလို့ဝမ်းသာပါလိမ့်မယ်။

ကျွန်မကတော့ တက္ကသိုလ်တက်ချိန်မှာ ကျောင်းတွင်းထုတ်ဝေတဲ့ မဂ္ဂဇင်းစာစောင်လောက်ပဲ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးတွေ ရေးခဲ့ဖြစ်တာပါ။ အင်္ဂလိပ်စာမေဂျာ မဟာတန်းမှာ တက်နေတုန်း သူငယ်ချင်းတွေ စုပေါင်းပြီး အိပ်မက်ထဲက သဲလွန်စဆိုတဲ့ ကဗျာစာအုပ်ကလေး စုထုတ်ခဲ့ပါတယ်။ နောက်တော့ စင်ကာပူကို ရောက်သွားပြီး ကျောင်းတက် အလုပ်လုပ်နေတုန်း ၂၀၀၇ ကျမှ ဘလော့ဂ် အင်တာနက်စာမျက်နှာမှာ ပန်ဒိုရာ နာမည်နဲ့ စာစရေးပါတယ်။ အဲဒီနောက် စာရေးဆရာဆရာမတွေ၊ ကဗျာဆရာ ဆရာမတွေရဲ့ အားပေးမှုနဲ့ မဂ္ဂဇင်းစာမျက်နှာတွေမှာ ဖော်ပြခံလာရပါတယ်။

ကဗျာကို ဖတ်ရတာရော ရေးရတာပါ အလွန်နှစ်သက်ပါတယ်။ ဒါပေမယ့် ပိုပြီး လွှမ်းခြုံတဲ့အမြင်နဲ့ ပြောရရင် ကျွန်မ အဓိကခံစားနှစ်သက်မှုက လူသားရဲ့ တီထွင်ဖန်တီးမှုပါ။ ဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်နဲ့ဆိုင်တဲ့ လုပ်ငန်းခွင်ထဲမှာ လေ့လာဖတ်ရှုခဲ့ရတော့ လူ့စွမ်းရည် တီထွင်ဖန်တီးမှုတွေနဲ့ ပိုမိုထိတွေ့ ပိုလို့ နားလည်လာခဲ့ရပါတယ်။ ဒါကြောင့် အနုပညာဆိုင်ရာ ဖန်တီးမှုတွေအားလုံးကို နှစ်ခြိုက်ခုံမင်ပါတယ်။ သူများဖန်တီးတာတွေ ခံစားတဲ့အခါ ကိုယ်တိုင်လည်း ဖန်တီးလိုစိတ်ကိုလည်း လှုံ့ဆော်မှုပေးပါတယ်။

ကျွန်မကတော့ ကဗျာလောကထဲက ကဗျာသမားတွေသာမက၊ တခြား စာဖတ်သူတွေကိုပါ ဒီကဗျာတွေကို မသိခဲ့၊ မဖတ်ခဲ့ဖူးဆိုရင် စမ်းသပ်ဖတ်ကြည့်ဖြစ်စေချင်ပါတယ်။ ယနေ့ခေတ် ကဗျာမြင်ကွင်းနဲ့ စိမ်းနေသူတွေဟာ ဆုရကဗျာစာအုပ်မို့ စူးစမ်းလိုစိတ်နဲ့ ဖတ်မိပြီး စာအုပ်ထဲက ကဗျာတွေအပေါ် နမူနာအနေနဲ့ အာရုံဆက်သွယ်မှုရသွားတယ်ဆိုရင်လည်း ကျွန်မရဲ့ကဗျာတွေထက် အများကြီးအားကောင်းခိုင်မာတဲ့၊ သစ်လွင်တဲ့၊ ဖတ်သင့်ဖတ်ထိုက်တဲ့ မြန်မာကဗျာတွေနဲ့၊ ကဗျာထဲကို စိတ်ရောကိုယ်ပါ ဘဝကို နှစ်မြုပ်ကာ ရေးသားနေတဲ့၊ ကျွန်မတို့ လေးစားရတဲ့ လူကြီးလူငယ် ကဗျာဆရာ ဆရာမတွေ ထင်ထင်ရှားရှားရှိနေသေးတယ်ဆိုတာကိုတော့ သတင်းစကားပါးချင်ပါတယ်" ဟု ပြောကြားသည်။

ဆရာမ ပန်ဒိုရာ (အမည်ရင်း - ပြည့်လှိုင်ဦး) ကို ၁၉၇၄ ခုနှစ်တွင် အဖ ဦးကြည်ဦး၊ အမိ ဒေါ်အမာမြင့်တို့က ပုသိမ်မြို့တွင် မွေးဖွားသည်။ ၁၉၉၃ ခုနှစ်မှစ၍ ရန်ကုန်တက္ကသိုလ်မဂ္ဂဇင်းများနှင့် ကျောင်းတွင်းထုတ် စာအုပ်စာစောင်များတွင် အခြားကလောင်အမည်များဖြင့် ကဗျာ၊ ဝတ္ထုများ စတင်ရေးသားခဲ့သည်။ယခုအခါ ရန်ကုန်မြို့တွင် ခင်ပွန်း၊ သမီးနှစ်ဦးနှင့်အတူ နေထိုင်ကာ စီမံခန့်ခွဲရေးဆိုင်ရာ အလုပ်များကို လုပ်ကိုင်ရင်း စာပေများ ဆက်လက်ရေးသားလျက် ရှိပါသည်။

**တွေ့ဆုံမေးမြန်း**
**မြင့်မောင်ကျော်**

# ရန်ကုန် - ပုသိမ် လမ်းမကြီး ဧရာဝတီတိုင်းဒေသကြီး လမ်းဦးစီးက အဆင့်မြှင့်တင်

**ရန်ကုန် ဒီဇင်ဘာ ၇**

ရန်ကုန် - ပုသိမ်လမ်းမကြီးသည် ရန်ကုန်မြို့မှ ပုသိမ်မြို့သို့ဆက်သွယ်ထားပြီး မိုင် ၁၁၃ မိုင် ၂ ဖာလုံရှည်သည်။ ရန်ကုန်မြို့မှ ပုသိမ်မြို့နှင့် ချောင်းသာ၊ ငွေဆောင်ဒေသများသို့ ယာဉ်သွားလာမှုများပြားလာသောကြောင့် ရန်ကုန်-ပုသိမ်လမ်းကို လမ်းတံတားအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်-ပုသိမ်လမ်း ရန်ကုန်တိုင်းဒေသကြီးအပိုင်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကြီးကြပ်ပြီး Oriental Highway Co., Ltd, က BOT စနစ်ဖြင့် မိုင်တိုင်အမှတ် (၅/၄) မှ (၇/၄) အထိ ၄၈ ပေအကျယ် မိုင်တိုင်အမှတ် (၇/၄) မှ (၁၇/၄) အထိ ၃၆ ပေ အကျယ် ကွန်ကရစ်လမ်းအဖြစ် တိုးချဲ့တည်ဆောက်ပြီး ဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီး နယ်စပ်မိုင် (၁၇/၄) မှ ဗိုလ်မြတ်ထွန်းတံတားမိုင်တိုင် (၄၁/၃)အထိ လမ်းအရှည် (၂၃/၇)မိုင်ကိုမူလ ၂၄ ပေ ကတ္တရာလမ်းမှ ပေ ၃၀ အကျယ် ကွန်ကရစ်လမ်းအဖြစ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က အနီးကပ်ကြီးကြပ်ပြီး လမ်းတိုးချဲ့၍ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

ဆောက်လုပ်ရေး ဝန်ကြီးဌာန လမ်းဦးစီးဌာန ပြည်ထောင်စုငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ၂၀၁၉ ခုနှစ် အောက်တိုဘာလမှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၂၀ ပြည့်နှစ် သြဂုတ်လတွင် လုပ်ငန်းများ ပြီးစီးခဲ့ကြောင်း သိရသည်။



ဧရာဝတီတိုင်းဒေသကြီး လမ်းဦးစီးဌာနသည် မိမိလက်အောက်ရှိ လမ်းအဖွဲ့များမှ ၇ မိုင်၊ အထူးအဖွဲ့(၁၄) မှ ၃ မိုင်၊ အထူးအဖွဲ့ (၂၁)မှ ၄ မိုင်၊ အထူးအဖွဲ့(၂၀)မှ ၇ မိုင်၊ မအူပင်ခရိုင်မှ ၇ မိုင်နှင့် ပုသိမ်ခရိုင်လမ်းအဖွဲ့ အပါအဝင် လမ်းလုပ်ငန်းအဖွဲ့များက တာဝန်ခွဲဝေကြီးကြပ်၍ ၂၀၁၉ ခုနှစ် အောက်တိုဘာလမှ စတင်ဆောင်ရွက်ခဲ့ကြရာ ၂၀၂၀ ပြည့်နှစ် သြဂုတ်လအတွင်း အပြီးဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ကွန်ကရစ်လမ်းသစ်နှင့် လမ်းပခုံးမြေကြီးတာပေါင်များ ကြံ့ခိုင်မှုရှိစေရန်အတွက် သံမဏိပြား ပိုင်တိုင်ရိုက်ခြင်းနှင့် လမ်းပိုင်းရှိ တံတားငယ်များကိုလည်း မူလ ၂၄ ပေ အကျယ်မှ လေးလမ်းသွား ကားလမ်းအကျယ် ရရန် ၅၂ ပေအထိ တံတားချဲ့ခြင်းလုပ်ငန်းများကို တံတားဦးစီးဌာန တံတားတည်ဆောက်ရေး အဖွဲ့ (၁) က ဆောင်ရွက်ကြောင်း သိရသည်။

ပုသိမ်မြို့အထိ ကျန်ရှိနေသည့် မိုင်တိုင် (၄၁/၃) မှ (၁၁၃/၂) အထိ ကတ္တရာလမ်းအပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို အာရှဖွံ့ဖြိုးရေးဘဏ် (ADB) မှ ချေးငွေရယူ၍ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

ရန်ကုန်-ပုသိမ်လမ်းသည် အရှေ့-အနောက်စီးပွားရေးစင်္ကြံလမ်းမကြီး၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ပုသိမ်မြို့မှတစ်ဆင့် ချောင်းသာ၊ ငွေဆောင်၊ ငရုတ်ကောင်းကမ်းခြေနှင့် မြတ်မော်တင်စွန်းဘုရားသို့ လွယ်ကူစွာ သွားရောက်နိုင်တော့မည် ဖြစ်သည်။

**ခရမ်းစိုးမြင့်**

# အရာတော်မြို့၌ အိန္ဒိယဒန့်သလွန်မျိုး စိုက်ပျိုးမှု ဖြစ်ထွန်းအောင်မြင်လျက်ရှိ

**အရာတော် ဒီဇင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်၌ အိန္ဒိယဒန့်သလွန် ခြောက်လသီး စိုက်ပျိုးရာ၌ မျိုးစေ့ လေးမျိုးမှာ PKM1၊ PKM2၊ PK115၊ ODC3 တို့ဖြစ်ပြီး အိန္ဒိယမှ တိုက်ရိုက်လာသော မျိုးများဖြစ်သောကြောင့် ယခုဈေးကွက်တွင် ဒန့်သလွန်သီး တစ်ပေခွဲအထက် တစ်တောင့်လျှင် ငွေကျပ် ၇၀ မှ ၁၅၀ ကျပ်အထိ ရရှိကြောင်း၊ စီးပွားဖြစ် စိုက်ပျိုးရန် သင့်တော်သည့်မျိုးများဖြစ်ကြောင်း သိရသည်။

" ဒန့်သလွန် စိုက်ပျိုးရာတွင် PKM1 တစ်စေ့ ငွေကျပ် ၆၀၊ PKM2 တစ်စေ့ ငွေကျပ် ၈၀ နှင့် ODC3 တစ်စေ့ ငွေကျပ် ၆၀ ဖြစ်ပါတယ်။ ဒန့်သလွန် ပျိုးပင် တစ်လခန့်တွင် မြေချစိုက်ပျိုးရပါတယ်။ စိုက်ပျိုးပြီး နှစ်လခွဲ သုံးလတွင် ဒန့်သလွန်အပွင့်များ စတင်ပွင့်ပါတယ်။ လေးလခွဲငါးလတွင် အသီးများသီးပါတယ်။ ခြောက်လရောက်တဲ့အချိန်မှာ ဒန့်သလွန်အပင် တစ်ပင်လျှင် အသီး ၁၀၀ နီးပါးသီးပါတယ်။ ဒန့်သလွန်ပင်ကို မြေချစိုက်ပျိုးတဲ့အချိန်ကစပြီး ရေဝအောင်တိုက်ရတယ်၊ ပိုးမကျအောင်ထားရတယ်၊ ပေါင်းရှင်းအောင် ထားရပါတယ်။ ခြောက်လပြည့်ရင် ယခုဈေးကွက်မှာ တစ်တောင့်လျှင် ငွေကျပ် ၇၀ မှ ၁၅၀ ကျပ် အထိ ရှိပါတယ်" ဟု မုံရွာခရိုင် အရာတော်မြို့မှ ကိုချစ်မုန်းက ပြောကြားသည်။

**မွေးကြူဇင်**

# ကိုဗစ်အလွန် ချစ်ခင်သူများနှင့် ပျော်ရွှင်စွာအတူရှိနေဖို့ ကျန်းမာရေးစည်းကမ်းချက်တွေ လိုက်နာကြပါစို့

**ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းအဖွဲ့များ၏ လက်ကိုင်စပီကာမှ လွင့်ပျံ့လာသည့် ကိုဗစ်-၁၉ ရောဂါ အသိပညာပေး တေးသီချင်းသံ၊ အသင့်သွင်းယူထားသည့် ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်သည့် လတ်တလော မြန်မာ့အခြေအနေ၊ ကမ္ဘာ့အခြေအနေ အသိပေးကြေညာသံများက ရန်ကုန်မြို့၏ အချက်အချာ ခရီးသွားနှင့် ကုန်စည်ကူးသန်း ပို့ဆောင်ရာ အောင်မင်္ဂလာကားကြီးဝင်းအတွင်း လွင့်ပျံ့လို့နေသည်။**

များပြားလှသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပစ္စည်းများကို သယ်သူကသယ်၊ လက်ကမ်းစာစောင် ဝေသူကဝေ၊ Mask တပ်ပါ၊ Face shield တပ်ပါ၊ လက်ဆေးပါ၊ ပြောသူကပြော၊ Maskနှင့် Face shield တပ်မထားသူများအား ကိုယ်တိုင်တပ်ဆင်ပေးသူက ပေးဖြင့် တက်တက်ကြွကြွ လုပ်ဆောင်နေသည့် လှုပ်ရှားသက်ဝင်နေသည့် မြင်ကွင်း။

**"ဒီလှုပ်ရှားမှုတွေက လူစည်ကားတဲ့နေရာတွေမှာ နေ့စဉ်ရက်ဆက်ကို ဆောင်ရွက်နေကြတာပါ။ ဒါတွေကို ပြည်သူတွေက ဂရုပြုမိပြီး စည်းကမ်းလိုက်နာမယ်ဆို ရောဂါကွင်းဆက်ကို ဖြတ်တောက်နိုင်ပြီး ဖြစ်ပွားမှုတွေ သေဆုံးမှုတွေ လျော့ကျလာမယ်လို့ မျှော်မှန်းပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်နေခြင်းဖြစ်ပါတယ်"**ဟု ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်က ပြောသည်။

ဆက်လက်၍ ၎င်းက **"ကျွန်တော်တို့ဘက်က ပြည်သူ့ကျန်းမာရေးလုပ်ငန်းတွေကိုအရှိန်အဟုန်မြှင့် ဆောင်ရွက်ခြင်းအားဖြင့် ဒီဆောင်းရာသီကာလမှာ မျှော်လင့်ထားတဲ့ ရောဂါကူးစက်မှုတိုးလာနိုင်တဲ့ အခြေအနေကနေ တားဆီးနိုင်လိမ့်မယ်လို့ ယုံကြည်တဲ့အတွက် ဆောင်ရွက်နေကြတာဖြစ်ပါတယ်"** ဟု ပြောသည်။



အောင်မင်္ဂလာအဝေးပြေးကားကွင်းအတွင်း Mask နှင့် Face shield တပ်ဆင်ရေး လူထုလှုပ်ရှားမှု ပြုလုပ်နေသည်ကို တွေ့ရစဉ်။

## အရှိန်အဟုန်မြှင့် လုပ်ဆောင်

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေးအသိပညာမြှင့်တင်ရေးနှင့် ပြုမူပြောင်းလဲရေး ဆက်သွယ်ပညာပေး လူထုလှုပ်ရှားမှုစီမံချက် (Mask and Faceshields Campaign) ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်ဖြင့် နိုဝင်ဘာလ ၁၅ ရက်မှ စတင်ကာ ရန်ကုန်မြို့အပါအဝင် တစ်နိုင်ငံလုံးရှိ ဈေးများ၊ ကုန်တိုက်များ၊ အဝေးပြေးကားဝင်းများနှင့် လူစည်ကားရာနေရာများတွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် ယခင်ကထက် အရှိန်အဟုန်မြှင့် လုပ်ဆောင်လျက်ရှိသည်။

**"ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ လမ်းညွှန်ချက်အရ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဦးဆောင်မှုနဲ့ ကျွန်တော်တို့ ဆောင်ရွက်နေကြတာပါ။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ရှိသူတွေ၊ ဈေးတွေဆိုရင်လည်း ဈေးတာဝန်ခံကအစ ဈေးသူ ဈေးသားတွေ၊ ကြက်ခြေနီတွေ၊ မီးသတ်တွေပါတယ်။ အဝေးပြေးကားဂိတ်တွေဆိုရင်လည်း ကားဂိတ်တာဝန်ခံတွေကအစ ယာဉ်မောင်းသမားတွေ အားလုံးပါလာပြီး ပူးပေါင်းဆောင်ရွက်ကြတာပါ"** ဟု ဒေါက်တာထွန်းမြင့်က ပြောသည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ပထမဆုံးလူနာ စတင်တွေ့ရှိခဲ့သည့် ယခုနှစ် မတ်လ ၂၃ ရက်နေ့မှ စတင်ကာ ယနေ့အထိ ရောဂါပိုးကူးစက်ခံရသူဦးရေ ၉ သောင်း ၉ ထောင်ကျော်ရှိလာခဲ့ပြီး သေဆုံးသူဦးရေမှာလည်း နှစ်ထောင်ကျော်လာခဲ့ပြီဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများတွင် စေတနာအလျောက် ပါဝင်ဆောင်ရွက်ပေးနေသည့် ပရဟိတအဖွဲ့အစည်းများ၊ ဆရာဝန်နှင့် လူနာအချိုး လုံလောက်မှုမရှိသည့် အခြေအနေတွင် ကုသစောင့်ရှောက်မှုပေးနေသည့် ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ သည်ပင် ရောဂါကူးစက်ခံရမှု၊ သေဆုံးမှုအခြေအနေများ ရှိလာခဲ့သည်မှာ စိတ်မကောင်းစရာပင် ဖြစ်သည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ကူးစက်ခံထားရသူ ဦးရေသည် တစ်နိုင်ငံလုံး၏ ၇၅ ရာခိုင်နှုန်းကျော် ရှိနေသည့်အတွက် တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအနေဖြင့်လည်း ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်ပြီး လိုက်နာရမည့် စည်းကမ်းများကို ပိုမိုအလေးထား ဂရုပြုရမည့် အခြေအနေပင် ဖြစ်သည်။

**" ရန်ကုန်တိုင်းဒေသကြီးမှာ ကိုဗစ်-၁၉ ကူးစက်ခံရတဲ့ ကျန်းမာရေးဝန်ထမ်း ၅၀၀ ကျော် ရှိပါတယ်။ အဲဒီအထဲမှာ အများစုက ဆေးရုံတွေမှာ လုပ်ကိုင်နေကြတဲ့သူတွေပါ။ ပြည်သူ့ကျန်းမာရေးဌာနမှာဆိုရင် ၈၀ လောက် ကူးစက်ခံထားရပါတယ် "** ဟု ဒေါက်တာထွန်းမြင့်က ပြောသည်။

## တိုးချဲ့ဆောင်ရွက်လာ

ကိုဗစ်-၁၉ ရောဂါ ပြည်သူလူထုကြား ကူးစက်ပြန့်ပွားမှု ကာကွယ်၊ ထိန်းချုပ်နိုင်ရန် ပြည်ပမှ ပြန်လာသူများ၊ ရောဂါပိုးရှိသူနှင့် ထိတွေ့သူများ၊ ရောဂါသံသယရှိသူများ၊ ရောဂါကူးစက်ခံထားရသူများအား ရန်ကုန်တိုင်းဒေသကြီး အတွင်း Facility Quarantine ၊ ဟိုတယ် Quarantine ၊ အနံ့ပျောက်သူတို့အတွက် အနံ့ပျောက်စင်တာ စသည့် Quarantine စင်တာ၊ ကုသရေးစင်တာ၊ ဆေးရုံစသည်တို့တွင် ထားရှိကုသစောင့်ရှောက်မှုများ ပေးနေသည့်ကြားထဲမှာပင် ရောဂါရှိသူနှင့် ထိတွေ့ခဲ့သူများ များလာသည့်အတွက် ရပ်ကွက်များတွင် Community Based Facility Quarantine များလည်း တိုးချဲ့ဆောင်ရွက်လာကြရသည်။

**"ကူးစက်မှုနှုန်း မြင့်တက်လာတာနဲ့အမျှ တရားရိပ်သာတွေ၊ ဘုန်းတော်ကြီးကျောင်းတွေ၊ တက္ကသိုလ်တွေ၊ သင်တန်းကျောင်းတွေကို ရှာဖွေပြီးတော့ အလှူရှင်တွေ စေတနာအလျောက်ပေးတဲ့ နေရာတွေအားလုံးဟာ Quarantine စင်တာတွေ ဖြစ်လာရတယ်။ အခုဆို ရပ်ကွက်တွေမှာ Community Based Facility Quarantine တွေ ပေါ်လာပြီ"** ဟု ဒေါက်တာထွန်းမြင့်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ကိုဗစ်-၁၉ ရောဂါ ကုသရေးအတွက် ဖွင့်လှစ်ထားသည့် ကုသရေးစင်တာ ၂၄ ခုရှိပြီး ခရိုင်ဆေးရုံ၊ မြို့နယ်ဆေးရုံများတွင်လည်း ကုသမှုများပေးနိုင်ရန် အဆင့်မြှင့်တင် ပြုလုပ်ထားကြောင်းနှင့် ဟိုတယ် Quarantine နှင့် Facility Quarantine ၆၀ ခန့်ရှိပြီး ရပ်ကွက်အလိုက် ဖွင့်လှစ်ထားသည့် Community Based Facility Quarantine ၂၀၀ ခန့်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနက သိရသည်။

Quarantine စင်တာတစ်ခု ရေရှည်ရပ်တည်နိုင်ရေးသည် လွယ်ကူလှသည်တော့ မဟုတ်ပေ။ Quarantine စင်တာသို့ ရောက်ရှိလာသူများ၏ နေထိုင်စားသောက်ရေးနှင့် သွားပွတ်တံ၊ သွားတိုက်ဆေး၊ ခြင်ထောင်၊ စောင်၊ ခေါင်းအုံးမှအစ အသုံးအဆောင်ပစ္စည်းများ လုံလောက်စွာ ဖြည့်တင်းထားရှိပေးရေး၊ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ် ရယူခြင်းတို့အပြင် ကုသရေးစင်တာများတွင်လည်း ရောဂါကူးစက်ခံထားရသူ၏ အသုံးအဆောင်များ မီးရှို့ဖျက်ဆီးရေး၊ အောက်ဆီဂျင်နှင့် ဖြည့်စွက်ဆေးဝါး၊ ကျန်းမာရေး အသုံးအဆောင်ပစ္စည်းများ၊ ကိရိယာများ ဖြည့်တင်းရေး စသည့်ကိစ္စရပ်များသည်လည်း ပါဝင်နေသည်။

## ပူးပေါင်းကူညီဆောင်ရွက်

အဆိုပါလိုအပ်ချက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ပရဟိတအဖွဲ့အစည်းများ၏ ပူးပေါင်းကူညီဆောင်ရွက်မှုတို့ဖြင့် ရပ်တည်နေခြင်းဖြစ်သည်။

**"Community Based Facility Quarantine တွေ အနေနဲ့လည်း လတ်တလောအခြေအနေမှာ ခက်ခက်ခဲခဲ ရုန်းကန်နေရပါတယ်။ တစ်ခုက စေတနာရှင် လုပ်အားပေးတွေ အားနည်းလာတာ ရှိပါတယ်။ ဒါကို ကျွန်တော်တို့ ထပ်မံဖြည့်ဆည်းဖို့ လိုအပ်ပါတယ်၊ နောက်တစ်ခုက Community Based Facility Quarantine တွေမှာ အလှူရှင်တွေ လိုအပ်နေပါတယ်။ စားသောက်ရေးတွေ ခက်ခဲလာတဲ့ အခြေအနေမှာ ဝိုင်းပြီးကူညီမယ်ဆိုရင် ကျွန်တော်တို့က ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါတယ်"** ဟု ဒေါက်တာထွန်းမြင့်က ပြောသည်။

## နည်းစနစ်တကျ လိုက်နာ

ယခုလက်ရှိ မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါသည် ဆေးသုတေသနဦးစီးဌာန၏ ရှာဖွေဖော်ထုတ်ချက်အရ ကူးစက်မှုနှုန်း လွန်စွာမြန်ဆန်သည့် G 614 အမျိုးအစား ဗိုင်းရပ်စ်ဖြစ်သည့်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်များကို နည်းစနစ်တကျ လိုက်နာနိုင်မှသာလျှင် ရောဂါကူးစက်မှုဘေးမှ ကင်းဝေးနိုင်မည်ဖြစ်ပြီး သတိတစ်ချက် လွတ်ရုံဖြင့် ရောဂါကူးစက်ခံရနိုင်မည်ဖြစ်သည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် -

Mask တပ်ပါ။

လက်ကို ဆပ်ပြာဖြင့် မကြာခဏဆေးပါ။

လူစုလူဝေးရှောင်ကြဉ်ပါ။

မလိုအပ်လျှင် အပြင်မထွက်ပါနှင့်။

တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာနေပါ စသည့် စည်းကမ်းချက်များကို လိုက်နာပြီး မြို့နယ်အလိုက် Stay At Home အစီအစဉ်တွင် ပါဝင်သည့် မြို့နယ်များရှိ ပြည်သူများအနေဖြင့်လည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု လျှော့ချနိုင်ရေးအတွက် သတ်မှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာခြင်းဖြင့် မိမိကိုယ်တိုင် ရောဂါကူးစက်မှုမှ ရှောင်ရှားနိုင်မည်ဖြစ်ပြီး တစ်ပါးသူသို့လည်း ကူးစက်စေခြင်းမှ ကင်းဝေးနိုင်မည်ဖြစ်သည်။

**"ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်တွေကို လိုက်နာတဲ့သူတွေအားလုံးကို ကျေးဇူးတင်ပါတယ်။ ကိုဗစ်-၁၉ ရောဂါကို ထိန်းချုပ်လာနိုင်ဖို့ဆိုတာ ပြည်သူတွေ တစ်ဦးချင်း တစ်ယောက်ချင်း ပူးပေါင်းပါဝင်မှသာလျှင် အောင်မြင်မှာဖြစ်လို့ အမြန်ဆုံးထိန်းချုပ်နိုင်ဖို့ အားလုံးပါဝင်ကြပါလို့ ပြောချင်ပါတယ်"** ဟု ဒေါက်တာထွန်းမြင့်က ပြောသည်။

ကမ္ဘာ့နိုင်ငံတချို့တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထုတ်လုပ်နိုင်သည့် သတင်းများက နိုင်ငံအသီးသီးရှိ ပြည်သူများသာမက မြန်မာနိုင်ငံရှိ ပြည်သူများအတွက်ပါ မျှော်လင့်ချက် ရောင်ခြည်တစ်ခုပင်ဖြစ်သည်။ ကိုဗစ်-၁၉ ကာကွယ်ဆေး မြန်မာနိုင်ငံသို့ မရောက်မီအချိန်အတွင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များ၊ လမ်းညွှန်ချက်များကို အတိအကျလိုက်နာခြင်းဖြင့် မိမိတို့၏ မိသားစုများ၊ ချစ်ခင်သူများနှင့်အတူ ရှည်လျားလှသည့် အနာဂတ်ဘဝခရီးကို ကိုဗစ်အလွန်တွင် ပျော်ရွှင်စွာ ဖြတ်သန်းနိုင်ကြမည် ဖြစ်သည်။

**သတင်းဆောင်းပါး- သီသီမင်း၊**
**မင်းသစ်/ ဓာတ်ပုံ-စန်းဝင်း**



ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသည့် စေတနာ့ဝန်ထမ်းများအား တွေ့ရစဉ်။



သန်လျင်မြို့မဈေးကြီးအတွင်း Mask နှင့် Face shield တပ်ဆင်ရေး လူထုလှုပ်ရှားမှု ပြုလုပ်နေသည်ကို တွေ့ရစဉ်။

## ကန့်ကွက်နိုင်ပါကြောင်း

မြဝတီမြို့နေ ဦးစိန်သောင်း ၃/မဝတ(နိုင်)၀၀၀၄၉၂ မှ စိန်(DIAMOND) သောက်ရေသန့် ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပြီး ဖြစ်ပါသည်။




သို့ဖြစ်ပါ၍ သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဦးစိန်သောင်းထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်း မပြုပါက အသုံးပြုလိုသော စိန်(DIAMOND) အမှတ်တံဆိပ်ဖြင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနသို့ အမည်ထောက်ခံချက် ဆက်လက်လျှောက်ထားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးစိန်သောင်း**
**ဖုန်း– ၀၉– ၇၉၉၀၃၇၅၅၄**

## ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ဃ၊ မြေကွက်အမှတ် (၁၂၅ ဦ)၊ မြေကွက်တည်နေရာ အမှတ် ၁၂၅ ဦ ၊ ဝေပုလ္လ ၃လမ်း၊ (ဃ)ရပ်ကွက်၊ မောင်ပြုံး(ခ) ချစ်တင် N/OKA – ၀၃၂၇၀၅ အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက်သူထံမှ S.P No ၅၅၉၈/၂၀(၈–၅–၂၀)ဖြင့် ရရှိသူ ဦးထက်အာကာကျော် ၁၀/မလမ(နိုင်) ၂၃၃၂၈၆မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် မြေရာဇဝင် မှတ်ချက် (၁)ပါ (၂၀၁၆)ခုနှစ်တွင် အရောင်းမြေပုံကူးယူခဲ့သော်လည်း မြေပုံမူရင်းမှာ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့ကြောင်း ဒဂုံမြို့နယ် တရားရုံး ကျမ်းကျိန်လွှာအမှတ် ၈/ ၈၈၄/၂၀၂၀ နှင့် S.P ရသူ ဦးထက်အာကာကျော်မှ အရောင်း မြေပုံကူးပျောက်ဆုံးသွားခြင်းနှင့်ပတ်သက်၍ ပြဿနာမရှိတာဝန်ယူပါကြောင်း ဝန်ခံကတိပြုတင်ပြလာပါသဖြင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက် ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

